# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## အနှစ်ရှိသောတရားကို ရနိုင်

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၆)၊ အမှတ် (၃၁၄)





# ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition)၏ **ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ဆွေးနွေးပွဲကို** ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စာတမ်းရှင် **ပါမောက္ခဒေါက်တာ Andreas Oberheitmann** က မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် စိန်ခေါ်မှုနှင့်အခွင့်အလမ်းများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကဲဖြတ်အမှတ်ပေးရန်အညွှန်းကိန်း၊ အရှေ့ဂျာမနီ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ဂျာမနီနိုင်ငံ ပြန်လည်ပေါင်းစည်းရေးမှ ရရှိသည့် သင်ခန်းစာများတွင် ပါဝင်သည့် အကြီးစားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှု၏အခန်းကဏ္ဍ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အုပ်ချုပ်မှုနှင့်


*စာမျက်နှာ ၃ ကော်လံ ၁* ❍


## တစ်လအတွင်း ပြည်တွင်းပြည်ပ အလုပ်အကိုင်ခန့်ထားပေးနိုင်မှု သုံးသောင်းနှစ်ထောင်ကျော်ရှိ


စာ » ၁၀


## ခန္တီး၌ ချင်းတွင်းမြစ်ရေ တတိယအကြိမ်ဝင်ရောက်ရာ ပြောင်းရွှေ့သူများအတွက် ကယ်ဆယ်ရေးစခန်း သုံးခုဖွင့်


စာ » ၁၁


## ကမ္ဘောဒီးယားပိုင်နက်ရှိ လာအိုတပ်ဖွဲ့ဝင်များ ပြန်လည်ဆုတ်ခွာရန် လာအိုဝန်ကြီးချုပ်ညွှန်ကြား


စာ » ၁၄


## ချင်းတွင်းမြစ်ရေ ခန္တီးမြို့၌ စိုးရိမ်ရေမှတ်ထက်ကျော်လွန်

**နေပြည်တော် ဩဂုတ် ၁၂**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ခန္တီးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# နှစ်ဖက်ခေါင်းဆောင်များ အတည်ပြုပြီးပါက ငြိမ်းချမ်းရေးဖြစ်စဉ်တွင် UNFC အမြန်ဆုံးပါဝင်လာနိုင်မည်

**သတင်း - ရဲခေါင်ညွှန့်၊ ဓာတ်ပုံ - ဖိုးထောင်**

**ရန်ကုန် ဩဂုတ် ၁၂**

ငြိမ်းချမ်းရေးကော်မရှင်နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) တို့၏ (၆)ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)တွင် ဩဂုတ် ၁၀ ရက်မှစတင်၍ နှစ်ရက်တာ ကျင်းပခဲ့သည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) တွင် မွန်ပြည်သစ်ပါတီ (NMSP)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)၊ ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP) ရခိုင်အမျိုးသားကောင်စီ(ANC)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့ပါဝင်သည်။ UNFC သည်အစိုးရထံသို့ အဆိုပြုတောင်းဆိုထားသည် အချက် ၈ ချက်ရှိပြီး ညှိနှိုင်းမှုရရှိပါကအချက် ၉ အနေဖြင့် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးသဘောတူစာချုပ် (NCA ) တွင် လက်မှတ်ရေးထိုးမည်ဖြစ်ကာ ပြည်သူများ မျှော်လင့်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြန်ဆုံးပါဝင်လာနိုင်မည် ဖြစ်သည်။

ယနေ့ဆွေးနွေးပွဲအပြီးတွင် နှစ်ဖက်ကိုယ်စားလှယ်များက ပြည်တွင်းပြည်ပ သတင်းမီဒီယာများ သိရှိလိုသည့်အချက်များကိုဖြေကြားခဲ့သည်။

ငြိမ်းချမ်းရေးကော်မရှင်မှ ဦးဇော်ဌေးနှင့် ဦးအောင်စိုး၊ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) မှ နိုင်အောင်မငေးနှင့် ဦးထွန်းဇော်တို့က သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့သည်။

ယနေ့ကျင်းပသည့် (၆)ကြိမ်မြောက်အစည်းအဝေးတွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) ကတောင်းဆိုထားသည့် အဆိုပြုချက် ၉ ချက်ကို ဆွေးနွေးခဲ့ပြီး ရလဒ်ကောင်းများရရှိကြောင်း၊ ဆွေးနွေးခဲ့သည့် ရလဒ်များကို နှစ်ဖက်ခေါင်းဆောင်များထံ ပြန်လည်တင်ပြ၍ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် UNFC အနေဖြင့် အမြန်ဆုံးပါလာနိုင်ဖို့ နှစ်ဖက်ပူးတွဲပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ (၇)ကြိမ်မြောက် တရားဝင်အစည်းအဝေးကို စက်တင်ဘာလပထမပတ်သို့မဟုတ် ဒုတိယပတ်တွင် ကျင်းပနိုင်ရန် ရည်ရွယ်ထားကြောင်း နှစ်ဖက်ကိုယ်စားလှယ်များက ရှင်းလင်းပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖





မြန်မာ့အလင်း

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ဖြစ်စေသည့်အရာ

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးခြင်းနှင့် ပတ်သက်ပြီး မလျော်မကန်လုပ်ကိုင်မှုကြောင့် အရာထမ်းငါးဦးနှင့် အမှုထမ်း ၈၁ ဦး စုစုပေါင်း ၈၆ ဦးအား အပြစ်ပေးအရေးယူခဲ့ရကြောင်း ဩဂုတ် ၉ ရက်က ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

လယ်ယာမြေအသုံးပြုခွင့်ရရှိထားသူများကို ဥပဒေနှင့်အညီ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိစေရန် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်တို့က ဆောင်ရွက်ရာ၌ အောက်ခြေတွင် စီမံခန့်ခွဲမှုအလွဲအချော်များ ရှိခဲ့ကြောင်း၊ (ပုံစံ-၇) ထုတ်ပေးရာတွင်လည်း ဥပဒေနှင့် ညီညွတ်မှုမရှိဘဲ လုပ်ဆောင်နေသော ဝန်ထမ်းများအား တိုင်ကြားလာမှုနှင့် စိစစ်တွေ့ရှိမှုများ များစွာတွေ့ရှိခဲ့ရကြောင်းလည်း ဒုတိယဝန်ကြီးက ထည့်သွင်းပြောကြားခဲ့ပြီး မလျော်မကန်လုပ်ကိုင်ခဲ့သူ ဝန်ထမ်းများအား ၎င်းတို့၏ ဆောင်ရွက်မှုအပေါ် မူတည်ပြီး သတိပေး၊ နှစ်တိုးရပ်၊ လစာလျှော့၊ ရာထူးတိုးရပ်၊ ရာထူးလျှော့ချ၊ ဌာနမှထုတ်ပယ်ခြင်းနှင့် ထုတ်ပစ်ခြင်းပြစ်ဒဏ်များပေးခဲ့သည်ဟုလည်း ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

မကြာသေးမီကလည်း မြေယာကိစ္စနှင့် ပတ်သက်ပြီး ကျပ်သိန်းပေါင်းထောင်ချီပြီး အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးခဲ့သော အမှုကိုစစ်ဆေးခဲ့ရာတွင် အဂတိလိုက်စားမှု ကျူးလွန်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတစ်ဦး (ယခင်အစိုးရလက်ထက် ဒုတိယအမြဲတမ်းအတွင်းဝန်) အပါအဝင် အရာရှိခြောက်ဦး တရားစွဲဆိုခံခဲ့ရပြီး ထွက်ပြေးသူပြေးလည်းဖြစ်ခဲ့ရာ မီဒီယာများတွင် ပြည်သူများ အထူးစိတ်ဝင်စားသော သတင်းတစ်ပုဒ်ဖြစ်ခဲ့သည်။

သည့်အပြင်လည်း လာဘ်ပေးလာဘ်ယူပြုလုပ်ခဲ့သူ ရဲအရာရှိ၊ သစ်တောအရာရှိ၊ ဥပဒေအရာရှိတို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ စုံစမ်းစစ်ဆေး တရားစွဲဆိုအရေးယူခံကြရသည်ကို သတင်းများ၌ ဖတ်ရှုရသည်။ စားတုန်းက ဥပဒေမကြောက်၊ ဘာမကြောက်၊ အထိတ်အလန့်မရှိစားခဲ့သော်လည်း အရေးယူခံရသည့်အခါ ထွက်ပြေးကြသည်မှာလည်း သတိသံဝေဂ ယူဖွယ်ပင်ဖြစ်သည်။ အဂတိလိုက်စားမှုဆိုသည်မှာ ရာထူးနေရာတစ်ခုမှ လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံအကျိုး၊ ပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းဖြစ်သည်။

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တွင် တာဝန်ရှိသူတို့ မမှန်မကန်၊ မလျော်မကန်ပြုမှုက မြေယာအမှုအခင်းတို့ကို ပိုမိုများပြားလာစေမည်ဖြစ်ပြီး ယင်းနှင့်ဆက်စပ်လျက် နိုင်ငံတော်၏ အဓိကစီးပွားရေးမဏ္ဍိုင်ဖြစ်သည့် လယ်ယာကဏ္ဍကို ထိခိုက်နိုင်စေသည်။ မြေယာအငြင်းပွားမှုမှသည် ရာဇဝတ်မှုအထိလည်း ဖြစ်သွားစေနိုင်သည်။ သစ်တောအရာရှိတို့ အဂတိလိုက်စားခြင်းကလည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေကာ နိုင်ငံပိုင်သစ်တောသယံဇာတတို့ ပြုန်းတီးစေနိုင်သည်။ ရဲအရာရှိတို့ အဂတိလိုက်စားခြင်းကြောင့် တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ ပြည်သူတို့၏ နေ့စဉ်လူနေမှုဘဝနှင့် လုံခြုံရေးကိုလည်းကောင်း ထိပါးစေသည်။ ဥပဒေအရာရှိ အဂတိလိုက်စားခြင်းကလည်း တရားရေးမဏ္ဍိုင် တိမ်းစောင်းစေကာ ရပ်ရွာအတွင်း ဥပဒေကို မထီလေးစားပြုသူတို့က တစ်ဗိုလ်တစ်မင်း ပမာမခန့်ပြုလာပေမည်။

အနှစ်ချုပ်၍ဆိုရလျှင် နိုင်ငံ့ဝန်ထမ်းတို့ မလျော်မကန်ပြုမှု၊ အဂတိလိုက်စားမှုတို့က နိုင်ငံ့အစိုးရကို ပြည်သူတို့ယုံကြည်မှု လျော့ပါးစေသည်။ သည့်ထက်ဆိုးလာလျှင် အယုံအကြည်ကင်းမဲ့သည့် အခြေသို့ ဆိုက်ရောက်လိမ့်မည်ဖြစ်သည်။ အဂတိ လိုက်စားမှုများက လူမှုအသိုင်းအဝိုင်းများအတွင်း ဟန်ချက်မညီမှုနှင့် မကောင်းသည့် အတွေးအခေါ်များလည်း ပေါ်ပေါက်လာစေကာ နောက်ဆုံးအဆင့်တွင် နိုင်ငံတိုးတက်ထွန်းကားရေး၊ ဖွံ့ဖြိုးရေးတို့ကို အနှောင့်အယှက်အဟန့်အတား ဖြစ်စေသည့်အလျောက် ရှင်းလင်းသုတ်သင်သွားရမည်သာ ဖြစ်ပါကြောင်း။ ။



# ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၂

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr.Chung Sye-kyun ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သံတမန်ခန်းမကြီး၌ တွေ့ဆုံရာတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် ကူညီပံ့ပိုးပေးထားမှုအခြေအနေများအပေါ် ခင်မင်ရင်းနှီးစွာဆွေးနွေးကြသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးချုပ်က မင်္ဂလာဧည့်ခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဆက်လက်၍ ဧည့်သည်တော်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ သွားရောက်ကြည့်ရှုလေ့လာရာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော်အဖွဲ့သည် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများကို ဆက်ကပ်လှူဒါန်းကာ စေတီတော်မြတ်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး သာသနိကဆိုင်ရာ အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လှိုင်မြို့နယ် အမှတ် (၁၁) ရပ်ကွက် ပြည်လမ်း အမှတ် (၈၂) ရှိ Lotte Hotels & Resorts တည်ဆောက်ပြီးစီးမှုနှင့် ဖွင့်လှစ်ရန်ပြင်ဆင်ထားမှုအခြေအနေများကို သွားရောက်ကြည့်ရှုလေ့လာသည်။

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မလှိုင်မြို့၌ မူခင်းအသိပညာပေးဆောင်ရွက်

မလှိုင် ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ဆည်တိုတိုက်နယ် ဆပ်ခင်းကြီးကျေးရွာအုပ်စု သာထွန်းအေးအထက(ခွဲ)နှင့် ဆည်တို အထက စာသင်ကျောင်းတို့၌



မူခင်းကျဆင်းရေးဟောပြောပွဲ ယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၀ ရက်က Mobile Awearness Car ဖြင့် မူခင်းအသိ ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် မလှိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဝေက မူခင်းကျဆင်းရေး၊ ဆည်တိုရဲကင်းစခန်းမှူးရဲအုပ်သန့်ဇော်က မူးယစ်ဆေးဝါးအန္တရာယ်၊ မိတ္ထီလာခရိုင် အမှတ် (၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယ ရဲမှူးမြင့်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်း၊ မိတ္ထီလာခရိုင်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ် (၁)မှ ရဲအုပ်စိုင်းထွန်းထွန်းလှက လူကုန်ကူးမှုနှင့် ပတ်သက်၍ ပညာပေးဟောပြောဆောင်ရွက်ခဲ့ကြရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မျိုးမျိုးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆပ်ခင်းကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းမိုးနှင့် ကျေးရွာသူကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ဆည်တိုတိုက်နယ် ဆပ်ခင်းကြီးအုပ်စု သာထွန်းအေးကျေးရွာနှင့် ဆည်တိုတိုက်နယ် ဆည်တိုကျေးရွာ အထကကျောင်း၌ ဟောပြောခဲ့ပြီး မူခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၂-၈-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၅/၆၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၁၀/၇၁၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၇ ·၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၉ ·၇၁ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၃၃ |
| တရုတ် | တစ်ယွမ် | ၂၀၂ ·၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ ·၈၅ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❍ *ရှေ့ဖုံးမှ*

စည်းမျဉ်းစည်းကမ်းဆိုင်ရာအဖွဲ့အစည်းများ၏ ပြုပြင်ပြောင်းလဲမှု၊ အစိုးရနှင့် အစိုးရပိုင်လုပ်ငန်းများပြန်လည် တည်ဆောက်ရေး၊ ငွေကြေးထိန်းချုပ်ရေးစနစ်၊ ဗဟိုဘဏ်လွတ်လပ်မှုရှိရေး၊ ယှဉ်ပြိုင်နိုင်ခွင့် ရှိသောမူဝါဒချမှတ်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် တန်းတူညီမျှအားလုံး ပါဝင်နိုင်သောစိန်ခေါ်မှုများ၊ လူတန်းစားကွာဟမှုမရှိရေး၊ အရှေ့ဂျာမနီပြန်လည်တည်ဆောက်ခြင်း၊ အခြေခံအဆောက်အအုံများ၏ အခန်းကဏ္ဍ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာနှင့် ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍ၊ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများစသည်တို့နှင့်စပ်လျဉ်း၍ စသည်ဖြင့် ဆွေးနွေးသည်။

ယင်းနောက် မျက်နှာစုံညီဆွေးနွေးမှုအစီအစဉ်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုစီးပွားရေးကော်မတီအဖွဲ့ဝင် ဦးလေးညွန့်၊ မြန်မာနိုင်ငံမျက်မှောက်ခေတ်ပြုပြင်ပြောင်းလဲရေးအဖွဲ့အစည်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ အလှည့်ကျအလုပ်အမှုဆောင်ဟောင်း ဒေါက်တာ သိန်းဆွေတို့က မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ **ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့** ခေါင်းစဉ်ဖြင့်ဆွေးနွေးကြသည်။

**အဆင့်များ ပိုမိုများပြား**

ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာနိုင်ငံသည် ဗဟိုချုပ်ကိုင်မှုစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ တိုက်ရိုက်အသွင်ကူးပြောင်းခဲ့ခြင်း မဟုတ်သည်ကိုတွေ့ရပါကြောင်း၊ မြန်မာနိုင်ငံ၏ သမိုင်းကိုကြည့်မည်ဆိုလျှင် လွတ်လပ်ပြီးခါစတော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ တပ်မတော်အစိုးရခေတ်၊ ဒီမိုကရေစီကိုကူးပြောင်းမှုကာလခေတ်၊ အရပ်သားအစိုးရဒီမိုကရေစီခေတ်စသည်တို့ကို ဖြတ်သန်းခဲ့ရခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ဈေးကွက်စီးပွားရေးစနစ်ကူးပြောင်းမှုသည် အဆင့်များပိုမိုများပြားသည်ကို တွေ့ရပါကြောင်း။

**တန်းတူညီတူ ရောက်နေပြီ**

ဘာသာရပ်ခေါင်းစဉ်ကို ကြည့်လိုက်သည်နှင့် လူများအနေဖြင့် ဘာကိုသွားမြင်ကြသလဲဆိုပါက တစ်ချိန်က ကျင့်သုံးခဲ့သည့် ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ကို မြင်ကြပါကြောင်း၊ ဗဟိုစီမံကိန်းစနစ်များကို ကျင့်သုံးခဲ့ပြီး အသေးစိတ်စီမံခန့်ခွဲခဲ့ပါကြောင်း၊ နှစ်ရှည်စီမံကိန်းများလည်း ချမှတ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဗဟိုကွပ်ကဲမှုစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်များသည် ကောင်းသည့်အချက်များရှိသကဲ့သို့ မကောင်းသည့်အချက်များလည်းရှိသည်ကို တွေ့ရပါကြောင်း၊ လွတ်လပ်ရေးရပြီးကတည်းက ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ပါက ယခုအချိန်တွင် အခြားသော အာဆီယံနိုင်ငံများနှင့်တန်းတူညီတူ ရောက်နေပြီဟု ပြောကြရမည်ဖြစ်ပါကြောင်း။

တချို့က ဈေးကွက်စီးပွားရေးစနစ်ကိုသာ ကျင့်သုံးခဲ့မည်ဆိုပါက နေပြည်တော် ကွန်ဗင်းရှင်းစင်တာနှင့် လွှတ်တော်ကဲ့သို့ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားတွေရှိပဲ့မလားဟု ပြောဆိုခဲ့မှုများရှိကြပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်သည် အားသာချက်များရှိသကဲ့သို့ ထိန်းချုပ်မှုအားနည်းချက်များရှိနေသည်ကိုလည်း တွေ့ရပါကြောင်း ဆွေးနွေးသည်။

**ကျဆင်းလျက်ရှိ**

မြန်မာနိုင်ငံ မျက်မှောက်ခေတ် ပြုပြင်ပြောင်းလဲရေးအဖွဲ့အစည်းဥက္ကဋ္ဌ ဦးမျိုးမြင့်က နိုင်ငံတော်၏ စိန်ခေါ်မှုများကို

## စီးပွားရေးလောကတွင် မျှော်ဆဈေးကစားမှုရှိခဲ့ပါကြောင်း၊ ယင်းမှာ နိုင်ငံအတွက် ရေရှည်ကောင်းမွန်မှန်ကန်သည့် လုပ်ရပ်မဟုတ်ပါကြောင်း၊ ပုံသေအတွေးအခေါ်ရှိသည့် Mindset မှာလည်း စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါကြောင်း၊ နောက်ဆုံးစိန်ခေါ်မှုတစ်ရပ်မှာ နိုင်ငံ၏စီးပွားရေးမှာ Recover မဖြစ်သေးပါကြောင်း၊ သို့ဖြစ်၍ ကောင်းမွန်စွာ ရင်းနှီးမြှုပ်နှံသည့် ဝန်းကျင်ကောင်းတစ်ရပ်တည်ဆောက်ရန်လို

ကြည့်မည်ဆိုပါက လွတ်လပ်ရေးရချိန်မှ ယနေ့အထိ ကြုံတွေ့နေရသည့် ပြည်တွင်းစစ်ပွဲများ၊ မူးယစ်ဆေးဝါးပြဿနာများသည် အကြီးမားဆုံးစိန်ခေါ်မှုများဖြစ်ပါကြောင်း၊ စီးပွားရေးမျက်နှာစာတွင် ကြည့်မည်ဆိုပါက ပို့ကုန်တန်ဖိုးများ ကျဆင်းနေပါကြောင်း၊ ကုန်သွယ်မှုလိုငွေများပြနေပြီး ပို့ကုန်မှရရှိနေသည့်ဝင်ငွေများသည် ပြည်တွင်းသို့ ပြန်လည်စီးဝင်လာခြင်းမရှိသည်ကို တွေ့ရပါကြောင်း၊ ငွေကြေးလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်နေပြီး ထုတ်လုပ်မှုစွမ်းရည်များ ကျဆင်းနေကာ အထူးသဖြင့် လယ်ယာကဏ္ဍတွင် လယ်မြေနှင့် အလုပ်သမားစွမ်းအားများ ကျဆင်းလျက်ရှိပါကြောင်း။

**ထိထိရောက်ရောက်ထိန်းချုပ်**

ယနေ့အချိန်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးသည် ထုံထိုင်းနေပါကြောင်း၊ ထုံထိုင်းနေသည်ဆိုပါက ယနေ့စီးပွားရေးကျဆင်းနေရသည့် အချက်များနှင့် ဆက်နွှယ်နေသည့် ပကတိအခြေအနေမှန်ကို သိရှိရန်လိုအပ်ပါကြောင်း၊ ပထမဆုံးစိန်ခေါ်မှုမှာ အကန့်အသတ်ဖြစ်နေသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပင်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွှတ်တော်၌ ၂၅ ရာခိုင်နှုန်းသည် တပ်မတော်သားများက ရယူထားပါကြောင်း၊ ထို့မျှမက ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနများ၏ အုပ်ချုပ်မှုသည် တပ်မတော်၏ အောက်တွင်ရှိသည့်အတွက် ရဲတပ်ဖွဲ့ဝင်များနှင့် အထွေထွေဦးစီးဌာနများသည် အုပ်ချုပ်ရေးတွင် အလွန်အားကိုးရမည့် အဖွဲ့အစည်းများဖြစ်သော်လည်း ထိုအဖွဲ့အစည်းများကို အရပ်သားအစိုးရက ထိထိရောက်ရောက်ထိန်းချုပ်နိုင်မှုမရှိပါကြောင်း။

**ကြီးမားသော စိန်ခေါ်မှု**

ထိုအရာသည် အရေးကြီးသည့် စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါကြောင်း၊ ဆက်နွှယ်နေသည့် စိန်ခေါ်မှုမှာ စွမ်းရည်နိမ့်ကျနေသည့် ဗျူရိုကရက်ယန္တရားနှင့် အလွန်နက်ရှိုင်းကျယ်ပြန့်နေသည့် အကျင့်ပျက်ခြစားမှုပင်ဖြစ်ပါကြောင်း၊ **NLD ပါတီသည် အာဏာမရမီ ရွေးကောက်ပွဲမဝင်ခင်ကတည်းက** ထိုအချက်များကိုသိရှိပါကြောင်း၊ အာဏာရလျှင် ပြည်သူမျှော်လင့်နေသည့် ပြောင်းလဲမှု၊ ပြည်သူ့အခက်အခဲများကို ဖြေရှင်းရမည်မှာ အာဏာရသည့် အစိုးရတာဝန်ပင်ဖြစ်ပါကြောင်း၊ လိုအပ်သလို လိုအပ်သလောက် မဆောင်ရွက်နိုင်ဘဲ နှောင့်နှေးနေသည်ကို တွေ့ရပါကြောင်း၊ အရေးကြီးဆုံးစိန်ခေါ်မှုမှာ တစ်ယောက်နှင့်တစ်ယောက် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းသည် ကြီးမားသော စိန်ခေါ်မှုပင်ဖြစ်ပါကြောင်း။

အစိုးရဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုအားနည်းပါကြောင်း၊ ဗဟိုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအကြား၊ ပါတီနှင့်အစိုးရအကြား၊ လွှတ်တော်နှင့်အစိုးရများအကြား ညှိနှိုင်းပေါင်းစပ်မှုမရှိသည့်အတွက်အားလုံးကို ခြုံငုံနိုင်သည့်အစီအမံများချမှတ်ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း၊ ပွင့်လင်းမြင်သာပြီး တိကျသည့်ရည်မှန်းချက်၊ အစီအစဉ်များကို ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုပါက တွေ့ကြုံနေရသည့်စိန်ခေါ်မှုများကို အထိုက်အလျောက်ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း။

အရင်ဆုံး နိုင်ငံ၏ စီးပွားရေးကို တည်ငြိမ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စီးပွားရေးတွင် ဈေးကွက်တည်ငြိမ်အောင်၊ လုပ်သားအင်အားဈေးကွက်နှင့် ငွေလဲနှုန်း တည်ငြိမ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အားလုံးပါဝင်မှုနှင့် တရားမျှတမှုရှိသော ဖွံ့ဖြိုးတိုးတက်မှုသည် စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါကြောင်း စသည်ဖြင့်ဆွေးနွေးသည်။

**မျှော်မှန်းချက်ရှိရန်လို**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုစီးပွားရေးကော်မတီအဖွဲ့ဝင် ဦးလေးညွန့် က ၁၉၆၀ ခုနှစ်က မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် နိုင်ငံရေး၊ စီးပွားရေးမှာ ထိပ်ဆုံးက ဖြစ်ခဲ့ပါကြောင်း၊ ၁၉၇၀ ခုနှစ်တွင် ထိုင်း၊ စင်ကာပူ၊ မလေးရှားနိုင်ငံတို့မှာ အဆင့်အတန်းမကွာဟပါကြောင်း၊ ထိုကာလများတွင် မိမိတို့နိုင်ငံ၌ ဗဟိုချုပ်ကိုင်မှုစီးပွားရေးစနစ်ဖြင့် တိုင်းပြည်ကို တည်ဆောက်ခဲ့ပါကြောင်း၊ ၁၉၈၀ ခုနှစ်များတွင် အရှေ့တောင်အာရှ နိုင်ငံတော်တော်များများတွင် အာဏာခွဲဝေမှုစနစ်ကို ကျင့်သုံးနေပြီဖြစ်ပါကြောင်း၊ အထူးသဖြင့် တင်ပြလိုသည်မှာ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် အောက်ဆုံးသို့ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ တိုင်းပြည်တည်ဆောက်ရေးအတွက် ရေရှည်နိုင်ငံရေးမျှော်မှန်းချက်ရှိရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်ကြိမ်တည်းဖြင့် လုပ်၍မရပါကြောင်း၊ ယင်းလုပ်ငန်းမှာ စဉ်ဆက်မပြတ်လုပ်ကိုင်ရမည့်လုပ်ငန်းဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် အစိုးရက စွမ်းရည်ရှိရန်လိုအပ်သကဲ့သို့၊ ပြည်သူကလည်းစွမ်းရည်ရှိရန် လိုအပ်ပါကြောင်း၊ အသွင်ကူးပြောင်းရေးလုပ်ငန်းများတွင် နိုင်ငံတိုင်း၌ အခက်အခဲရှိပါကြောင်း၊ မြန်မာနိုင်ငံက အခြားနိုင်ငံများထက်စိန်ခေါ်မှုများပိုရှိပါကြောင်း၊ ထို့ပြင် စိန်ခေါ်မှုတော်တော်များများမှာ သိက္ခမ်းခင်မင်မှု၊ အဆက်သွယ်ရှိမှုအပေါ်တွင် မူတည်နေပါကြောင်း။

မိမိတို့ စီးပွားရေးလောကတွင် မျှော်ဆဈေးကစားမှုရှိခဲ့ပါကြောင်း၊ ယင်းမှာ နိုင်ငံအတွက် ရေရှည်ကောင်းမွန်မှန်ကန်သည့် လုပ်ရပ်မဟုတ်ပါကြောင်း၊ ပုံသေအတွေးအခေါ်ရှိသည့် Mindset မှာလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ နောက်ဆုံးစိန်ခေါ်မှုတစ်ရပ်မှာ နိုင်ငံ၏စီးပွားရေးမှာ Recover မဖြစ်သေးပါကြောင်း၊ သို့ဖြစ်၍ ကောင်းမွန်စွာ ရင်းနှီးမြှုပ်နှံသည့် ဝန်းကျင်ကောင်းတစ်ရပ်တည်ဆောက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ အလှည့်ကျ အလုပ်အမှုဆောင်ဟောင်း ဒေါက်တာ သိန်းဆွေက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်တွက် Time-bound Action Plan ရှိရန်လိုအပ်ပါကြောင်း၊ ထို့ပြင် Public Private Partnership ရှိရန် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသူများက **ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့** ခေါင်းစဉ်နှင့်စပ်လျဉ်း၍ သိလိုသည်များကိုမေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ စာတမ်းရှင်များ၊ ပါဝင်ဆွေးနွေးသူများ၊ ပြည်တွင်း ပြည်ပ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လေ့လာသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

---

❖ *ရှေ့ဖုံးမှ*

**(မေး)** ။ **အောက်တိုဘာလ ၁၅ ရက်နေ့ဆိုရင် NCA လက်မှတ်ထိုးတာ နှစ်နှစ်ပြည့်မယ်။ အဲ့ဒီအချိန်မှာ UNFC အနေနဲ့ ပါဝင်လာနိုင်မလားဆိုတာ ရှင်းပြပေးပါ။**

**ဦးထွန်းဇော် (ဖြေ)** ။ ဒါကကျန်ရှိနေသေးတဲ့အချက်တွေ ဆွေးနွေးညှိနှိုင်းမှုပြေလည်မှုအပေါ်မှာ မူတည်ပါလိမ့်မယ်။ အဆိုပြုချက် ၉ ချက်မှာ ကျန်ရှိနေတဲ့ အချက်က ၅၊ ၆၊ ၇၊ ၈ ပေါ့။ ဒါကို ကျွန်တော်တို့ တစ်ရက်နဲ့ နေ့တစ်ဝက်ဆွေးနွေးမှုမှာအားလုံးကို တစ်ပေါင်းတစ်စည်းတည်း ဆွေးနွေးမယ်ဆိုတဲ့ ပုံစံကို ကျွန်တော်တို့ ရှာထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျန်ရှိနေတဲ့ အချက်တွေက တစ်ခုနဲ့ တစ်ခုချိတ်ဆက်နေလို့ပဲ ဖြစ်ပါတယ်။ ဒါဟာ ပြီးခဲ့တဲ့ ကာလတွေမှာ အကြိုညှိနှိုင်းဆွေးနွေးမှုတွေရဲ့ဖြစ်ထွန်းမှုပေါ့။ အဲ့ဒီအကြိုညှိနှိုင်းဆွေးနွေးမှုတွေရဲ့ဖြစ်ထွန်းမှုတွေက အထောက်အကူပြုလို့ ဒီလိုအနေအထားကို ရောက်တယ်လို့ ပြောလို့ရပါတယ်။ ကျန်ရှိနေတဲ့ အချက်ကလည်း ၅၊ ၆၊ ၇၊ ၈ ဆိုပေမယ့်လည်း အဓိကက နိုင်ငံရေးပိုင်းဆိုင်ရာမှာဆိုလည်းပဲ မူဘောင်သုံးသပ်မှု အပိုင်းရှိမယ်။ တပ်ပိုင်းဆိုင်ရာမှာဆိုရင် JMC ယန္တရားကို ပိုမိုခိုင်မာအောင် လုပ်ရမယ့် အပိုင်းရှိမယ်။ အဲ့ဒီမှာ နိုင်ငံတကာ ပါဝင်မှုနဲ့ ပတ်သက်ပြီး နှစ်ဖက်ဆွေးနွေးမှုမှာထပ်ပြီးတော့ ညှိနှိုင်းစရာတွေ ပါပါသေးတယ်။ ဒီနေ့ရရှိလာတဲ့ နားလည်မှုတွေကို နှစ်ဖက်အဖွဲ့အစည်းတွေက ပြန်လည်တင်ပြပြီးရင် လမ်းညွှန်မှုနဲ့ ဆုံးဖြတ်မှုနဲ့ ဆက်ပြီးတော့ အခြေခံပြီး တရားဝင် (၇)ကြိမ်မြောက် တွေ့ဆုံမှုမှာ အပြီးသတ်နိုင်ဖို့ မျှော်လင့်ထားပါတယ်။

**ဦးဇော်ဌေး (ဖြေ)** ။ DPN နဲ့ PC နဲ့ ဆွေးနွေးမှုက ၁၄ လလောက်ရှိပါပြီ။ နှစ်ဖက်စလုံးက ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ အတူတကွ ပူးပေါင်းပါဝင်ဖို့ ပြောရရင်တော့ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးပေါ့။ အဲ့ဒီအပေါ်မှာလည်း မီဒီယာတွေရော၊ ပြည်သူတွေရော နားလည်စေချင်တာက ကျွန်တော်တို့က NCA ထိုးပြီးတာနဲ့နိုင်ငံရေးဆွေးနွေးပွဲသွားတယ်။ တစ်ချိန်တည်းမှာပဲ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ကို ခိုင်မာအောင် လုပ်တဲ့အပေါ်မှာ ကျွန်တော်တို့ အကြိမ်ကြိမ်ဆွေးနွေးနေတာဖြစ်ပါတယ်။ အထူးသဖြင့် ဘယ်ဘက်ကမှ ဒီငြိမ်းချမ်းရေးခရီးစဉ်ကို ရပ်တန့်သွားအောင်လုပ်နေတာမဟုတ်ဘူး။ ကျွန်တော်တို့ အတူလျှောက်လှမ်းနိုင်ဖို့ သွားနေတယ်ဆိုတာနားလည်ဖို့လိုပါတယ်။ အဲ့ဒါကြောင့်မို့လည်း ကျွန်တော်တို့ အချိန်ယူပြီးတော့ ဆွေးနွေးနေတာဖြစ်ပါတယ်။ အဓိကအားဖြင့် လက်မှတ်ထိုးပြီးမှ အငြင်းပွားမှုတွေဖြစ်မလာအောင် လက်ရှိဖြစ်နေတဲ့ အနေအထားတွေကိုလည်း ဆက်ပြီးတော့ သွားရတဲ့အပေါ်မှာလည်း ကျွန်တော်တို့ ဘယ်လိုပိုကောင်းအောင်လုပ်နိုင်မလဲဆိုတဲ့ အချက်တွေကို ကျွန်တော်တို့ ဆွေးနွေးနေတာဖြစ်ပါတယ်။ ဒါတွေ အကျေအလည်ဆွေးနွေးပြီးသွားရင်တော့ ပြည်သူတွေမျှော်လင့်တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ DPN အမြန်ဆုံးပါဝင်လာနိုင်မယ်လို့ ကျွန်တော်တို့ မျှော်လင့်တယ်။

**(မေး)** ။ **UNFC က အဆိုပြုထားတဲ့ အချက်တွေထဲက ဘယ်လိုအခြေအနေကြောင့် အခုလို ၅၊ ၆၊ ၇၊ ၈ အချက်တွေကျန်ရှိနေတာလဲ။**

**ဦးဇော်ဌေး(ဖြေ)** ။ နိုင်ငံရေးမူဘောင် ဆွေးနွေးမှုအပိုင်းမှာတော့ DPN က မူဘောင်သုံးသပ်တဲ့ ဆွေးနွေးမှုတွေမှာ (Framework Review) တွေမှာ ပါခဲ့ပါတယ်။ ဒါကို DPN အနေနဲ့ ဆက်သွားဖို့ လိုပါတယ်။ နောက် တစ်ချိန်တည်းမှာပဲ လက်မှတ်ထိုးပြီးသားအဖွဲ့ ရှစ် ဖွဲ့နဲ့လည်းမူဘောင်သုံးသပ်မှုတွေ ပြန်လုပ်မှာပါ။ မူလကနိုင်ငံရေးဆွေးနွေးမှု မူဘောင်ကိုမလုပ်သေးဘူးပေ့ါ။ သီအိုရီတွေ ၊ အခြားနိုင်ငံရဲ့အတွေ့အကြုံတွေကိုယူပြီးတော့ မူတည်ဆွဲခဲ့တာပါ။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ပထမအစည်းအဝေးကတော့ အဖွင့်ပဲ ဖြစ်တယ်။ အဲ့ဒီမှာတော့ UNFC အပါအဝင် အားလုံးရဲ့မူဝါဒတွေ ကြေညာချက်တွေ ထုတ်ပြန်တယ်။ ပြောဆိုတယ်။ အဲ့ဒီမှာပဲ ပြီးသွားတယ်။ တကယ် နိုင်ငံရေးဆွေးနွေးပွဲက ပြီးခဲ့တဲ့ (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးမှာ စတာ။ မူလက နိုင်ငံရေးဆွေးနွေးမှု မူဘောင်ဆိုတာမလုပ်ရသေးဘူး။ လုပ်မယ်ဆိုပြီးစိတ်ကူးနဲ့ ပုံဖော်ရေးဆွဲခဲ့တာ။ လက်တွေ့လုပ်တဲ့အခါမှာ လိုအပ်ချက်တွေလည်းရှိတယ်။ ဒါကို ပြန်ပြင်ဆင်ရမယ်ဆိုတာ နှစ်ဦး နှစ်ဖက်စလုံးလက်ခံပြီးသားပါ။ အဲ့ဒီအပေါ်မှာ ပြင်ရမယ့် အပိုင်းတွေရှိတယ်။ နောက်တစ်ချက်က JMC ပေ့ါ။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းတွေခိုင်မာဖို့ ဆွေးနွေးနေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြောနေတဲ့ ၅၊ ၆၊ ၇၊ ၈ ဆိုတာ ဒါကိုပြောနေတာပါ။ နှစ်ဦးနှစ်ဖက်လုံးက စိုးရိမ်မှုအပိုင်း၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အပိုင်းတွေကို ပွင့်ပွင့်လင်းလင်းပြောတယ်။ ဒါကြောင့် ကျန်တဲ့ဆုံးဖြတ်မှု အပိုင်းက DPN နဲ့ ငြိမ်းချမ်းရေးကော်မရှင်မဟုတ်တော့ဘူး။ သက်ဆိုင်ရာခေါင်းဆောင်တွေကဆုံးဖြတ်ရမှာ။ ဒါကြောင့် ဒီကြားထဲမှာ သက်ဆိုင်ရာခေါင်းဆောင်တွေကိုတင်ပြဖို့ လိုတယ်။ ဒါကြောင့် နောက်တစ်ကြိမ် တွေ့ဖို့ လိုတယ် ပြောတာ ဖြစ်ပါတယ်။

**ဦးထွန်းဇော်(ဖြေ)** ။ ကျန်နေတဲ့အချက်တွေက ကျွန်တော်တို့NCAလမ်းကြောင်းအတိုင်းသွားမယ်လို့ ပြောထားတဲ့အပေါ်မှာ NCA ဆိုတာကြီးက ကျွန်တော်တို့ အတူတကွ လုပ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်ဟာ နှစ်ဖက်စလုံးကပိုင်ဆိုင်တယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရော၊ အစိုးရရော ပိုင်ဆိုင်ပါတယ်။ ဒါကြောင့် အကောင်အထည်ဖော်မှုမှာလည်း ပူးတွဲအကောင်အထည်ဖော်ရမှာဖြစ်တယ်။ အကောင်အထည်ဖော်မှုယန္တရားက နှစ်ပိုင်းရှိပါတယ်။



ငြိမ်းချမ်းရေးကော်မရှင်မှ ဦးဇော်ဌေးနှင့် ဦးအောင်စိုး၊ DPN မှ နိုင်အောင်မငေးနှင့် ဦးထွန်းဇော်တို့က သတင်းမီဒီယာများအား ရှင်းလင်းပြောကြားစဉ်

နိုင်ငံရေးပိုင်းဆိုင်ရာမှာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)ရှိတယ်။ တပ်ပိုင်းဆိုင်ရာမှာပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ရှိပါတယ်။ နှစ်ပိုင်းစလုံးက NCA အပေါ်မှာ အခြေခံပြီး ဖြစ်လာတာဖြစ်တဲ့အတွက် NCA အဆင့်ကို ကျွန်တော်တို့ ကျော်ရမယ်။ NCA လက်မှတ်ထိုးပြီးမှ အဲ့ဒီအဆင့်ကိုရောက်မယ်။

ဒါကြောင့် ကျွန်တော်တို့ အဆိုပြုထားတဲ့ ၅၊ ၆၊ ၇ က နိုင်ငံရေးပိုင်းရော၊ တပ်ပိုင်းဆိုင်ရာရော ချိတ်ဆက်နေပါတယ်။ အသေးစိတ်ကျကျ ပြောမယ်ဆိုရင် မူဝါဒအပိုင်းနဲ့ နည်းပညာအပိုင်းတွဲနေပါတယ်။ အဲ့ဒီတော့ မူဝါဒပိုင်းဆိုင်ရာမှာ နိုင်ငံတကာပါဝင်မှုနဲ့ပတ်သက်ပြီး နှစ်ဖက်ခေါင်းဆောင်တွေကဆုံးဖြတ်ပေးဖို့ လိုပါသေးတယ်။ နည်းပညာပိုင်းမှာ DPN နဲ့ ငြိမ်းချမ်းရေးကော်မရှင်အဆင့်က နည်းနာရှာပြီး ဖြတ်လို့ရတယ်။ မူဝါဒပိုင်းဆိုင်ရာမှာတော့ ကျွန်တော်တို့ ဆုံးဖြတ်လို့မရဘူး။ မူဝါဒပိုင်းဆိုတာ နှစ်ဖက် ခေါင်းဆောင်တွေရဲ့အတည်ပြုချက်နဲ့ ကျွန်တော်တို့ ဆွေးနွေးနေရတာဖြစ်တဲ့အတွက် နောက်တစ်ဆင့်ခံပြီးသွားဖို့ လိုနေလို့ပါ။

# စစ်ပွဲများမှ ငြိမ်းချမ်းရေးဆီသို့ ကူးပြောင်းခြင်းကဏ္ဍ ဆွေးနွေးပွဲကျင်းပ




နေပြည်တော် ဩဂုတ် ၁၂

**မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition)၏ စစ်ပွဲများမှ ငြိမ်းချမ်းရေးဆီသို့ ကူးပြောင်းခြင်းကဏ္ဍ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ကျင်းပသည်။**

မျက်နှာစုံညီဆွေးနွေးမှု အစီအစဉ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(မြန်မာ)မှ နည်းပညာအရာရှိချုပ် Mr. Christophoros Politis က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သီရိလင်္ကာနိုင်ငံ Department of Government Information ညွှန်ကြားရေးမှူးချုပ် Dr.Ranga Kalansooriya နှင့် ဂျာမနီနိုင်ငံ နိုင်ငံရေးသိပ္ပံတက္ကသိုလ်မှ Prof. Dr. Aurel Coissant တို့က မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ စစ်ပွဲများမှ ငြိမ်းချမ်းရေးဆီသို့ ကူးပြောင်းခြင်းကဏ္ဍ ခေါင်းစဉ်အပေါ် ဆွေးနွေးကြသည်။

သီရိလင်္ကာနိုင်ငံ Department of Government Information ညွှန်ကြားရေးမှူးချုပ် Dr.Ranga Kalansooriya က သီရိလင်္ကာတွင် Civil War ဖြစ်ခဲ့ပါကြောင်း၊ တမီးလ်တိုက်ဂါးသီရိလင်္ကာဟု လူသိများသည့် လက်နက်ကိုင်အဖွဲ့ရှိခဲ့ပါကြောင်း၊ တမီးလ်တိုက်ဂါးသီရိလင်္ကာများသည် ခိုင်မာအားကောင်းပါကြောင်း၊ ၎င်းတို့တွင် ခိုင်မာအားကောင်းပြီး တိုက်ခိုက်နိုင်သည့် စွမ်းအားရှိကြောင်း၊ ၎င်းတို့သည် တိုင်းပြည်မှ ခွဲထွက်လိုကြပါကြောင်း၊ နောက်ဆုံးတွင် ရက်စက်သည့် စစ်ပွဲအဖြစ်ကို ဦးတည်ခဲ့ပါကြောင်း။

တမီးလ်တိုက်ဂါးသီရိလင်္ကာများ၏ ခေါင်းဆောင်မှုအပိုင်းသည် ပညာသင်ကြားထားကြပြီး ရည်မှန်းချက်ကြီးမားသူများ ဖြစ်ပါကြောင်း၊ ၂၀၀၉ ခုနှစ်အထိ မည်သူမျှမထိရဲသည့် အနေအထားရှိခဲ့ပါကြောင်း၊ အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းထားပြီး တရားစီရင်ရေး၊ ဘဏ္ဍာရေးတို့ပါ စနစ်တကျတည်ဆောက်ထားပါကြောင်း၊ တစ်ကမ္ဘာလုံးက ထောက်ပံ့နေမှုများလည်းရှိပြီး တစ်ကမ္ဘာလုံးတွင် တရားဝင်စီးပွားရေးများရှိပါကြောင်း၊ အမျိုးသမီးအကြမ်းဖက် တိုက်ခိုက်ရေးသမားများလည်းရှိပြီး Suicide တပ်ဖွဲ့ကိုလည်း ဖွဲ့စည်းထားပါကြောင်း။

၂၀၀၉ ခုနှစ် မေလတွင် သီရိလင်္ကာတပ်ဖွဲ့က အင်အားအပြည့်ဖြင့် ချေမှုန်းခဲ့ရာ ၎င်းတို့၏ခေါင်းဆောင် သေဆုံးသွားခဲ့ပါကြောင်း၊ ယင်းဖြစ်စဉ်တွင် တပ်ကအောင်မြင်သွားခြင်းမှာ Strong Political Will ကြောင့် ဖြစ်ပါကြောင်း၊ Political Leadership Team တစ်ခုတည်းအနေဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ Military Structure ကိုလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ တမီးလ်တိုက်ဂါးများအား ခွဲထွက်ခွင့်ကိုလက်မခံဘဲ ငြိမ်းချမ်းရေးစကားဝိုင်းဆီကို ဦးတည်စေခဲ့ပါကြောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ တမီးလ်တိုက်ဂါးများနှင့်ဆွေးနွေးခဲ့ပြီး ခွဲထွက်၍ တမီးလ်တိုက်ဂါးအဖွဲ့နှစ်ဖွဲ့မှာ အစိုးရအဖွဲ့ကို ထောက်ခံလာပါကြောင်း၊ ငြိမ်းချမ်းရေးမအောင်မြင်ရခြင်းမှာ တမီးလ်တိုက်ဂါးများက ငြိမ်းချမ်းရေးမလိုလားဘဲ ငြိမ်းချမ်းရေးစကားဝိုင်းလုပ်ဆောင်နေချိန်တွင် ၎င်းတို့အဖွဲ့ ခိုင်မာအားကောင်းရေးကို ပိုမိုဆောင်ရွက်ခဲ့သောကြောင့် ဖြစ်ပါကြောင်း။

မအောင်မြင်ခြင်း၏ နောက်အချက်တစ်ချက်သည် မီဒီယာကြောင့်ဖြစ်ပါကြောင်း၊ နှစ်ဖက်စလုံးက မီဒီယာကို အလိုကျအသုံးပြုခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် ဆက်သွယ်ရေးနည်းလမ်းမရှိဘဲ ဟန်ပြသာဖြစ်ခဲ့သည့်အတွက် အောင်မြင်မှုမရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာပြည်တွင်လည်း ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနေတာရှိပါကြောင်း၊ သီရိလင်္ကာနိုင်ငံ၏ အဖြစ်အပျက်ကို နမူနာယူပြီး သင်ခန်းစာယူစေလိုကြောင်း ဆွေးနွေးသည်။

ဂျာမနီနိုင်ငံ နိုင်ငံရေးသိပ္ပံတက္ကသိုလ်မှ Prof. Dr.Aurel Croissantက ဥရောပတိုက်တွင် လူနည်းစုနှင့် လူများစုများကြားတွင် ပဋိပက္ခများရှိနေသကဲ့သို့ စကော့တလန်၊ စပိန်နှင့် အီတလီနိုင်ငံမြောက်ပိုင်းတွင်လည်း ထိပ်တိုက်ရင်ဆိုင်မှုများ၊ လူမျိုးရေးဆိုင်ရာအတိုက်အခံများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ဘော့စနီယား၊ ဥရောပနှင့် အာရှတွင်ဖြစ်ပေါ်နေသည့် စစ်ပွဲများသည် ပြည်တွင်းစစ်နှင့် လူမျိုးစုများကြား ပဋိပက္ခများ ဖြစ်ပါကြောင်း၊ ပဋိပက္ခများတွင် ဘာသာရေးနှင့် ပတ်သက်သည့် ပဋိပက္ခသည် ဒုတိယအဆင့်တွင်ရှိနေပါကြောင်း၊ ဘာသာရေးနှင့် လူမျိုးရေးကို ကိုယ်စားပြု၍ ဖြစ်နေကြပါကြောင်း။

ငြိမ်းချမ်းရေးကို အဓိပ္ပာယ်ဖွင့်ဆိုမည်ဆိုပါက Positive Peace နှင့် Negative Peace ဟူ၍ နှစ်မျိုးရှိပါကြောင်း၊ Negative Peace တွင် ငြိမ်းချမ်းရေးဆိုသည်မှာ စစ်မရှိရဟူ၍ ဖြစ်ပါကြောင်း၊ စစ်မဖြစ်ခြင်းကို ငြိမ်းချမ်းရေးဟု ပြောမည်ဆိုပါက ကျဉ်းမြောင်းသည့် အဓိပ္ပာယ်ဖြစ်ပါကြောင်း၊ Positive Peace ရရန်သည် ခက်ခဲတတ်ပါကြောင်း၊ Positive Peace တွင် အခြေခံအုတ်မြစ်သုံးခုရှိကြောင်း၊ Economic and Social Development၊ Justice နှင့် Freedom ဟူ၍ သုံးခုရှိပါကြောင်း၊ ယင်းတို့ကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

Positive Peace ရေရှည်တည်တံ့ရန်အတွက် Rule of Law လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီ၊ Social Justice နှင့် Tolerance တို့ လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုအချက်များပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ Rule of Law၊ ဒီမိုကရေစီ၊ သည်းခံမှု၊ Dialogue ဆွေးနွေးခြင်းတို့ပါဝင်ပါကြောင်း၊ ထိုအချက်များတွင် ဆွေးနွေးခြင်းသည် အဓိကအကျဆုံးဖြစ်ပါကြောင်း၊ ထို့ကြောင့် Civil Society ကို တည်ဆောက်မည်ဆိုပါက Dialogue ဆိုသည့် ဆွေးနွေးမှုမရှိဘဲ မဖြစ်နိုင်ပါကြောင်း၊ Positive Peace ကို ဆက်လက်ဆွေးနွေးလိုပါကြောင်း၊ Ethnic Conflict များက ပိုမိုကြာပြီး ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် ပိုမိုခက်ခဲပါကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိက ငါးချက်ပါဝင်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အသိပညာပေးရမည်ဖြစ်ပါကြောင်း၊ Rule of Law တရားဥပဒေစိုးမိုးရေးသည် အရေးကြီးပါကြောင်း၊ ပြည်တွင်းစစ်ဖြစ်ပြီး တရားဥပဒေစိုးမိုးမှုရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ Peace Economy အဖြစ် ပြောင်းလဲပေးရမည် ဖြစ်ပါကြောင်း၊ နောက်ဆုံးအချက်အနေဖြင့် လူမျိုးစုပေါင်းများစွာ ပါဝင်နေသည့်နိုင်ငံဖြစ်ပါက ပဋိပက္ခဖြစ်နေသည့် အဓိကအချက်များကို ရှာဖွေရမည်ဖြစ်ပါကြောင်း၊ ကိုင်တွယ်ဖြေရှင်းရမည့် မူဝါဒများကို ချမှတ်ပေးရမည်ဖြစ်ပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို ရရှိအောင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

အာဏာခွဲဝေခြင်းတွင် နှစ်ခုရှိပါကြောင်း၊ Power Sharing ကို ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးအတွက်သာမက ကောင်းမွန်သည့်အုပ်ချုပ်ရေးဖြစ်အောင် ပြုလုပ်နိုင်ရန်ဖြစ်ပါကြောင်း၊ အာဏာမျှဝေမှုသည် တစ်တိုင်းပြည်လုံး သင့်လျော်သည့် ပုံစံဖြစ်ရမည်ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့်ပတ်သက်သည့် အရင်းအမြစ်များနှင့် နယ်မြေများကို မည်သို့ထိန်းချုပ်မည်ဆိုသည်ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက **စစ်ပွဲများမှ ငြိမ်းချမ်းရေးဆီသို့ ကူးပြောင်းခြင်းကဏ္ဍ**နှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**လူမျိုးစုပေါင်းများစွာ ပါဝင်နေသည့်နိုင်ငံဖြစ်ပါက ပဋိပက္ခဖြစ်နေသည့် အဓိကအချက်များကို ရှာဖွေရမည်ဖြစ်ပါကြောင်း၊ ကိုင်တွယ်ဖြေရှင်းရမည့်မူဝါဒများကို ချမှတ်ပေးရမည်ဖြစ်ပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကိုရရှိအောင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း**

ထို့နောက် မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါခေါင်းစဉ်ဖြင့် မျက်နှာစုံညီဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ငြိမ်းချမ်းရေးကော်မရှင်မှ ဦးကျော်လင်းဦးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ငြိမ်းချမ်းရေးကော်မရှင်မှ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ Center For Myanmar Affairs Studies မှ ဦးအေးမောင်ကျော်နှင့် ငြိမ်း ဖောင်ဒေးရှင်းမှ Daw Ja Nan Lahtaw တို့က မြန်မာ့ ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ **စစ်ပွဲများမှ ငြိမ်းချမ်းရေးဆီသို့ ကူးပြောင်းခြင်းကဏ္ဍ**ခေါင်းစဉ်အပေါ် ဆွေးနွေးကြသည်။

ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် အခြားနိုင်ငံများ ကူးပြောင်းပြီးချိန်မှ ဆောင်ရွက်သည့်အတွက် အားသာချက်တစ်ခုဖြစ်ပါကြောင်း၊ ရှေ့က ဆောင်ရွက်ခဲ့သည့် နိုင်ငံများ၏ အကောင်းအဆိုးကို လေ့လာ၍ရပါကြောင်း၊ အခြားနိုင်ငံများ၏ ကူးပြောင်းမှုနှင့် တစ်ထပ်တည်းမကျနိုင်သည်ကို အားလုံးသိရှိကြပါကြောင်း၊ သင်ခန်းစာယူ သုံးစွဲကြရမည်ဖြစ်ပါကြောင်း၊ အခြားနိုင်ငံများ၏ အကူးအပြောင်းကို လေ့လာကြည့်ပါက အားလုံးတွင် တူညီသည့် အချက်တစ်ခုကို သတိပြုမိပါကြောင်း။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် အနည်းဆုံးအုပ်စုသုံးစု ပေါ်ထွက်လာခြင်းကို သတိပြုမိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အဆိုပါအုပ်စုသုံးစုကို သတိပြုမိပါကြောင်း၊ အုပ်စုသုံးစုမှာ ဒီမိုကရေစီကို လိုလားသည့်အုပ်စု၊ အတိတ်အုပ်ချုပ်ရေးအပေါ်တွင် အကာအကွယ်ပေးလိုသည့်အုပ်စုနှင့် အခြားအုပ်စုဟူ၍ ဖြစ်ပါကြောင်း၊ မည်သည့်နိုင်ငံတွင်မဆို ထိုကဲ့သို့ တွေ့ရှိရပါကြောင်း၊ အခြားအုပ်စု၏ ဆောင်ရွက်ချက်ထက် ဒီမိုကရေစီကို လိုလားသည့်အုပ်စုနှင့် အတိတ်အုပ်ချုပ်ရေးအပေါ်တွင် အကာအကွယ်ပေးလိုသည့်အုပ်စုတို့၏ ဆောင်ရွက်ချက်များကို ပြည်သူက စောင့်ကြည့်နေကြပါကြောင်း၊ အဆိုပါအုပ်စုနှစ်စု၏ ပါဝါချိန်ခွင်လျှာသည် အရေးကြီးပါကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆွေးနွေးရလျှင် ငြိမ်းချမ်းရေးနှစ်မျိုးရှိပါကြောင်း၊ စစ်ပွဲမရှိသည့် ငြိမ်းချမ်းရေးမျိုးကို ယခင်ကမျှော်မှန်းလုပ်ဆောင်ခဲ့ကြပါကြောင်း၊ စစ်မဲ့ငြိမ်းချမ်းရေးမျှသာ ဖြစ်ပါကြောင်း၊ ယခုဖော်ဆောင်နေသည်မှာ ပြည့်ဝသည့် ငြိမ်းချမ်းရေး (Positive Peace) ကို သွားနေကြခြင်းဖြစ်ပါကြောင်း၊ ပြည့်ဝသည့်ငြိမ်းချမ်းရေးတွင် လွတ်လပ်ခွင့်၊ တန်းတူညီမျှခွင့်၊ လူ့တန်ဖိုးကိုအလေးထားသည့် ငြိမ်းချမ်းရေးမျိုးဖြစ်ပြီး အဆိုပါငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမြဲဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း။

အချို့က Negative Peace ကို စဉ်းစားနေသည်လည်း ရှိကြပါကြောင်း၊ ထိုအခါ ကွာဟမှုများ ရှိလာနိုင်ပါကြောင်း၊ ၁၉၆၃ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်တွင် လုပ်ဆောင်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ခွဲထွက်ခွင့်၊ ဖက်ဒရယ်မူဝါဒကို လုံးဝလက်မခံဆိုသည့် တောင်းဆိုမှုများရှိခဲ့သည့်အတွက် Extreme Demand ဖြစ်သွားပါကြောင်း၊ တောင်းဆိုမှု ကွာဟချက်ကြီးမားလွန်းသည့်အတွက် ငြိမ်းချမ်းရေးမအောင်မြင်ခဲ့သည်ကို သင်ခန်းစာယူကြရမည်ဖြစ်ပါကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် တစ်စုံတစ်ရာသော ကန့်သတ်ချက်များဖြင့် ငြိမ်းချမ်းရေးကို ဆောင်ရွက်ခဲ့ပါကြောင်း၊ Political Dialogue မရှိခဲ့သည့်အတွက် Positive Peace ဆောင်ရွက်ခြင်းမျိုး မဟုတ်ခဲ့ပါကြောင်း၊ Negative Peace ကို မည်သည့်အစိုးရတွင် မဆိုဖော်ဆောင်၍ ရနိုင်သော်လည်း Positive Peace ကို ဒီမိုကရေစီဖော်ဆောင်မှုသာ ရနိုင်သည်ကို ဆွေးနွေးလိုပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လိုအပ်ချက်များတွင် အပြန်အလှန်စိတ်ကျေနပ်လက်ခံသည့် အနေအထားကိုရောက်ရှိရန် လိုအပ်ပါကြောင်း၊ ဘုံစရိုက်လက္ခဏာအသွင်ဆောင်ရန် လိုအပ်ပါကြောင်း။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် လိုရင်းဆွေးနွေးရလျှင် အကြမ်းနည်းသုံးသည့် အဆိုးသံသရာကို ရပ်တန့်ရမည်ဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး အတူတကွ ရှေ့ဆက်သွားခြင်းကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သာမန်အားဖြင့် ပြန်လည်ရင်ကြားစေ့ရေးကို Conflict များ ပြီးဆုံးမှသာ ဆောင်ရွက်ကြလေ့ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် Conflict များ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေသည့် အခြေအနေဖြစ်သည့်အတွက် ပြန်လည်ရင်ကြားစေ့ရေးကို မရှေးမနှောင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အတူ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့မှသာ အပြန်အလှန်အထောက်အကူဖြစ်နိုင်မည် ဖြစ်ပါကြောင်း။

ပြန်လည်ရင်ကြားစေ့ရေးတွင် ဝန်ခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ပေးလျော်ခြင်းနှင့် အမှန်တရားကို အလေးထားရမည်ဖြစ်ပါကြောင်း၊ အမှန်တရားဟုဆိုရာတွင် တစ်စုံတစ်ယောက်ကို တန်ပြန် ခြိမ်းခြောက်သည့် အမှန်တရားမျိုးမဖြစ်ရန် လိုအပ်ပါကြောင်း၊ တစ်ချိန်တုန်းက နစ်နာခွင့်ရှိသူများအတွက် ၎င်းတို့ လုပ်ဆောင်ခဲ့သည့် လုပ်ငန်းစဉ်များကို အသိအမှတ်ပြုပေးပြီး ပြန်လည်ပြောကြားခွင့်ပေးရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အဆိုးသံသရာမလည်စေရန် ပြန်လည်ရင်ကြားစေ့ရေးကို ဆောင်ရွက်သင့်ပါကြောင်း၊ အကယ်၍ မဆောင်ရွက်နိုင်ပါက ရှုံးနိမ့်သူများ များပြားလာနိုင်သည့်အခြေအနေကို မျိုးဆက်သစ်များ ခံစားရနိုင်ပါကြောင်း၊ နောင်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များကို အင်တိုက်အားတိုက်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်က ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍမှာ လွှတ်တော်က ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်၍ နောက်ကလိုက်နေရသကဲ့သို့ ဖြစ်နေပါကြောင်း၊ လွှတ်တော်တွင် တိုင်းရင်းသားနှင့်ပတ်သက်သည့် ကော်မတီတစ်ခုရှိပါကြောင်း၊ *စာမျက်နှာ ၅ သို့*

# မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် မီဒီယာအခန်းကဏ္ဍ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

**မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition) ၏ မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတွင် မီဒီယာအခန်းကဏ္ဍဆွေးနွေးပွဲကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပသည်။**




မျက်နှာစုံညီဆွေးနွေးမှု အစီအစဉ်တွင် DW Akademie မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Isabella Kurkowski က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြန်မာတိုင်းမ် အယ်ဒီတာချုပ် Mr. Kavi Chongkittavorn၊ မီဒီယာလွတ်လပ်ခွင့် ပြည်ပကျွမ်းကျင်ပညာရှင် Mrs. Dunja Mijatovic နှင့် မြန်မာသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းတို့က မြန်မာ့ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ **မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတွင် မီဒီယာအခန်းကဏ္ဍ** ခေါင်းစဉ် အပေါ်ဆွေးနွေးကြသည်။

မြန်မာတိုင်းမ် အယ်ဒီတာချုပ် Mr. Kavi Chongkittavorn က မီဒီယာသည် တိုင်းပြည်၏ ရန်သူမဟုတ်ပါကြောင်း၊ ခင်မင်ရင်းနှီးမှုရှိရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် တိုင်းပြည်၏အသံကို နိုင်ငံတကာသို့ ဖော်ပြနိုင်ရန် အရေးတကြီး လိုအပ်နေပါကြောင်း၊ မီဒီယာပေါ်လစီအတွက် Mindset ကို ပြောင်းလဲရမည် ဖြစ်ပါကြောင်း၊ Access to Information ကို နိုင်ငံသားတိုင်းရပိုင်ခွင့်ရှိပြီး သတင်းသမားအတွက်သာ ရရှိသည့် အထူးအခွင့်အရေးမဟုတ်ပါကြောင်း၊ Diversity သည် အင်အားသာ ဖြစ်ပါကြောင်း၊ Diversity နှင့်ပတ်သက်၍ သတင်းရေးသားဖော်ပြမှုများ ရှိရမည် ဖြစ်ပါကြောင်း၊ မီဒီယာနှင့် ဆက်စပ်နေသူများသည် မီဒီယာကို ကောင်းမွန်စွာ ထိန်းညှိ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သတင်းသမားများသည် ပြည့်စုံသည့်သူများ မဟုတ်သည့်အတွက် အမှားရှိနိုင်ပါကြောင်း၊ သို့သော် သတင်းသမားများအနေဖြင့် မှန်ကန်မှုရှိစေရန် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မီဒီယာလွတ်လပ်ခွင့်ပြည်ပကျွမ်းကျင်ပညာရှင် Mrs. Dunja Mijatovic က မြန်မာနိုင်ငံကဲ့သို့ အသွင်ကူးပြောင်းစနိုင်ငံများတွင် တွေ့ကြုံရသည့် အခြေအနေများကို နားလည်ပါကြောင်း၊ အကူးအပြောင်းကို တည်ဆောက်ရသည်မှာခက်ခဲပါကြောင်း၊ မြန်မာနိုင်ငံ၏ အခြေအနေသည် အခြားနိုင်ငံများ၏ အခြေအနေနှင့် ကွဲပြားမှုရှိပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှုအတွက် မီဒီယာ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ မီဒီယာသည် ရန်သူမဟုတ်ပါကြောင်း၊ မိတ်ဆွေသာ ဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာကို အသုံးချနိုင်ရမည် ဖြစ်ပါကြောင်း၊ မီဒီယာနှင့်ပတ်သက်၍ Regulation များကိုလည်း တည်ထောင်ရမည်ဖြစ်ပြီး Code of Conduct ကို လိုက်နာစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် မီဒီယာသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မီဒီယာအနေဖြင့် အစိုးရကို ထောက်ခံရမည်ဟု မဆိုလိုသော်လည်း ပါဝင်ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ မီဒီယာ၏ လွတ်လပ်ခွင့်ကိုလည်း အစိုးရက ဖော်ဆောင်ပေးရမည်ဖြစ်ပါကြောင်း၊ အချင်းချင်း ယုံကြည်မှုသည် အရေးကြီးပြီး အတူတကွပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မီဒီယာများအနေဖြင့် ခိုင်မာမှုရှိစေရန် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ မီဒီယာသည် လူ့အဖွဲ့အစည်းအတွင်း ပြဿနာများပေါ်ပေါက်စေရန် လုပ်ဆောင်ခဲ့သည်များကို လေ့လာတွေ့ရှိရပါကြောင်း၊ ပြည်သူအတွက်လည်း အကျိုးမရှိနိုင်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းမျိုးသည် Freedom of Experssion ဟူ၍ မဆိုနိုင်ပါကြောင်း၊ မီဒီယာဆိုသည်မှာ လူ့အဖွဲ့အစည်းကို အကျိုးပြုရမည်ဖြစ်ပါကြောင်း၊ အစိုးရဘက်မှ အခြေအနေအားလုံးကို ပွင့်လင်းစွာမီဒီယာကို ပြောကြားရန် လိုအပ်သကဲ့သို့ မီဒီယာဘက်မှလည်း အခြေအနေမှန်ကို ဖော်ပြရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

မြန်မာသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းက တိုင်းပြည်တော်တော်များများတွင် အခက်အခဲများ စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါကြောင်း၊ မြန်မာနိုင်ငံတွင် အခြားတိုင်းပြည်များထက် ပိုမိုရင်ဆိုင်ရပါကြောင်း၊ နိုင်ငံတကာ၏ အာရုံစိုက်မှုကိုလည်းခံရပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် မီဒီယာကဏ္ဍကိုကြည့်မည်ဆိုပါက မီဒီယာက စတုတ္ထမဏ္ဍိုင်ဖြစ်ပြီး မဏ္ဍိုင်သုံးခုကို ထိန်းညှိရပါကြောင်း၊ မီဒီယာ၏ တာဝန်ဝတ္တရားသည် အရေးကြီးသကဲ့သို့ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်မှုကလည်း အရေးကြီးပါကြောင်း။

မီဒီယာ၏ တာဝန်ဝတ္တရားသည် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ပိုမိုချောမွေ့စေရန် ဖြစ်နိုင်သမျှ ငြိမ်းချမ်းအောင် ဆောင်ရွက်ရန်လိုပါကြောင်း၊ မီဒီယာကဏ္ဍအနေဖြင့် ပြည်သူလူထု၏ Mindset များကိုပြောင်းရန်လိုပါကြောင်း၊ မြန်မာမီဒီယာ၏ လက်ရှိ တာဝန်ဝတ္တရားသည် International Image ကို လုံခြုံအောင် ဆောင်ရွက်ရန် လိုပါကြောင်း၊ Ethnic နှင့် ပတ်သက်၍ နိုင်ငံတကာတွင် ဖော်ပြနေသည့် Report များသည် Sensitive Issue များကို သတင်းယူနေပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ အာရုံစိုက်မှုကို ဆွဲဆောင်နေပါကြောင်း၊ ဒေသတွင်းမီဒီယာက မလွှမ်းမိုးနိုင်သည့်အတွက် နိုင်ငံတကာအသိုက်အဝန်းက တကယ့်အခြေအနေကို နားလည်အောင် မလုပ်နိုင်ပါကြောင်း၊ မီဒီယာလွတ်လပ်ခွင့်မရှိသည့်အတွက် ဖြစ်ပါကြောင်း၊ အတွေ့အကြုံနဲ့ Professional Skill မရှိသည့်အတွက် ဖြစ်ပါကြောင်း။

ဥပဒေအချို့သည် ဂျာနယ်လစ်များကို ခြိမ်းခြောက်နေပါကြောင်း၊ အစိုးရဌာနများမှ သတင်းရယူရေးသည်လည်း ဂျာနယ်လစ်များအတွက် အခက်အခဲဖြစ်နေပါကြောင်း၊ အဟန့်အတားဖြစ်နေသည့် ဥပဒေများကို ဖျက်သိမ်းနိုင်ရေးနှင့် ဥပဒေအသစ်များကိုရေးဆွဲပြီး ဂျာနယ်လစ်များကို ပံ့ပိုးနိုင်ရန်ဆောင်ရွက်နေပါကြောင်း၊ မီဒီယာကဏ္ဍကို တဖြည်းဖြည်းတိုးတက်အောင် ဆောင်ရွက်နေပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင်သာမက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိုလုံခြုံအောင် မီဒီယာက ဆောင်ရွက်နိုင်ပါကြောင်း၊ မီဒီယာများအနေဖြင့် Professional ဖြစ်အောင် ကြိုးစားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**(သတင်းစဉ်)**

---

*စာမျက်နှာ ၄ မှ*

နှစ်စဉ်အစီရင်ခံစာရေးသည့်အခါ လွှတ်တော်ရေးရာကော်မတီနှင့် ငြိမ်းချမ်းရေးညီလာခံမှာ တက်ကြွကောင်းမွန်သည့် ချိတ်ဆက်မှုမှာ ယနေ့အချိန်ထိမရှိသေးပါကြောင်း။ UPDJC တွင်ပါဝင်နေသည့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမည်သည့် အဆင့်သို့ ရောက်ရှိနေသည်ဆိုသည့် အခင်းအကျင်းမျိုး မလုပ်ဆောင်နိုင်သေးပါကြောင်း၊ မိမိတို့ကိုယ်တိုင် သေသေချာချာသိရှိမှသာ ပြည်သူလူထု၊ မဲဆန္ဒရှင်၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံရာတွင် ရှင်းလင်းပြောကြားနိုင်မည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)မှ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက ငြိမ်းချမ်းရေးဖြစ်စဉ်၏ ရည်မှန်းချက်သုံးခုကို တင်ပြလိုပါကြောင်း၊ ပထမမျှော်မှန်းချက်မှာ တိုင်းပြည်လွတ်လပ်ရေးရကတည်းက ဖြစ်ပွားနေသည့် ပြည်တွင်းစစ်ကို ချုပ်ငြိမ်းစေလိုပါကြောင်း၊ ပင်လုံစာချုပ်ကို အကောင်အထည် မဖော်နိုင်သေးသည့်အတွက် ဖြစ်ပွားနေသည့် ပြည်တွင်းစစ်ကို (၂၁)ရာစု ပင်လုံတွင် ညှိနှိုင်းပြီး အဆုံးသတ်ရန်ဖြစ်ပါကြောင်း။

ဒုတိယမျှော်မှန်းချက်မှာ ပြည်တွင်းစစ်ကို စတင်ဖန်တီးလိုက်သည့် ပြဿနာများကိုဖြေရှင်းပြီး ပင်လုံတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားအားလုံးမျှော်မှန်းခဲ့သည့် ပြည်ထောင်စုကြီးကို ပြန်လည်ထူထောင်ရေးဖြစ်ပါကြောင်း၊ ပြည်ထောင်စုကြီးထဲတွင်ရှိသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ အနာဂတ်ကို နိုင်ငံရေးအရ အာမခံချက်ပေးနိုင်မည်ဆိုပါက ပြည်တွင်းစစ်ချုပ်ငြိမ်းပြီး အနာဂတ်အာမခံချက်ရှိသည့် ရေရှည်တည်တံ့ခိုင်မြဲသည့် ပြည်ထောင်စုကြီးကို ထူထောင်နိုင်မည်ဖြစ်ပြီး ငြိမ်းချမ်းရေးကိုလည်း ထူထောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

တတိယမျှော်မှန်းချက်အနေဖြင့် ပင်လုံညီလာခံမှစပြီး အတူတကွထူထောင်ထားသည့် ပြည်ထောင်စုကြီးခိုင်မာရန်၊ အဓွန့်ရှည်ရန်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရန် လိုလားပါကြောင်း၊ ပြည်ထောင်စုကြီး မတည်မြဲဘူးဆိုရင်၊ ပြည်ထောင်စုကြီးပြိုကွဲမယ်ဆိုရင်၊ ပြည်ထောင်စုကြီး အချုပ်အခြာအာဏာ မခိုင်မာပါက ငြိမ်းချမ်းရေးခိုင်မာမည်မဟုတ်ပါကြောင်း၊ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အာမခံချက်ပေးနိုင်သည့် ပြည်ထောင်စုကြီးကို ထူထောင်လိုပါကြောင်း ဆွေးနွေးသည်။

Center For Myanmar Affairs Studies မှ ဦးအေးမောင်ကျော်က ယခင်အစိုးရလက်ထက်မှ စတင်ဆောင်ရွက်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ငါးနှစ်ကျော်၊ ခြောက်နှစ်ကျော်ရှိခဲ့ပြီ ဖြစ်ပါကြောင်း၊ ခရီးပေါက်သင့်သလောက် ပေါက်ခဲ့သော်လည်း ဖြေရှင်း ရန်ကျန်ရှိနေသည်များလည်း ရှိပါကြောင်း၊ (၂၁)ရာစုပင်လုံဟုဆို လိုက်လျှင် ပင်လုံစတင်စဉ်က သဘောတူညီချက်များနှင့် ပြဿနာများကိုပါ ရင်ဆိုင်ကြရမည်ဖြစ်ပါကြောင်း၊ သမိုင်းကြောင်းတွင် သင်ခန်းစာယူစရာများလည်းရှိပြီး သမိုင်းထဲတွင် ပိတ်မိမနေစေရန် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် အယူအဆအရ ကွဲပြားနေသည်များ ရှိနေပါကြောင်း၊ ထိုအရာကိုထင်ဟပ်နေသည့် စာတမ်းများအများအပြားရှိပါကြောင်း၊ ပထမပင်လုံမှ စာတမ်း ၇၂ စောင်ကို ကြည့်လျှင် သိရှိနိုင်ပါကြောင်း။

၁၉၆၃ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် ဆွေးနွေးပွဲအဆင့်သို့ မရောက်မီအပစ်အခတ်ရပ်စဲရေးတွင်ပင် ရပ်တန့်ခဲ့ပါကြောင်း၊ ထိုအချိန်က ငြိမ်းချမ်းရေးသည် Positive Peace ကို ဦးတည်ခြင်းမျိုးမဟုတ်ပါကြောင်း၊ ငြိမ်းချမ်းရေး ဆွေးနွေးနေသည့်အချိန်သည် ကိုယ့်အင်အားကိုယ်တည်ဆောက်သည့် အချိန်ဖြစ်နေပါကြောင်း၊ အဆိုပါ ဖြစ်စဉ်များမှ သင်ခန်းစာများ ရယူနိုင်ခဲ့ပါကြောင်း ဆွေးနွေးသည်။

ငြိမ်းဖောင်ဒေးရှင်းမှ Daw Ja Nan Lahtaw ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် အဆောက်အအုံယန္တရားမပြည့်စုံမှုကြောင့် ပါဝင်ဆောင်ရွက်ရသည့် လုပ်ငန်းများပေါ်လာတတ်သည်ကို သုံးသပ်မိပါကြောင်း၊ ပဋိပက္ခအခြေအနေတွင် အကြမ်းဖက်မှုများ လျော့ပါးနိုင်ရန်၊ ထိုးစစ်ဆင်မှုများ လျော့ပါးနိုင်ရန်၊ ပြဿနာပဋိပက္ခများ ဖြေရှင်းနိုင်ရန် အဆောက်အအုံတစ်ခုလိုအပ်နေပါကြောင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်ရန် အဆောက်အအုံဟုဆိုရာတွင် လိုအပ်သည့် အချက်တစ်ခုမှာ ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက **စစ်ပွဲများမှ ငြိမ်းချမ်းရေးဆီသို့ ကူးပြောင်းခြင်းကဏ္ဍ**နှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**(သတင်းစဉ်)**

---

## အစည်းအဝေးအတွေ့အကြုံ ထပ်ဆင့်ရှင်းလင်း



**ပဲခူး ဩဂုတ် ၁၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၁၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းသည့်အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါရှင်းလင်းပွဲတွင် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ ပြောကြားချက်အား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးမြင့်ဆန်းတို့က ထပ်ဆင့်ရှင်းလင်းရာ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ ခရိုင်တရားသူကြီးများနှင့် တိုင်းအတွင်းရှိ တရားရေးအရာရှိများ စုစုပေါင်း ၁၀၅ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

---

## ပြည်နည်းပညာတက္ကသိုလ်၌ Project Show နှင့် Public Presentation ပြုလုပ်

**ပြည် ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီးပြည်မြို့ နည်းပညာတက္ကသိုလ်ခန်းမဆောင်၌ ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီခွဲက ယင်းတက္ကသိုလ်သတင်းအချက်အလက်နည်းပညာဌာန၏ Project Show နှင့် Public Presentation ပြုလုပ်ရာ ပါမောက္ခချုပ် ဒေါက်တာ ညွန့်စိုးက အမှာစကားပြောကြားသည်။ ထို့နောက် သတင်းအချက်အလက်နည်းပညာ ဌာနမှူး ဒေါက်တာနေခြည်ထွန်းက Project Show ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ယင်းဌာနမှ ကျောင်းသားကျောင်းသူများက ပရိုဂျက်တာဖြင့် သက်ဆိုင်ရာ Project များအတွက် Presentation များရှင်းလင်းတင်ပြခဲ့ကြသည်။ယင်းနောက်အဆိုပါကျောင်းသားကျောင်းသူများကို ပါမောက္ခချုပ်က Certificate များ ပေးအပ်ချီးမြှင့်ရာ ကျောင်းသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရှိရသည်။ **(ခရိုင်ပြန်/ဆက်)**

# လက်တွေ့ပစ္စုပ္ပန်အခြေအနေ၊ အတိတ်ကအားနည်းချက်များနှင့် အနာဂတ်အတွက် ယခုဖိုရမ်ကဆွေးနွေးနိုင်ကြလိမ့်မည်ဟုမျှော်လင့်

**တွေ့ဆုံမေးမြန်း - ဇင်ဦး၊ ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**


ဦးငွေဝင်းအောင်(ခ)ဦးပြုံးချို


ဒေါက်တာ မြင့်ဇံ


ဦးလေးညွန့်


ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း


ဦးအောင်လှထွန်း

မြန်မာ့ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition) ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (MICC-2) ၌ ဩဂုတ် ၁၂ ရက်တွင် ဒုတိယနေ့ အဖြစ် ဆက်လက်ကျင်းပခဲ့ရာ သက်ဆိုင်ရာခေါင်းစဉ်များဖြင့် ပြည်တွင်း ပြည်ပမှ တတ်သိပညာရှင်များ ဆက်လက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးမှုများနှင့်ပတ်သက်၍ ပါဝင်ဆွေးနွေးသူ တတ်သိပညာရှင်အချို့အမြင်များအား မြန်မာ့အလင်း သတင်းအဖွဲ့မှ မေးမြန်းခဲ့ရာ -

**ဦးငွေဝင်းအောင်(ခ)ဦးပြုံးချို**
**ပါဝင်ဆွေးနွေးသူ**

ကျွန်တော်က စစ်ဘက်အုပ်ချုပ်ရေးကနေ အရပ်ဘက်အုပ်ချုပ်ရေး အသွင်ကူးပြောင်းတဲ့အပိုင်းကို အဓိကဆွေးနွေးရပါတယ်။ ကျွန်တော်ဆွေးနွေးတာကတော့ ကျွန်တော်တို့ဟာ ဆွေးနွေးမှုတွေ အမျိုးမျိုးဖြတ်သန်းလာရပြီး အခုဆိုလို့ရှိရင် တပ်မတော်ရဲ့ပါဝင်မှုကလည်း တော်တော်ထဲထဲဝင်ဝင်ကို ရောက်လာပြီ။ အဓိကရည်ညွှန်းချင်တာကတော့ ငြိမ်းချမ်းရေး ပြန်လည်ဖော်ဆောင်မှုဖြစ်စဉ်ကြီးဖြစ်တယ်။ ဖြစ်စေချင်တာကတော့ ကျွန်တော်တို့နိုင်ငံမှာ ငြိမ်းချမ်းရေးဟာ အရေးပါပြီး ဦးစားပေးဆောင်ရွက်ရတဲ့အနေအထားလည်း ဖြစ်တဲ့အတွက် ကျွန်တော်မြင်တာကတော့ အားလုံးရဲ့စုပေါင်းပါဝင်ဖြေရှင်းရမယ့်၊ ညှိနှိုင်းဆောင်ရွက်ရမယ့် အရေးပါဆုံးအချက်ကြီးလို့ မြင်တယ်။ နောက်တစ်ခု ဒီကနေဘာတွေကို သယ်ဆောင်သွားနိုင်သလဲဆိုတော့ အမျိုးသားပြန်လည်သင့်မြတ်ရေး သယ်ဆောင်သွားနိုင်တယ်။ နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတွေကို ဆွေးနွေးနိုင်မယ်။ နောက်တစ်ခုက ကျွန်တော်တို့နိုင်ငံရဲ့ Democratization ကိုလည်း ထည့်ပြောနိုင်မယ်။ ဒါကြောင့်မို့လို့ ဒီနေ့လုပ်နေတဲ့ အသွင်ကူးပြောင်းရေးဖြစ်စဉ်မှာ ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကြီး တိုက်ရိုက်ထင်ဟပ်နေတယ်လို့ ယူဆတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံမှာ လုပ်နေတဲ့ လုပ်ငန်းစဉ်တွေရှိတယ်။ အကူးအပြောင်းက ဘယ်လိုဆက်သွားမလဲ၊ ကူးပြောင်းသင့်တဲ့နည်းလမ်းတွေကို ဘယ်လိုရှာမလဲ ဆိုတော့ ဒီ Peace Process ကိုပဲ လိုက်ပါပြီးတော့ ညီညွတ်မှုတွေနဲ့ သဘောတူညီချက်တွေ ရရှိလာနိုင်မယ်လို့ထင်တယ်။ ပြီးတော့ ပြန်သုံးသပ်ကြည့်မယ်ဆိုလို့ရှိရင် ဒီအစိုးရ တက်ပြီး တစ်နှစ်ခွဲကာလမှာ ဒီငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်လို့ သဘောတူညီချက်တချို့ကို ကျွန်တော်တို့ ရလာခဲ့ပြီ။ ဆက်လည်းလုပ်ကြမယ်ဆိုတော့ အဲဒီကနေမှ ခိုင်မြဲတဲ့ ပြည်ထောင်စုစာချုပ်ကြီး ရလာပြီဆိုလို့ရှိရင် ဒီအကူးအပြောင်းမှာ ကျွန်တော်တို့ တစ်ပါတည်းလိုက်ပါသွားပြီပဲ။ အဲဒါကြောင့်မို့ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု စီးပွားရေးတိုးတက်ပြောင်းလဲမှုတွေလည်း ဒီသဘောထားတွေနဲ့ တစ်ထပ်တည်းကျအောင် ပေါင်းစပ်နိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။ ကျွန်တော်တို့က နိုင်ငံရေးယဉ်ကျေးမှု ပုံစံသစ်တစ်ခုပေါ့ အဲဒါကဘာလဲဆိုတော့ စားပွဲဝိုင်းပေါ်မှာ ဆွေးနွေးလာတဲ့ အလေ့အထ၊ တချို့နိုင်ငံတွေမှာတော့ပြောတယ် ဒီရွေးချယ်မှုဟာ မြင့်မားတဲ့ ရွေးချယ်မှုဆိုပြီး သုံးသပ်ကြတယ်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေရဲ့ အနေအထားကို ကြည့်လိုက်မယ်ဆိုရင် ငြင်းကြမယ်၊ ခုံကြမယ်။ မတူညီမှုတွေကိုချပြကြမယ်။ အချိန်တွေယူကြတယ်။ နောက်ပြီးတော့ ဒေသအသီးသီး ကွဲပြားနေကြတဲ့သူတွေ ဒီမှာတွေ့ကြတယ်။ ဥပမာပြောရမယ်ဆိုလို့ရှိရင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေဟာ လူထုကြားထဲကပေါ်လာတာတွေ အဲဒါတွေကနေ Federal Principal တွေဖြစ်လာတာ။ အဲဒီကနေ အခြေခံပြီးတော့မှ တစ်နိုင်ငံလုံးသဘောတူညီတဲ့ ပုံသဏ္ဌာန်ကိုရယူရမှာဆိုတဲ့ အလေ့အကျင့်ကောင်းတွေရလာပြီဆိုတဲ့ လမ်းကြောင်းပေါ်ကို ရောက်လာပြီလို့တော့ ကျွန်တော်မြင်ပါတယ်။

ကျွန်တော့် ဆွေးနွေးချက်ထဲမှာတော့ Transitional Zone ဆိုပြီးတော့ တင်စားထားတာတော့ ရှိတယ်။ ဒါကလည်း ဘာကြောင့်လဲဆိုတော့ အကူးအပြောင်းက ဒီအဝန်းအဝိုင်းကြီး အားလုံးထဲမှာပါနေတဲ့သူတွေအားလုံးနဲ့ သက်ရောက်တယ်။ ကောင်းခြင်း၊ ဆိုးခြင်းတွေဟာ တခြားလုပ်ဆောင်နေတဲ့ အကူးအပြောင်း လုပ်ငန်းစဉ်တွေကိုလည်း သက်ရောက်တာတွေရှိတယ်။ အဲဒါကြောင့် ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ရည်မှန်းချက်တွေပြည့်ဖို့ သွားတဲ့လမ်းမှာ အများကြီးကြုံလာနိုင်သေးတယ်။ ဒီစိန်ခေါ်မှုတွေ ဘယ်လို ဖြစ်လာနိုင်သလဲ၊ ဘယ်လိုမျိုး ပူးပေါင်းဆောင်ရွက်မလဲ ဆိုတာတွေဟာ ဒီဆွေးနွေးပွဲတွေကနေ ကျွန်တော်တို့ ရလာမှာပါ။ ဒီနေ့သုံးရက်လုပ်တယ်ဆိုလို့ရှိရင် ကိုယ်ပိုင် အမြင်တွေ၊ နိုင်ငံတကာ ပညာရှင်တွေက တင်ပြကြတယ်။ နောက်ပြည်တွင်းထဲက ပညာရှင်တွေ၊ နိုင်ငံရေးထဲမှာ ပါဝင် ဆောင်ရွက်နေသူတွေရဲ့ အမြင်တွေတင်ပြတာနဲ့ ထည့်သွင်းစဉ်းစားစရာတွေ ရလာလိမ့်မယ်။ အကူးအပြောင်းမှာ အခုလို မျိုးပွဲတွေလုပ်ပေးတာဟာ အထောက်အပံ့တွေရလာလိမ့်မယ်လို့ ထင်တယ်။ အကူးအပြောင်းမှာ စိတ်ရှည်မှုတွေနဲ့ အခြေခံတည်ဆောက်ရမှာ ဖြစ်သလို ပါဝင်ပတ်သက်တဲ့ သူတွေအားလုံး အထွေထွေ သဟဇာတရှိတဲ့ တစ်ဆင့်ပြီး တစ်ဆင့် အကူးအပြောင်းမျိုးဟာ အားလုံးပိုပြီး လိုက်ပါနိုင် လိမ့်မယ်လို့ မြင်ပါတယ်။

**ဒေါက်တာ မြင့်ဇံ**
**ဆွေးနွေးပွဲတက်ရောက်သူ**

ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် အရင်အစိုးရ လက်ထက်တုန်းကတောင် ဒီလိုပွဲမျိုးလုပ်လို့ မရနိုင်ဘူးထင်တယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ကလည်း အစိုးရကို ဝေဖန်ခွင့်ရှိရမယ်လို့ ပြောထားတယ်။ အဲလို သဘောကျတာကတော့ နိုင်ငံခြားပညာရှင်တွေ၊ ပြည်တွင်းက ပညာရှင်တွေကို ဖိတ်ခေါ်ပြီးတော့ ပွင့်ပွင့်လင်းလင်းဆွေးနွေးတာ အများစုပြောနေတာကတော့ အမျိုးသားရင်ကြားစေ့ရေးပေါ့။ အမျိုးသားရင်ကြားစေ့ရေးဆိုတဲ့ စကားလုံးက အတိတ်ရဲ့သားကောင်လည်း ဖြစ်မသွားစေရဘူးလို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်က ပြောပါတယ်။ ဟုတ်ကဲ့ မှန်ပါတယ်။ သို့သော် အတိတ်ရဲ့သားကောင် မဖြစ်သင့်သလို အတိတ်ကိုလည်း မမေ့သင့်ပါဘူး။ အသိအမှတ်ပြုမှုတစ်ခုတော့ လိုတယ်။ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြတဲ့ အမည်မသိတဲ့ ကျောင်းသူ ကျောင်းသားလေးတွေ အများကြီးရှိပါတယ်။ အဲဒါတွေကို အသိအမှတ်ပြုစေချင်တဲ့ သဘောဖြစ်တယ်။ တရားဥပဒေစိုးမိုးရေးမှာလည်း Rule of Law နဲ့ Rule by Law ဆိုတာကမတူဘူး။ အစိုးရအပါအဝင် လူထုအားလုံးသည် ဥပဒေအောက်မှာ ရှိနေရမယ်ဆိုတဲ့ Rule of Law ဆိုတဲ့အဆင့်ကိုတော့ ဒီပြည်သူ့အစိုးရ လက်ထက်မှာ ကူးပြောင်းလာပါပြီ။

**ဦးလေးညွန့်**
**ပါဝင်ဆွေးနွေးသူ**

ကျွန်တော်က မြန်မာနိုင်ငံရဲ့ ဗဟိုထိန်းချုပ်မှုစနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်ကို ကူးပြောင်းတဲ့အခါမှာ ဘယ်လို စိန်ခေါ်မှုတွေ၊ အခွင့်အလမ်းတွေရှိမလဲဆိုတာ ပါဝင်ဆွေးနွေးတာဖြစ်ပါတယ်။ မြန်မာ့လယ်ယာကဏ္ဍမှာ ဖြစ်ပေါ်နေတဲ့ Climate Change ကြောင့် ဖြစ်ပေါ်နေတဲ့ အခက်အခဲတွေ၊ ထုတ်လုပ်မှု လျော့ကျလာတာတွေ၊ ဈေးငွေရရှိမှု ခက်ခဲခြင်းတွေ၊ သယ်ယူပို့ဆောင်မှုစရိတ် ကြီးမားခြင်းဆိုတဲ့ အခက်အခဲတွေကို ဘယ်လိုကျော်လွှားနိုင်မလဲဆိုတာကို ဆွေးနွေးပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း လယ်လုပ်ပါတယ်။ လယ်ယာလုပ်ငန်းကို မြတ်မြတ်နိုးနိုးထားပြီး လုပ်ပါတယ်။ လယ်ယာကဏ္ဍမှာ စိန်ခေါ်မှုတွေကို ပြောပြချင်ပါတယ်။ မြန်မာနိုင်ငံရဲ့ကျေးလက်နေလူထုရဲ့ ၆၀ ရာခိုင်နှုန်းဟာ လယ်ယာမဲ့တွေဖြစ်နေကြပါတယ်။ ဥပဒေမဲ့ လယ်ယာသိမ်းခံနေရတာတွေလည်းရှိနေပါတယ်။ လယ်သမားတွေအများစုက လုပ်ကွက်ငယ်လယ်သမားတွေပါ။ အာရှစံချိန်ရဲ့ တစ်ဝက်လောက်မှာပဲ ကျွန်တော်တို့ ရှိနေပါတယ်။ လယ်ယာမြေပိုင်ဆိုင်မှုတွေမှာ ဒီနေ့အထိ မေးခွန်းထုတ်စရာတွေဖြစ်နေပါသေးတယ်။ နောက်လယ်ယာကဏ္ဍ ကုန်ထုတ်စွမ်းအားဟာ ဆက်တိုက်ကျဆင်းနေပါတယ်။ လယ်ယာကဏ္ဍမှာ လုပ်သားရှားပါးပါတယ်။ လယ်လုပ်ချိန်မှာ လုပ်သားရှားတယ်။ အခြားအချိန်မှာ အလုပ်လက်မဲ့နေရပါတယ်။ သီးနှံပေါ်ချိန်မှာ တွက်ခြေမကိုက်တဲ့ အခြေအနေမျိုး ကြုံတွေ့နေရပါတယ်။ အဲဒီအချက်တွေဟာ မြန်မာ့လူထုဘဝကို ဆင်းရဲတွင်းထဲကို တွန်းချနေပါတယ်။ ကျွန်တော့်ရဲ့လေ့လာမှုအရ မြန်မာ့လူထုဘဝဆင်းရဲမှုဟာ ကျေးလက်ကလာတယ်လို့ပဲ ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘိုးစဉ်ဘောင်ဆက် ကျေးလက်ကလူတွေက ဆင်းရဲတယ်။ ဒီလူတွေဟာ ပညာရေးလည်း ကောင်းကောင်းမသင်နိုင်။ အာဟာရပြည့်ဝအောင်လည်း မစားနိုင်ဘူး။ ဆက်ခါဆက်ခါ ဆင်းရဲလာကြတယ်။ လယ်သိမ်းခံရသူတွေဟာလည်း စားဝတ်နေရေးအားလုံး ဆင်းရဲသွားကြရတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ ငါးကေအောက် လယ်သမား ၇၅ ရာခိုင်နှုန်းဖြစ်နေပါတယ်။ ဒီလယ်သမားအငယ်စားလေးတွေက ဘဝရပ်တည်ဖို့တောင် ခက်နေပါတယ်။ ဒီဒုက္ခ ဒီအခက်အခဲတွေကို ခါးစည်းခံပြီး စောင့်မျှော်နေကြပါတယ်။ ပြည်သူ့အစိုးရတက်လာချိန်မှာ သူတို့ဘဝတွေများ ပြောင်းလဲလာလေမလားဆိုပြီး ဒီနေ့အထိ ထိရောက်တဲ့ ပြောင်းလဲမှုမဖြစ်သေးပါဘူး။ အလွန်ဆင်းရဲ ကြပါတယ်။ ဒါကြောင့်မို့လို့ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး မြေယာအသုံးချရေး မူဝါဒရေးဆွဲနေပါပြီ၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရေးဆွဲနေပါပြီ ပြီးပါတော့မယ်။ ဒါပေမယ့် ဒါဟာ သိပ်ရှည်လျားတဲ့ ခရီးလမ်းကြောင်းတစ်ခုကို လျှောက်ရမှာပါ။ ဒီနေရာမှာ အစိုးရတာဝန်ရှိသူတွေရဲ့ ပူးပေါင်းပါဝင်မှု အားနည်းနေတယ်လို့ သိရတယ်။ ဘယ်လိုအခက်အခဲရှိရှိ ရဲရဲဝံ့ဝံ့ပြောင်းလဲဖို့လိုပြီလို့ ပြောချင်ပါတယ်။

အမြန်ဆုံးပြောင်းလဲဖို့လိုအပ်တဲ့ အချက်ခြောက်ချက်ကတော့ သိမ်းဆည်းခံရတဲ့မြေတွေကို အမြန်ဆုံးဖြေရှင်းပေးပါ။ တပ်မတော်က သိမ်းသိမ်း၊ အစိုးရကပဲသိမ်းသိမ်း ဥပဒေမဲ့ သိမ်းထားတာဖြစ်တဲ့အတွက် လျော်ကြေးပေးပါ။ ဒါကို ကြောက်တဲ့သူတွေလည်း ရှိပါတယ်။ မြေယာဥပဒေမှာ ပြောထားပြီးသားပါ သိမ်းထားတဲ့မြေတွေ စီမံကိန်းထည့်ရင် ပြန်ပေးပါ။ ဥပဒေမဲ့လုပ်နေတာတွေ မဖြစ်သင့်တော့ပါဘူး။ အစိုးရမှာတာဝန်ရှိပါတယ်၊ အစိုးရရဲ့ ပါဝင်ပတ်သက်မှုက အရေးကြီးပါတယ်။ နောက်တစ်ချက်က ကမ္ဘာမှာ စိုက်ပျိုးရေးထွက်ကုန်ကို သွင်းကုန်အဖြစ် အများဆုံးအသုံးပြုနေရတာတွေရှိတယ်။ ဈေးငွေမူဝါဒနဲ့ ပတ်သက်ပြီးတော့ စိုက်ပျိုးရေးဆိုင်ရာမူဝါဒတွေ ပြင်ပါ။ တိရစ္ဆာန်အစာထုတ်လုပ်ရေးဟာ အရေးကြီးပါတယ်။ တိရစ္ဆာန်အစာမှာ လိုအပ်တဲ့ Raw တွေ ရှိနေတာကို နိုင်ငံခြားက တင်သွင်းနေတာ တိုင်းပြည်အတွက် အလွန်နစ်နာပါတယ်။ ဒီနေ့ မြေခွန်စနစ်ဟာ လယ်သမားဆောင်ရတာထက် အစိုးရဘတ်ဂျက်ထဲကို ရောက်တာဟာ အလွန်နည်းပါးနေပါတယ်။ ဒီအချက်တွေကိုတော့ အမြန်ဆုံးပြင်စေချင်ပါတယ်။ လက်တွေ့ပစ္စုပ္ပန်အခြေအနေ၊ အတိတ်က အားနည်းချက်များနဲ့ အနာဂတ်အတွက် ယခုဖိုရမ်က ဆွေးနွေးနိုင်ကြလိမ့်မယ်ဟု မျှော်လင့်ပါတယ်။

*စာမျက်နှာ ၇ သို့*

**ပြည်တွင်းစစ်ကို ချုပ်ငြိမ်းစေချင်တယ်။ ကျွန်တော်တို့ ပင်လုံမှာ မျှော်မှန်းခဲ့တဲ့အတိုင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မှာလည်း သဘောတူထားတဲ့အတိုင်း ဒီပြည်ထောင်စုကြီးကို ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံပြီးတော့မှ ပြန်လည်တည်ဆောက်ချင်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲရလဒ်နဲ့အညီပေါ့။**

*✻ ကျောဖုံးမှ*

လွတ်လပ်ရေးကျောက်တိုင်ကွင်းအတွင်း ညစျေးတန်း ပြောင်းရွှေ့ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်းပြီး မြို့ခံတစ်ဦးကလည်း “ဒါကလုံးဝမဖြစ်နိုင်ပါဘူး။ ဒီကွင်းထဲမှာ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အာဇာနည်နေ့စတဲ့ အခမ်းအနားတွေကို နှစ်စဉ် ကျင်းပပြုလုပ်နေမြဲဖြစ်လို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းက မြို့ရဲ့ ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံတဲ့ကွင်းအဖြစ် တည်ရှိနေတာပါ။ ဒီလိုညစျေးတန်းလုပ်လိုက်မယ်ဆိုရင် ကွင်းထဲမှာ အမှိုက်ကအစ စွန့်ပစ်အညစ်အကြေးတွေ ရှိလာနိုင်ပါတယ်။ ဒီကွင်းကို မြို့ကျက်သရေဆောင်အဖြစ် လွတ်လပ်ရေးကျောက်တိုင်ကွင်းတစ်ခုအနေနဲ့ပဲ သီးသန့်ရှိနေစေချင်ပါတယ်”ဟု ပြောသည်။

ပြင်ဦးလွင် လွတ်လပ်ရေးကျောက်တိုင်ကွင်းအတွင်း နိုင်ငံတကာအဆင့်မီ ညစျေးတန်းဖြစ်လာစေရန် ရေ၊ မီး၊ မိလ္လာ၊ သန့်ရှင်းရေးစနစ်များဖြင့် စနစ်တကျ ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အမှန်တကယ် အကောင်အထည်ဖော်ဆောင်နိုင်ပြီဆိုပါက မြို့နေပြည်သူများထံသို့ လုပ်ကိုင်ဆောင်ရွက်မည့် အခြေအနေများကို သိလာနိုင်ရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၏ ပင်ကိုလည်း မပျက်စီးမယိုယွင်းရအောင် ညစျေးတန်းကို ကျောက်တိုင်၏ အနောက်ဘက်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်တစ်ဦးက ဆက်လက်ပြောကြားသည်။

# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (၁၅) ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် နီပေါနိုင်ငံ ကတ္တမန္ဒူမြို့၌ ဩဂုတ် ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပသော (၁၅) ကြိမ်မြောက် ဘင်္ဂလားပင်လယ်အော် ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးအစီအစဉ် (ဘင်းမ်စတက်) နိုင်ငံခြားရေးဝန်ကြီး များအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် နီပေါနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Krishna Bahadur Mahara က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဘင်းမ်စတက် အဖွဲ့ဝင် ခုနစ်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ခဲ့ ကြသည်။

ဩဂုတ် ၁၀ ရက် ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် (၁၅) ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် နီပေါနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sher Bahadur Deuba က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှု၊ ရင်းနှီး မြှုပ်နှံမှုကဏ္ဍ၊ စွမ်းအင်နှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုကဏ္ဍ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးကဏ္ဍ၊ နိုင်ငံများအကြား ဆက်သွယ်မှု (Connectivity) အပါအဝင် ကဏ္ဍပေါင်းစုံတွင် တိုးမြှင့် ပူးပေါင်းဆောင်ရွက်ကြရေးအတွက် အလေးပေးပြောကြားခဲ့ သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် နီပေါနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sher Bahadur Deuba အား ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ စုပေါင်းတွေ့ဆုံခဲ့ပြီး ညပိုင်းတွင် နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။




**ဒုတိယဝန်ကြီး ဦးကျော်တင် (၁၅)ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**

ဩဂုတ် ၁၁ ရက်တွင် ဒုတိယဝန်ကြီးသည် (၁၅) ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဘင်းမ်စတက် ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံ၏ ပါဝင် ဆောင်ရွက်မှုများနှင့်ပတ်သက်၍ မိန့်ခွန်းကို ပြောကြားခဲ့သည်။ ဒုတိယဝန်ကြီးက ဘင်းမ်စတက်အဖွဲ့၏ ဦးစားပေးကဏ္ဍ ၁၄ ခုအနက် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း၊ စွမ်းအင်သုံးစွဲနိုင်မှုသည် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရုံမျှမက ဆင်းရဲမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင်လည်း အထောက် အပံ့ပေးနိုင်မည်ဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍနှင့် ခရီး သွားလာမှုလုပ်ငန်းကဏ္ဍတို့တွင် တိုးတက်ရေးအတွက် ပိုမို ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဘင်းမ်စတက် အဖွဲ့ဝင် နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများကို ကောင်းမွန်သော ပတ်ဝန်းကျင် ဖန်တီးပေး နိုင်မည့် စီးပွားရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ အကြမ်းဖက်မှုသည် ဘင်္ဂလားပင်လယ်အော်ဒေသသာမက အရှေ့တောင်အာရှ ဒေသ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်လျက်ရှိရာ အဖွဲ့ဝင်နိုင်ငံများအကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သင့် ကြောင်းနှင့် ဒေသတွင်းအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ် များ အောင်မြင်မှုမှာ ငြိမ်းချမ်းတည်ငြိမ်သော ပတ်ဝန်းကျင်တစ်ခု ရှိရန် အရေးကြီးကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့ သည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံခြားရေး ဝန်ကြီးများက ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း အိန္ဒိယနိုင်ငံ ဂိုအာမြို့၌ ကျင်းပခဲ့သည့် ဘင်းမ်စတက် ခေါင်းဆောင်များသီးသန့်အစည်းအဝေး (BIMSTEC Leaders' Retreat) အတွင်း ချမှတ်ခဲ့သည့် လမ်းညွှန်ချက် များအား အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ တိုးတက် မှုများကိုလည်းကောင်း၊ နှစ် (၂၀) ပြည့် ဘင်းမ်စတက် တည်ထောင်ခြင်းဆိုင်ရာ အထိမ်းအမှတ်အဖြစ် နိုင်ငံ အလိုက် ဆောင်ရွက်နေသည့် လှုပ်ရှားမှုများနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် BIMSTEC Grid Interconnection ဆိုင်ရာ နားလည်မှုစာချွန်လွှာအား အမြန်ဆုံးလက်မှတ် ရေးထိုးရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးက တာဝန်ထမ်းဆောင်မှု သုံးနှစ်သက်တမ်းပြည့်သွားသည့် ဘင်းမ်စတက်၏ လက်ရှိအတွင်းရေးမှူးချုပ်၏ နေရာတွင် အက္ခရာစဉ်အရ တာဝန်ယူရန် အလှည့်ကျသည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ အဆိုပြုသော Mr. M Shahidul Islam အား ခန့်အပ်ကြောင်း အတည်ပြုခဲ့သည်။ ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေးများသို့ ဒုတိယဝန်ကြီးနှင့်အတူ နီပေါနိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးလည်း တက်ရောက်ခဲ့ သည်။

အစည်းအဝေးအပြီးတွင် (၁၅) ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲ ထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

ဒုတိယဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ကတ္တမန္ဒူမြို့ရှိ မြန်မာသံရုံးသို့ သွားရောက်ခဲ့ပြီး သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်း များကို တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း**

**ပါဝင်ဆွေးနွေးသူ**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲပူးတွဲကော်မတီရဲ့ အတွင်းရေးမှူးအဖွဲ့ဝင်တစ်ဦးအနေနဲ့ ငြိမ်းချမ်းရေးကိစ္စကိုပဲ အဓိကထားပြီး ဆွေးနွေးမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကိစ္စ ကို ဆောင်ရွက်တယ်၊ နိုင်ငံရေးဆွေးနွေးပွဲကိုလုပ်တယ်ဆိုတဲ့ နေရာမှာ အဓိကအနေနဲ့ ရည်မှန်းချက်သုံးခုရှိပါတယ်။ အဲဒီ သုံးခုကိုပြောမှာ ဖြစ်ပါတယ်။ နှစ်ပေါင်း ၇၀ နီးပါးကြာပြီ ဖြစ်တဲ့ ပြည်တွင်းစစ်ကို ချုပ်ငြိမ်းစေချင်တယ်။ ကျွန်တော်တို့ ပင်လုံမှာ မျှော်မှန်းခဲ့တဲ့အတိုင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မှာလည်း သဘောတူထား တဲ့အတိုင်း ဒီပြည်ထောင်စုကြီးကို ဒီမိုကရေစီနဲ့ ဖက်ဒရယ် စနစ်ကို အခြေခံပြီးတော့မှ ပြန်လည်တည်ဆောက်ချင်ပါ တယ်။ နိုင်ငံရေးဆွေးနွေးပွဲရလဒ်နဲ့အညီပေါ့။ အဲ့ဒီလို ဒီမို ကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို ထူထောင်နိုင်ဖို့အတွက် အခြေခံသုံးခု လိုအပ်ပါတယ်။ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့် အခွင့်အရေးတွေကိုအာမခံချက်ပေးတဲ့ ပြည်ထောင်စု မျိုးကို ထူထောင်ဖို့လိုပါတယ်။ ဒါက ဒုတိယရည်မှန်းချက် ဖြစ်ပါတယ်။ တတိယရည်မှန်းချက်ကတော့ ကျွန်တော်တို့ အနေနဲ့ ပြည်တွင်းစစ်တွေ ချုပ်ငြိမ်းပြီးပြီ၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတွေ တည် ဆောက်ပြီးပြီဆိုရင် ကျွန်တော်တို့ ဘာဆက်လုပ်မလဲ။ တချို့ ထင်တယ် တိုင်းရင်းသားတွေ အခွင့်အရေးရပြီးလို့ရှိရင် ခွဲထွက်သွားကြမလား။ ပြည်ထောင်စုကြီးပြိုကွဲသွားမလား ဆိုတာမေးကြပါတယ်။ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ တတိယရည်မှန်းချက်က ဒီပြည်ထောင်စုကြီးကို ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်ကြီးမှာ ထူထောင်ခဲ့တဲ့အတိုင်း အခိုင်အမာ တည်ဆောက်ချင်တယ်။ မပြိုကွဲအောင် ထိန်းသိမ်းချင်တယ်။ ပြည်ထောင်စုကို ကာကွယ်ချင်တယ်။ ပြည်ထောင်စုကြီး ခိုင်မာရေးက ကျွန်တော်တို့ရဲ့ တတိယရည်မှန်းချက်ဖြစ်ပါ တယ်။ ဒီသုံးခုဟာ ငြိမ်းချမ်းရေးဖြစ်စဉ်အားလုံးရဲ့ အဓိက ရည်မှန်းချက်တစ်ခုဖြစ်တယ်လို့ ပြောချင်တယ်။

အဲ့ဒီလိုလုပ်တဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ စိန်ခေါ်မှု ကြီးနှစ်ခုရှိပါတယ်။ တစ်ခုက ကျွန်တော်တို့ တိုင်းရင်းသား ဘက်ကလာတာဖြစ်တယ်။ တစ်ခုက အစိုးရ သို့မဟုတ် တပ်မတော်ဘက်က လာတာရှိတယ်။ ကျွန်တော်တို့တိုင်းရင်း သား ဘက်ကလာတဲ့စိန်ခေါ်မှုက ဘာလဲဆိုတော့ တိုင်းရင်း သားတွေ နှစ်ပေါင်းများစွာ လက်နက်ကိုင်စစ်ပွဲဆင်နွှဲနေပြီ။ ကျွန်တော်တို့လိုချင်တာတွေ ပင်လုံထဲက တောင်းဆိုနေပြီ။ ဘယ်တော့မှလည်း ရမှာမဟုတ်ဘူး။ ဒီမိုကရေစီလည်း ရမှာမဟုတ်ဘူး။ တန်းတူရည်တူလည်း ရမှာမဟုတ်ဘူး။ ဖက်ဒရယ်လည်းရမှာ မဟုတ်ဘူး။ ဒါ့အတွက်ကြောင့် လက်နက်ကိုင်တော်လှန်ရေးကို ဆက်လက်ကိုင်စွဲဖို့လို တယ်ဆိုတဲ့အမြင်ဖြစ်ပါတယ်။ အဲဒီအမြင်က ငြိမ်းချမ်းရေး ရရှိဖို့အတွက် ကျွန်တော်တို့ကို စိန်ခေါ်မှုတွေဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရလို့ရှိရင် ငြိမ်းချမ်းရေးတည်ဆောက် ဖို့အတွက် အခက်အခဲရှိစေပါတယ်။ အဲဒီအတွက်ကြောင့် ဒါကို ကျွန်တော်တို့ ကျော်လွှားဖို့လိုပါတယ်။ စိန်ခေါ်မှုကို ကျော်လွှားဖို့ လုံးဝလိုအပ်တယ်။ လက်နက်ကိုင်တော်လှန် ရေးဆိုတာ ကျွန်တော်တို့အဖြေမဟုတ်ဘူး။ ဒီတိုင်းပြည်ရဲ့ ပြဿနာဟာ စစ်ပွဲပြဿနာမဟုတ်ဘူး။ နိုင်ငံရေး ပြဿနာ ဖြစ်တယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းနိုင် မယ်ဆိုရင် လက်နက်ကိုင်မှ ကျွန်တော်တို့အခွင့်အရေးကို ကာကွယ်လို့ရမယ်။ လက်နက်ကိုင်မှပဲ ကျွန်တော်တို့ကို ဗမာ တွေက အထင်မသေးဘဲ မစော်ကားဘဲနဲ့ လက်နက်ကိုင်မှ ကျွန်တော်တို့လူမျိုးမပပျောက်အောင် ထိန်းသိမ်းနိုင်မယ် ဆိုတဲ့အမြင်က ပြောင်းဖို့လိုတယ်။ လက်နက်ကိုင်လမ်းစဉ် ကနေပြီးတော့ နိုင်ငံရေးဆွေးနွေးပွဲကနေ ဒီမိုကရေစီရေး၊ အမျိုးသားရေး တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့် အရေးတွေကို အာမခံချက်ပေးနိုင်တဲ့၊ ပင်လုံစိတ်ဓာတ်၊ ပင်လုံကတိကဝတ်တွေကို အကောင်အထည်ဖော်နိုင်တဲ့ ပြည်ထောင်စုကြီး ထူထောင်နိုင်မယ်လို့ထင်တယ်။

ဗမာလူမျိုး ဒါပေမယ့် ဗမာလူမျိုးထဲမှာလည်း အားလုံး မဟုတ်ဘူး။ အထူးသဖြင့် တပ်မတော်ဘက်က ၁၉၆၀ ပြည့် နှစ်ကတည်းကနေ စွဲလာတဲ့အယူအဆ ဒါလည်းပြောင်း လဲဖို့လိုတယ်။ ဒါက ဘာလဲဆိုတော့ နိုင်ငံရဲ့ အချုပ်အခြာ အာဏာကို လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ် ရေးကိုသော်လည်းကောင်း၊ ပြည်ထောင်စုမပြိုကွဲရေးကို သော်လည်းကောင်း၊ ငါတို့ပဲ လုပ်နိုင်တယ်။ ငါတို့လုပ်မှပဲ အဆင်ပြေတယ်ဆိုတဲ့ အမြင်ကမှားပါတယ်။ ဒီတိုင်းပြည်မှာ လူမျိုးပေါင်းစုံရှိတာဖြစ်တယ်။ အဲ့ဒီအတွက်ကြောင့် လူမျိုးပေါင်းစုံက ငါတို့ပဲ လုပ်ရမယ်ဆိုတဲ့ အမြင်ကနေ ပြောင်းလဲပြီးတော့ ကျွန်တော်တို့အားလုံး အတူတကွ တာဝန် ယူ ဆောင်ရွက်ဖို့လိုတယ်ဆိုတဲ့အမြင်ကို ပြောင်းဖို့လိုတယ်။ အဲ့ဒီလို ငါတို့ပဲလုပ်နိုင်တယ်။ ငါတို့ပဲ လုပ်ရမယ်။ ငါတို့မှာပဲ တာဝန်ရှိတယ်။ တာဝန်ခံမှုရှိတယ်ဆိုတဲ့အမြင်က ဘယ်က ပေါ်လာသလဲဆိုတော့ အမှန်စင်စစ်က အကြောက်တရား ကနေပေါ်လာတာ။ စိုးရိမ်မှုကနေပေါ်လာတာဖြစ်တယ်။ စိုးရိမ် မှု အကြောက်တရားဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော် တို့တိုင်းပြည်က ဘာဖြစ်သွားလဲဆိုတော့ ပြည်ထောင်စုကို ထူထောင်ရမယ့်အစား တစ်ပြည်ထောင်စနစ်ကို ဦးတည် သွားတယ်။ ဒီမိုကရေစီကျင့်စဉ်ကိုကျင့်သုံးပြီးတော့ လူထု လွတ်လပ်ခွင့်ပေးရမယ့်အစား လူထုရဲ့ အခွင့်အရေးကို ပိတ်ပင်ပြီးတော့ ဗဟိုဦးစီးစနစ်ကိုကျင့်သုံးတယ်။ တိုင်းရင်း သားတွေကို အခွင့်အရေးပေးရမယ့်အစား တိုင်းရင်းသား အခွင့်အရေးတွေကို ပိတ်ပင်ပြီးတော့ အာဏာရှင်စနစ်ကို ထူထောင်တယ်။ ဒါဟာ ကျွန်တော်တို့တိုင်းပြည်အတွက် အကျိုးမရှိဘူး။ ဒါကြောင့် အစိုးရနဲ့ တပ်မတော်ဘက်က Mindset ပေါ့ သူတို့ရဲ့တွေးခေါ်မြော်မြင်တဲ့ပုံစံကဘာလဲ။ ကျွန်တော်တို့ဘက်က ပြင်ဖို့လိုသလို တိုင်းရင်းသားဘက် မှာလည်း လက်နက်ကိုင်တော်လှန်ရေးမှတစ်ပါး အခြားမရှိ ဘူးဆိုတာကို ပြောင်းဖို့လိုတယ်။ သူတို့ဘက်ကလည်း ငါတို့ပဲ လုပ်နိုင်တယ်။ ငါတို့မရှိရင်ဆိုတဲ့ အတွေးအခေါ်ကနေ ပြောင်းဖို့လိုတယ်။ ကျွန်တော်တို့အားလုံး ပူးပေါင်းပြီး ဆောင်ရွက်လိုက်လို့ရှိရင် ဖြစ်နိုင်တယ်ဆိုတာကို ကျွန်တော် ပြောချင်ပါတယ်။

**ဦးအောင်လှထွန်း**

**ပါဝင်ဆွေးနွေးသူ**

မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းရေးကာလမှာ မီဒီယာ လောကမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှု တွေ၊ အဲဒါကို ဘယ်လိုဖြေရှင်းမလဲ။ မီဒီယာလောကသား တွေရဲ့တာဝန်ပေါ့။ ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ရတဲ့အခါမှာ ဘာတွေလုပ်ရမလဲ။ အဲဒါကို ကျွန်တော်တို့နိုင်ငံ အတွေ့ အကြုံအပေါ်မှာအခြေခံပြီးတော့ အတွေ့အကြုံကို ဆွေးနွေး သွားမှာဖြစ်ပါတယ်။

မီဒီယာကဒီမိုကရေစီအသွင်ကူးပြောင်းမှုသာမကဘူး၊ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်တဲ့အခါမှာလည်း အရေးပါတယ်။ အသွင်ကူးပြောင်းရာမှာလည်း အရေးပါတယ်။ ဒီမိုကရေစီ ရသွားပြီးတဲ့ အိန္ဒိယတို့၊ အမေရိကတို့၊ ဥရောပနိုင်ငံတွေ မှာလည်း မီဒီယာရဲ့တာဝန်က အဲ့ဒီဒီမိုကရေစီကို ခိုင်မာ အောင် စောင့်ထိန်းရမယ်။ လူ့အခွင့်အရေးကို ကာကွယ်ရ မယ်။ လုပ်စရာတွေက အများကြီးရှိတာပါ။ မီဒီယာရဲ့ အခန်း ကဏ္ဍဟာ ဘယ်တော့မှမကုန်ခန်းဘူး။ ထာဝရရှိနေမှာပဲ။ အသွင်ကူးပြောင်းရင်ကိုမကဘူး။ ဒီနေ့ဆွေးနွေးပွဲကတော့ အသွင်ကူးပြောင်းကာလမှာရှိတဲ့ မီဒီယာရဲ့စိန်ခေါ်မှုတွေ၊ မီဒီယာရဲ့အခန်းကဏ္ဍတွေကို ဆွေးနွေးမှာပါ။ အာဏာရှင်စနစ် ကို တော်လှန်တဲ့အခါမှာလည်း မီဒီယာက ရှေ့ကပါရတယ်။ အဲ့ဒီက ကူးပြောင်းတဲ့ဟာလည်း မီဒီယာက ပါရတယ်။ ဒီမို ကရေစီတက်လာရင်လည်း မီဒီယာကပဲ စောင့်ကြည့်ရမှာ။ တချို့က ဘယ်လိုယူဆကြသလဲဆိုရင် ဒီမိုကရေစီရသွားပြီ၊ မီဒီယာတွေ လုပ်စရာမလိုတော့ဘူး။ တကယ်က မီဒီယာတွေ ပိုတောင်အလုပ်လုပ်ရမယ်။ ဒီမိုကရေစီမှာ လူတိုင်းက လွတ်လပ်သွားပြီလေ။ လူတိုင်းက ကိုယ့်အတွေးအခေါ်နဲ့ ကိုယ့်အယူအဆနဲ့ကိုယ် ဖြစ်လာပြီ။ အားလုံးက Relax လုပ်လာပြီဆိုတော့ မီဒီယာရဲ့တာဝန်က ပိုတောင်ကြီးလာ တယ်။ ဒီမိုကရေစီလူ့ဘောင်ရောက်လာရင်လေ။ ဒီဖိုရမ် က ပထမဆုံးအကြိမ်ဖြစ်တဲ့အတွက် သိပ်ထူးခြားပါတယ်။ မီဒီယာတွေကို များများလာစေချင်တယ်။ အခုကတော့ အမြင်ဖလှယ်တာပေါ့။ Resolution ရှာတာမဟုတ်ဘူး။ အဲဒါနဲ့ ပတ်သက်ပြီးတော့ အမြင်ချင်းဖလှယ်ကြတယ်။ တင်ပြကြတယ်။ ဘာပြောပြော လေ့လာခွင့်ရတယ်။ ဆန်းစစ် ခွင့်ရတာပေါ့။ ဘာတွေလိုနေလဲ။ ဘာတွေ အားနည်းချက် တွေရှိတယ်။ ပြီးတော့ နိုင်ငံခြားပညာရှင်တွေလည်းပါတယ်။ သူတို့ရဲ့အမြင်တွေကိုလည်း သိရမှာပါ။ နိုင်ငံတကာက အတွေ့အကြုံတွေကို ဖလှယ်ခွင့်ရမှာပါ။ အဲ့ဒါတွေက အမြတ် ပါ။ ဒီဖိုရမ်ကို ကြိုဆိုပါတယ်။ အခုဆိုရင် Democratic Transition ဟာ ခြောက်နှစ်လောက်ရှိပါပြီ။ ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်းကနေ စလာတယ်။ တဖြည်းဖြည်း ပေါ့။ နောက်ကိုတစ်ချက်ပြန်ကြည့်ရတာပေါ့၊ ဘာတွေလိုလဲ။ ဘယ်လောက်တိုးတက်မှုရှိလဲ။ ဘာအားနည်းချက်ရှိလဲ။ ဘာတွေလိုအပ်လဲ။ နိုင်ငံတကာမှာ ဒီလို Transition မှာ ဘာအခက်အခဲတွေ တွေ့ခဲ့လဲ။ ဘယ်လိုစိန်ခေါ်မှုတွေ တွေ့ ခဲ့လဲ။ ဘယ်လိုကျော်လွှားခဲ့လဲ။ အဲ့ဒါတွေကို သိရှိဖို့လိုပါ တယ်။ အမြင်ချင်းဖလှယ်ဖို့ လိုပါတယ်။ သိရင်အကျိုးထူးမယ် လို့ထင်ပါတယ်။

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမဆောင်သစ်ဖွင့်




နေပြည်တော် ဩဂုတ် ၁၂

**နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၌ အသစ်တည်ဆောက်ပြီးစီးခဲ့သည့် ဘွဲ့နှင်းသဘင်ခန်းမ ဆောင်သစ်နှင့် သင်တန်းသူ နှစ်ထပ်အိပ်ဆောင်သစ် ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီ ကောလိပ်နှင့် တက္ကသိုလ်များ၌ သီးခြားစီ ကျင်းပသည်။ (ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကျောင်းအုပ်ကြီးတို့မှ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် တာဝန်ယူဆောက်လုပ်ခဲ့သည့် New Star Light Co.Ltd က ဘွဲ့နှင်းသဘင်ခန်းမနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ကျောင်းအုပ်ကြီးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖွင့်ပွဲအထိမ်းအမှတ် ဘွဲ့နှင်းသဘင်ပုံစံငယ်များအား New Star Light Co.Ltd ဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌတို့အား ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘွဲ့နှင်းသဘင်ခန်းမဆောင်သစ်အား လိုက်လံကြည့်ရှုစစ်ဆေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၌ အသစ်တည်ဆောက်ပြီးစီးခဲ့သည့် သင်တန်းသူ နှစ်ထပ်အိပ်ဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။ ဆက်လက်၍ တာဝန်ယူဆောက်လုပ်ခဲ့သည့် တုန်တာကုမ္ပဏီက အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သင်တန်းသူ နှစ်ထပ်အိပ်ဆောင်သစ်အား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေ့လယ်ပိုင်းတွင် ဒီဂရီကောလိပ်နှင့် ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေး၊ ကျန်းမာရေး ကဏ္ဍတွေကို ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ဝေးလံခေါင်ပါးသည့် နယ်စပ်ဒေသအသီးသီးမှာရှိသည့် တိုင်းရင်းသားလူငယ်များ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်ပညာရပ်များအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့၌ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း အောင်မြင် တတ်မြောက်သူများအား လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဘာသာစကားကွဲပြားမှု၊ ရာသီဥတု အခြေအနေဆိုးရွားမှုနှင့် ဝေးလံခေါင်ပါး၍ ပြည်မမှ သွားရောက်ရန်ခက်ခဲသည့် နယ်စပ်ဒေသအသီးသီးသို့ တိုင်းရင်းသားလူငယ်များ၏ ပညာရည်တိုးတက်မြင့်မားလာစေရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၌ ခန့်အပ်တာဝန်ပေးလျက်ရှိကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# လူထုဗဟိုပြုစီမံကိန်း အဖွဲ့အစည်းပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**ဖားဆောင်း ဩဂုတ် ၁၂**

ကမ္ဘာ့ဘဏ်၏ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စီမံကိန်းစက်ဝန်းအတွက် မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီခွဲက ဖားဆောင်းမြို့နယ် ဖားစည်သံလွင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာကော်မတီဝင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကျေးလက်နေပြည်သူလူထုအနေဖြင့် အခြေခံလူမှု၊ စီးပွားအဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို လူထုဗဟိုပြုစနစ်ကျင့်သုံး၍ ရယူသုံးစွဲနိုင်စေရန်ဟူသော လူထုဗဟိုပြုစီမံကိန်း ရည်ရွယ်ချက်နှင့်အညီ ကျေးရွာလူထု၏ ဆန္ဒလိုအပ်ချက်များကို ကျေးရွာလူထုကိုယ်တိုင် စီမံခန့်ခွဲအကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာမှာ အများသဘောတူ၊ အများဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်းမှာ ဒီမိုကရေစီအသွင် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားပြီး တိုင်းရင်းသားရိုးရာအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး သုံးသပ်ဆွေးနွေးခြင်းများကို ဆက်လက်ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးသိန်းက လူထုဗဟိုပြု အကြောင်းအရာများအား ရှင်းလင်းတင်ပြခြင်း၊ (ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်) လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးခူးကလောရယ်က ပထမနှစ်လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းတင်ပြခြင်း၊ ကျေးရွာကော်မတီများက စီမံကိန်းလုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်အား ရှင်းလင်းတင်ပြခြင်း၊ အဖွဲ့လိုက်ဆွေးနွေးခြင်း၊ အကောင်းဆုံးဆုရရှိကြသော ကျေးရွာ/အုပ်စုများအား ဆုများ ရွေးချယ်ပေးအပ်ချီးမြှင့်ခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်းအနေဖြင့် ပထမနှစ်စီမံကိန်းစက်ဝန်းကို အကောင်အထည်ဖော်နေခြင်းမှာ ကျေးရွာအုပ်စု ၁၉ အုပ်စု၊ ကျေးရွာ ၈၉ ရွာအနက် ကျေးရွာ ၅၀ အား စီမံကိန်းလုပ်ငန်းခွဲပေါင်း ၅၄ ခုကို ဆောင်ရွက်ခဲ့၍ ယခုဆိုလျှင် ရာနှုန်းပြည့် ပြီးစီးနေပြီးဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်း မြို့နယ် ခုနစ်မြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းအနေဖြင့် ကျေးရွာအုပ်စု ၇၄ အုပ်စု၊ ကျေးရွာ ၃၂၂ ရွာတွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၃၄၁ ခုကို ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ၉၉ ရာခိုင်နှုန်း ပြီးစီးနေပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဓမ္မသိဒ္ဒိဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်အား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းနှင့် ဆွမ်းစားဆောင်ဆောက်လုပ်ရန်အတွက် အလှူငွေများကို ပေးအပ်သည်။ ဆက်လက်၍ အ.မ.က ခဲမဖြူ (၂) စာသင်ကျောင်းအတွက် လိုအပ်သောစားပွဲ၊ ကုလားထိုင်များ ဝယ်ယူရန်အတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် လမ်းပြကြယ်ဖြူပညာရေးရိပ်သာ ဘော်ဒါဆောင်သို့သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများအတွက် တစ်လစာ ဆန်အိတ် ၄၀ ကိုလည်းကောင်း၊ ခဲမဖြူ အထက်တန်းကျောင်းခွဲသို့ သွားရောက်ကာ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး ကျောင်းအတွက် လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ထိုင်းရောက် မြန်မာရွှေ့ပြောင်းအလုပ်သမား ကလေးငယ်များအား မြန်မာဘာသာစကားသင်ကြားရန် ထိုင်းပညာရေးဌာနမှ သဘောတူ

**ဗန်ကောက် ဩဂုတ် ၁၂**

ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်း မြန်မာအလုပ်သမားမိသားစုများ၏ ကလေးငယ်များအား မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာဘာသာစကားသင်ကြားပေးရေး မြန်မာအစိုးရနှင့် ပဏာမ သဘောတူညီမှုရရှိခဲ့ကြောင်း ထိုင်းပညာရေးဝန်ကြီးဌာနက ပြောဆိုခဲ့ကြောင်း ဩဂုတ် ၁၁ ရက်နေ့ ဗန်ကောက်ပို့စ် သတင်းဖော်ပြချက်အရ သိရသည်။

ထိုင်းနိုင်ငံရောက်ရှိ အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ ပညာသင်ကြားနေကြသည့် ကလေးငယ်များ မူလနေရပ်သို့ ပြန်ကြသည့်အခါ အဆင်ပြေစေနိုင်ရန် ရည်ရွယ်ပြင်ဆင်ပေးခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအတွင်း ထောင်ချီရှိနေကြသည့် မြန်မာရွှေ့ပြောင်းမိသားစုများ၏ ကလေးငယ်များအား မြန်မာဘာသာစကား၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ သင်ခန်းစာများ လေ့ကျင့်သင်ကြားပေးနိုင်ရေး မြန်မာနိုင်ငံမှ ဆရာ ဆရာမများ ပို့လွှတ်ပေးရန် ထိုင်းပညာရေးဝန်ကြီးဌာနက ပြောထားကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

# နေပြည်တော် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးမှ အခမဲ့ကွင်းဆင်း ဆေးကုသ

**နေပြည်တော် ဩဂုတ် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးမှ အခမဲ့ကွင်းဆင်းကုသမှုကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာရှိ "မြင့်မြတ်အောင်" ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးမှ အကြီးတန်းတိုင်းရင်းဆေးမှူး ဦးလှမော်နှင့် ဆရာ ဆရာမ ၅၀ သည် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဒေသခံ ၁၁၅ ဦးကို ကျန်းမာရေး အခမဲ့စစ်ဆေးခြင်းနှင့် အခမဲ့ကုသ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# မောင်တောမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေး

**မောင်တော ဩဂုတ် ၁၂**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မောင်တောမြို့နယ် ဘဏ်ခွဲတွင် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၇ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကို မေလ ၂၃ ရက်မှ ထုတ်ချေးပေးလျက်ရှိရာ မောင်တောမြို့နယ်တွင် ကျေးရွာအုပ်စု ၁၄ အုပ်စု၊ တောင်သူ ၆၂၂ ဦး၊ မိုးစပါးစိုက်ဧက ၁၈၇၅ ရှိပြီး တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် ငွေကျပ် ၂၈၁၂ သိန်းငါးသောင်း ထုတ်ချေးပြီးဖြစ်ကြောင်း မောင်တောမြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးထွန်းအောင်က ပြောသည်။

ရန်အောင်မြင်ကျေးရွာမှ အသက် ၅၁ ရှိ ဒေါ်မေပြားစိန်က "မနှစ်ကတော့ ချေးငွေမထုတ်ပါဘူး။ ဒီနှစ်မိုးစပါး သုံးဧကအတွက် ချေးငွေလာထုတ်တာပါ။ ဒီကရတဲ့ငွေနဲ့ စိုက်ပျိုးစရိတ်တွေပေးရမှာဖြစ်ပါတယ်" ဟု ပြောသည်။

ရန်အောင်မြင်ကျေးရွာမှ ဦးဌေးလှိုင်ကလည်း "မနှစ်က ငွေအခက်အခဲမရှိလို့ လာမထုတ်ဖြစ်ဘူး။ ဒီနှစ်က အခက်အခဲရှိလို့ ချေးငွေလာထုတ်တာပါ။ မိုးစပါးစိုက်တာ ပြီးတဲ့သူပြီးပြီ၊ ကျန်တဲ့သူလည်း ကျန်သေးတယ်။ အခုထုတ်ပေးတဲ့ ချေးငွေနဲ့ စိုက်ပျိုးစရိတ်တွေ ပေးရမယ်။ မြေဆီ၊မြေဩဇာ ဝယ်ရမယ်။ ကျန်တဲ့ငွေကိုတော့ အခြေအနေကြည့်ပြီး မွေးမြူရေးလုပ်ရမယ်" ဟု ပြောသည်။

လွန်ခဲ့သည့်နှစ်က မောင်တောမြို့နယ်တွင် ကျေးရွာအုပ်စု ၁၈ အုပ်စု၊ တောင်သူ ၁၀၆၉ ဦးရှိခဲ့ကြောင်း၊ မိုးစပါးစိုက်ဧက ၃၀၂၂ ဧကအတွက် ချေးငွေ ငွေကျပ် ၄၅၃၃ သိန်း ထုတ်ချေးခဲ့ပါကြောင်း၊ အပြန်အလှန်အာမခံစနစ်အရ တောင်သူသုံးဦးတစ်ဖွဲ့တွင် သုံးဦးစလုံး ချေးငွေပြန်ဆပ်ပြီးမှသာလျှင် ချေးငွေသစ် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ တောင်သူများ ပေးဆပ်ရန် ကျန်ရှိနေသည့်ငွေမှာ ငွေကျပ် ၇၀၄ သိန်းရှိကြောင်း မောင်တောဘဏ်ခွဲမှ သိရှိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**အောဝမ်းစိုး၊ မျိုးသူဟိန်း**



# ရေကူးရေခန်း ကြိုးပမ်းယှဉ်ပြိုင်




**ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၏ဂုဏ်သိက္ခာ၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ ပြယုဂ်တစ်ခုအနေဖြင့် ဖော်ဆောင်နိုင်ရန် အားကစားကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် အရှေ့တောင်အာရှဒေသအတွင်း နိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရေးအတွက် အကြီးကျယ်ဆုံးနှင့် ဂုဏ်သိက္ခာအရှိဆုံး အားကစားပြိုင်ပွဲကြီးတစ်ခုဖြစ်သည့် မကြာမီကျင်းပတော့မည့် (၂၉)ကြိမ်မြောက် မလေးရှားဆီးဂိမ်းနှင့်ပတ်သက်၍ တစေ့တစောင်း ပုံဖော်တင်ဆက်အပ်ပါသည်။**

**မင်းမင်း**

### ဆီးဂိမ်းအားကစားပြိုင်ပွဲသမိုင်းကြောင်း

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဆီးဂိမ်း)သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နှစ်နှစ်လျှင် တစ်ကြိမ် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများတွင် အလှည့်ကျကျင်းပပြီး နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားမောင်မယ်များ ပါဝင်ဆင်နွှဲကြသည့် ပြိုင်ပွဲကြီးတစ်ခု ဖြစ်သည်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ် (Southeast Asian Games Federation-SAGF)မှ ဦးဆောင်၍ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ (International Olympic Committee-IOC) နှင့် အာရှအိုလံပစ်ကောင်စီ (Olympic Council of Asia-OCA)တို့၏ ကြီးကြပ်မှုအောက်တွင် ကျင်းပခြင်းဖြစ်ပါသည်။ ပထမဦးဆုံး အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၁၉၅၉ ခုနှစ်တွင် ကျင်းပခဲ့ပြီး မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ တောင်ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့မှ အားကစားသမား ၅၂၇ ဦးမှ အားကစားအမျိုးအစား ၁၂ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ၁၉၇၇ ခုနှစ်တွင် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ဘရူနိုင်းနိုင်ငံ၊ ၂၀၀၃ ခုနှစ်တွင် အရှေ့တီမောနိုင်ငံတို့ကို အဖွဲ့ဝင်နိုင်ငံများအဖြစ် လက်ခံခဲ့ပါသည်။ ဆီးဂိမ်းပြိုင်ပွဲကို ထိုင်းနိုင်ငံတွင် ခြောက်ကြိမ်၊ မလေးရှားနိုင်ငံတွင် ငါးကြိမ်၊ အင်ဒိုနီးရှားနိုင်ငံတွင် လေးကြိမ်၊ စင်ကာပူနိုင်ငံတွင် လေးကြိမ်၊ မြန်မာနိုင်ငံတွင် သုံးကြိမ်၊ ဖိလစ်ပိုင်နိုင်ငံတွင် သုံးကြိမ်၊ ဗီယက်နမ်နိုင်ငံတွင် တစ်ကြိမ်၊ ဘရူနိုင်းနိုင်ငံတွင် တစ်ကြိမ်၊ လာအိုနိုင်ငံတွင် တစ်ကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ဖြစ်ပါသည်။ ကမ္ဘောဒီးယားနှင့် အရှေ့တီမောနိုင်ငံတို့သည် ဆီးဂိမ်းပြိုင်ပွဲကြီးကို တစ်ကြိမ်တစ်ခါမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခဲ့ခြင်း မရှိသေးပါ။ အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ်ကြီးအနေဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရုံးစိုက်ထားပါသည်။ ကျင်းပခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲကြီးတစ်လျှောက်တွင် ထိုင်းနိုင်ငံအနေဖြင့် ရွှေတံဆိပ် ၂၀၈၉ ခုဖြင့် ပထမနေရာ၊ မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ် ၅၄၅ ခုဖြင့် အဆင့်(၇)နှင့် အရှေ့တီမောနိုင်ငံအနေဖြင့် ရွှေတံဆိပ်ဆုငါးခုဖြင့် နောက်ဆုံးနေရာမှ ရပ်တည်လျက်ရှိပါသည်။

### (၂၉)ကြိမ်မြောက် မလေးရှားဆီးဂိမ်းအကြောင်း သိကောင်းစရာများ

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို လာမည့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၉ ရက်မှ ၃၀ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အာဆီယံဒေသတွင်း နိုင်ငံ ၁၁ နိုင်ငံမှ အားကစားမောင်မယ်များမှ အားကစားနည်း ၃၈ မျိုး၊ ပြိုင်ပွဲပေါင်း ၄၀၅ ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ရွှေတံဆိပ်ဆု ၄၀၅ ဆု ချီးမြှင့်သွားမည်ဖြစ်သည်။ အားကစားနည်းအသစ်များဖြစ်သည့် Circket(ခရစ်ကတ်)၊ Ice Hockey (ရေခဲပြင်ဟော်ကီ)နှင့် Ice Skating(ရေခဲပြင်စကေ့(စ်) ပြိုင်ပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲအပြီး (၉)ကြိမ်မြောက် ပါရာဂိမ်းကိုလည်း ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၇ ရက်မှ ၂၃ ရက်နေ့အထိ မလေးရှားနိုင်ငံတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ ယခုနှစ် ၂၀၁၇ ခုနှစ်သည် မလေးရှားနိုင်ငံ၏ နှစ်(၆၀) မြောက် လွတ်လပ်ရေးနေ့ (သို့မဟုတ်) မလေးရှားနေ့အဖြစ် ကျရောက်လျက်ရှိပြီး ဆီးဂိမ်းပိတ်ပွဲအခမ်းအနားအတူ မလေးရှားနေ့အခမ်းအနားကိုပူးတွဲ၍ ကျင်းပသွားမည်ဟု သိရှိရသည်။ မလေးရှားဆီးဂိမ်းနှင့် ပါရာဂိမ်းပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်အားပေးလူငယ် ၂၀၀၀၀ ကျော်ကို လေ့ကျင့်ပေးပြီး အသုံးပြုသွားမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ် မလေးရှားဆီးဂိမ်း အားကစားပြိုင်ပွဲတွင် ထွန်းညှိမည့် မီးရှူးတိုင်ကို ၂၀၁၇ ခုနှစ် မေ ၁၄ ရက်မှ မလေးရှားနိုင်ငံ ဂျဟွန်မြို့မှ စတင်သယ်ဆောင်ပြီး မြို့ ၁၃ မြို့ကို ဖြတ်ကျော်ပြီး ကွာလာလမ်ပူမြို့သို့ ဩဂုတ် ၁၂ ရက်တွင် ရောက်ရှိခဲ့ပြီဖြစ်သည်။

ကွာလာလမ်ပူ ၂၀၁၇ ( KL2017)သည် (၂၉)ကြိမ်မြောက် မလေးရှားဆီးဂိမ်းနှင့် (၉)ကြိမ်မြောက် ပါရာဂိမ်းတို့၏ Brand Name ဖြစ်သည်။ (၂၉)ကြိမ်မြောက် ဆီးဂိမ်း၏ ဆောင်ပုဒ်အဖြစ် Rising Together သတ်မှတ်ထားပြီး အရှေ့တောင်အာရှ ကွန်မြူနတီတစ်ခုလုံး ငြိမ်းချမ်းမှု(Peace)၊ တိုးတက်မှု(Progress)၊ ကြီးပွားချမ်းသာမှု(Prosperity) အတွက် ဆီးဂိမ်းအားကစားပြိုင်ပွဲကြီးမှတစ်ဆင့် အတူအကွလက်တွဲပြီး ချီတက်နိုင်စေရန် ရည်ရွယ်ပါသည်။ လိုဂို(Logo) အဖြစ် မလေးရှားအရှေ့ကျွန်းဆွယ်၏ ထင်ရှားသည့် ရိုးရာအမှတ်တံဆိပ်တစ်ခုဖြစ်သည့် လခြမ်းပုံသဏ္ဌာန်စွန်ကို သတ်မှတ်ထားပါသည်။ တစ်နည်းအားဖြင့် ကျက်သရေရှိသော၊ လှပသော၊ စွမ်းအားရှိသော စွန်ဖြင့် ဒေသတွင်းနိုင်ငံများ အတူတကွလက်တွဲ၍ အားကစား၏စွမ်းအားဖြင့် အထွတ်အထိပ်သို့ တက်လှမ်းနိုင်စေရန်နှင့် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်စေရန် ဖြစ်သည်။ အထိမ်းအမှတ်လာဘ်ကောင်အဖြစ် (Rimau)အမည်ရှိ မလေးရှား ကျားတစ်ကောင် ဖြစ်ပါသည်။ Rimau သည် ယဉ်ကျေးသိမ်မွေ့သော၊ ဖော်ရွေသော၊ အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်မည့် ကျန်းမာကြံ့ခိုင်ဖျတ်လတ်သည့် အားကစားသမားတစ်ဦးအဖြစ် ဖော်ညွှန်းပါသည်။ အဓိကအားဖြင့် Rimau ဟူသည့် အမည်နာမသည် ပြိုင်ပွဲဝင်နိုင်ငံများအချင်းချင်း Respect (အပြန်အလှန်လေးစားမှု)၊ Integrity (တည်တံ့ခိုင်မြဲမှု)၊ Move (အရွေ့တူညီမှု)၊ Attitude (စိတ်သဘောထား ပြည့်ဝမှု)နှင့် Unity (ချစ်ကြည်ရင်းနှီးမှု) ရရှိစေရန် ကိုယ်စားပြုထားခြင်းဖြစ်သည်။ အိမ်ရှင် မလေးရှားနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကြီးအတွက် မလေးရှားရင်းဂစ် ၄၅၀ မီလီယံ အသုံးပြုသွားမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းတွင် မလေးရှားရင်းဂစ် ၇၄၀ သန်းနှင့်ညီမျှသည့် စင်ကာပူဒေါ်လာ ၂၆၄ သန်းနှင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းတွင် မလေးရှားရင်းဂစ် တစ်ဘီလီယံနှင့်ညီမျှသည့် မြန်မာကျပ်ကိုသုံးစွဲခဲ့ကြောင်း သိရှိရပါသည်။

**နိုင်ငံတစ်နိုင်ငံ၏ အားကစားတိုးတက်အောင်မြင်မှုကို နိုင်ငံတကာ အားကစားပြိုင်ပွဲများ၏ အောင်မြင်မှုများနှင့် စံနှုန်းသတ်မှတ်တိုင်းတာလေ့ရှိပါသည်။ အားကစားတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး စသည့်ကဏ္ဍပေါင်းစုံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုသည်လည်း လိုက်ပါ၍ တိုးတက်လာမည်**

### ဆီးဂိမ်းနှင့်မြန်မာနိုင်ငံ

မြန်မာနိုင်ငံအနေဖြင့် ၁၉၆၁ ခုနှစ်နှင့် ၁၉၆၉ ခုနှစ်များတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး နှစ်ကြိမ်စလုံးတွင် ပထမနေရာမှ ရပ်တည်ခဲ့ပါသည်။ ဒုတိယအကြိမ်ကျင်းပပြီး ၄၄ နှစ်အကြာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်ကြီးကို နေပြည်တော်တွင် ထူးခြားခမ်းနားလှသည့် ဖွင့်ပွဲ၊ အခမ်းအနားများနှင့်အတူ အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီး ဆုတံဆိပ်ရရှိမှုအနေဖြင့် ရွှေ ၈၆၊ ငွေ ၆၂၊ ကြေး ၈၅ စုစုပေါင်းဆုတံဆိပ် ၂၃၃ ခု ဖြင့် နိုင်ငံအလိုက် ဒုတိယနေရာမှ ရပ်တည်ခဲ့ပါသည်။ ဆီးဂိမ်းပြိုင်ပွဲကြီးတစ်လျှောက်တွင် ဦးရှိန်၊ ဦးဇော်ဝိတ် စသည့် ကာယဗလ၊ အလေးမသူရဲကောင်းများ၊ မီတုံးနော်၊ ရှင်ဗွေဂန်း၊ ဂျနီဖာတင်လေး၊ သန်းသန်း၊ မာမာမင်း၊ ခင်ခင်ထွေး စသည့် ပြေးခုန်ပစ်လက်ရွေးစင်များ၊ ကျော်ရှိန်၊ မြင့်စိုးကဲ့သို့သော သေနတ်ပစ်သူရဲကောင်းများ၊ မဟာဒူး၊ သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း တို့လို ဘောလုံးစတားများ၊ မြားပစ်မယ် အောင်ငိုမ်း၊ ဝူရှူးအားကစားမယ် ခိုင်ခိုင်မော်တို့သည် မြန်မာအားကစားလောကအတွက် ရွှေတံဆိပ်အလီလီ ဆွတ်ခူးပေးနိုင်ခဲ့သည့် စံပြုထိုက်သည့် ဆီးဂိမ်းပြိုင်ပွဲဝင် သမိုင်းဝင်သူရဲကောင်းများပင် ဖြစ်သည်။

### မြန်မာအားကစားအဖွဲ့အပေါ် သုံးသပ်ချက်

မြန်မာ့အားကစားအဖွဲ့အနေဖြင့် ရေကူး၊ ဒိုင်ဗင်၊ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်။ စနူကာ၊ ဘိုးလင်း၊ လက်ဝှေ့၊ စက်ဘီး၊ ဟော်ကီ၊ ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဂျူဒို၊ ကရာတေး၊ မွေလက်ဝှေ့၊ ပီတန်း၊ ပန်ကြပ်ဆီလတ်၊ ရွက်လှေ၊ သေနတ်ပစ်၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ Squash ၊ တိုက်ကွမ်ဒို၊ စားပွဲတင် တင်းနစ်၊ တင်းနစ်၊ Triathlon(သုံးမျိုးစုံ)၊ ဘော်လီဘော၊ အလေးမ စသည့် အားကစားနည်း ၂၉ မျိုးတွင် အားကစားသမား ၅၉၀ ခန့် ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

မြန်မာ့အားကစားအဖွဲ့အနေဖြင့် အားကစားနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ (၂၉)ကြိမ်မြောက် ဆီးဂိမ်းတွင် ရွှေတံဆိပ်ရရှိနိုင်သည့် အားကစားနည်းများကို ခန့်မှန်းသုံးသပ်ရလျှင် ပြီးခဲ့သည့် ဆယ်စုနှစ်ဝန်းကျင်မှ ယနေ့တိုင် အောင်မြင်ခဲ့သည့် အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ဝူရှူး၊ ဂျူဒို၊ သေနတ်ပစ်၊ မြားပစ်၊ မွေလက်ဝှေ့၊ ဘိလိယက်၊ စနူကာနှင့် ကာယဗလတို့ဖြစ်ပြီး ကျန်အားကစားနည်းများမှာ ရွှေတံဆိပ်နှင့် အလှမ်းဝေးနေဦးမည်ဟု ထင်မြင်မိပါသည်။

အဆိုးရွားဆုံးမှာ ဆီးဂိမ်းပြိုင်ပွဲတိုင်း ရွှေတံဆိပ်အလီလီ ဆွတ်ခူးပေးနိုင်ခဲ့သည့် လှေလှော်အားကစားနည်း မပါဝင်သည်မှာ မြန်မာအားကစားအဖွဲ့အတွက် များစွာနစ်နာစေမည်ဖြစ်သည်။ ပြိုင်ပွဲဝင်နိုင်ငံများကို ယှဉ်ပြိုင်နိုင်ရန်အတွက် အားကစားနည်းများအလိုက် မျိုးဆက်သစ် အားကစားများ မွေးမြူခြင်း၊ နိုင်ငံခြားနည်းပြအကူအညီများရယူခြင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်၍ ပူးတွဲလေ့ကျင့်စေခြင်း၊ သက်ဆိုင်ရာ အားကစားနည်းများအလိုက် အားကစားအဖွဲ့ချုပ်များကို စနစ်တကျ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အားကစားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဘတ်ဂျက်လုံလောက်စွာ ချမှတ်ပေးခြင်း၊ အားကစားသမားများ၏ ဘဝအာမခံချက်ရရှိရေး၊ အားကစားတက္ကသိုလ် ပီပြင်စွာဖွင့်လှစ်နိုင်ရေးတို့ကို အဓိကပုံဖော်သွားရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ အားကစားတိုးတက်အောင်မြင်မှုကို နိုင်ငံတကာအားကစားပြိုင်ပွဲများ၏ အောင်မြင်မှုများနှင့် စံနှုန်းသတ်မှတ်တိုင်းတာလေ့ရှိပါသည်။ အားကစားတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး စသည့် ကဏ္ဍပေါင်းစုံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုသည်လည်းလိုက်ပါ၍ တိုးတက်လာမည်ဖြစ်ပါသည်။ ယခုလာမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် မြန်မာအားကစားမောင်မယ်များအနေဖြင့် အားကစားဖြင့် နိုင်ငံတော်ကို မြှင့်တင်နိုင်ရန် "လှေခွက်ချည်းကျန် အလံမလှဲစတမ်း" စိတ်ဓာတ်ဖြင့် ရေကုန်ရေခန်း ကြိုးစား ယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ကိုယ်စီဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းပေးလိုက်ရပါသည်။

# ပုသိမ်မြို့တွင်ဆိုင်ခန်းပြိုကျ၍ လူများပိတ်မိမှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၁၂**

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၄) ရပ်ကွက် မြေနုလမ်းနှင့် ကုန်စုံလမ်းထောင့်ရှိ "မိဘဂုဏ်ရည်" ကုန်မာနှင့် သစ်ရောင်းဝယ်ရေးနေအိမ်ဆိုင်တွင် ဩဂုတ် ၁၁ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်က ဆိုင်ခန်းပြိုကျမှုကြောင့် လူများပိတ်မိမှု ဖြစ်ပွားခဲ့သည်။

အဆိုပါဆိုင်ခန်းရှိ အပေါ်ထပ်၌ ပစ္စည်းများစုပုံထားရှိသည့်ဝန်ကြောင့် သစ်သားကြမ်းခင်းများပြိုကျ၍ နေအိမ်ဆိုင်ခန်းတွင် နေထိုင်သူများပိတ်မိခဲ့ပြီး ဆိုင်ခန်းအတွင်းပိတ်မိနေသူများကို မြို့နယ်မီးသတ်စခန်းမှ ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ကာ ပိတ်မိနေသူ အမျိုးသမီးသုံးဦးမှာ ထိခိုက်ဒဏ်ရာမရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**


Photo - MFSD

# မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**(မိုး/ဇလ)**

# တစ်လအတွင်း ပြည်တွင်းပြည်ပ အလုပ်အကိုင်ခန့်ထားပေးနိုင်မှု သုံးသောင်းနှစ်ထောင်ကျော်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူနိုင်ငံသားများ၏ တစ်ဦးချင်း ဝင်ငွေမြင့်မားရေးသည် အထူးအရေးပါပြီး အလုပ်လုပ်နိုင်သည့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ လွယ်ကူစွာရရှိနိုင်ရေး လုပ်ငန်းစဉ်သည်လည်း အထူးအရေးပါသည့် လုပ်ငန်းစဉ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်ထားပြီး ပြီးခဲ့သည့် ဇူလိုင်လ တစ်လအတွင်းမှာပင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်တွင်းပြည်ပအလုပ်အကိုင်ပေါင်း သုံးသောင်းကျော်ကို ချိတ်ဆက်ဆောင်ရွက် ခန့်အပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အစိုးရသစ်တက်လာခဲ့ချိန်မှ စတင်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်ရေးနှင့် သင့်တင့်မျှတသည့် လုပ်ခလစာရရှိရေး၊ လုပ်ငန်းခွင်သာယာချမ်းမြေ့စေရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပြည်ပအလုပ်အကိုင်များ စနစ်တကျရရှိနိုင်ရေး၊ ပြည်ပရောက် မြန်မာအလုပ်သမားများ အခွင့်အရေး စသည်တို့ကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရသည်။

ဝန်ကြီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းရှိ ဒေသခံများ အလုပ်အကိုင်ရရှိရေးကို ဦးစားပေးလုပ်ဆောင်ခဲ့ပြီး သင့်တော်သည့်အလုပ်အကိုင်များကို ရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလိုအပ်ချက် ပြည့်မီစေရေးအတွက် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများ၌ Labour Exchange Management စနစ်ဖြင့် အွန်လိုင်းမှတစ်ဆင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများကို ပေးအပ်လျက်ရှိသည်။

ထို့အပြင် ပြည်တွင်းပြည်ပအလုပ်သမားများ၏ လုပ်ခလစာ၊ အလုပ်သမားအရေးပြဿနာများ၊ အငြင်းပွားမှုများနှင့် အခြားသော အခွင့်အရေးများအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပြီး အလုပ်သမားများအတွက် ၂၄ နာရီတိုင်ကြားနိုင်သည့် စင်တာများကိုလည်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

ဇူလိုင်လအတွင်း ရန်ကုန်တိုင်းဒေသကြီးမှ ဒေသခံများနှင့် အလုပ်လုပ်ကိုင်သူများအတွက် နိုင်ငံ့ဝန်ထမ်း ၈၇ ဦးနှင့် ပုဂ္ဂလိကဝန်ထမ်း ၁၁၉၉၃ ဦးကို ခန့်အပ်နိုင်ခဲ့ပြီး ပြည်ထောင်စုနယ်မြေ၌ နိုင်ငံ့ဝန်ထမ်း ၅၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံ့ဝန်ထမ်း ၁၅၈ ဦးနှင့် ပုဂ္ဂလိကဝန်ထမ်း ၄၇၅ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် နိုင်ငံ့ဝန်ထမ်း၁၂၈ဦးနှင့် ပုဂ္ဂလိကဝန်ထမ်း ၁၂၀၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် နိုင်ငံ့ဝန်ထမ်း ၁၀၁ ဦးနှင့် ပုဂ္ဂလိက ဝန်ထမ်း ၅၃ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင်နိုင်ငံ့ဝန်ထမ်း၆၉ဦးနှင့် ပုဂ္ဂလိကဝန်ထမ်း ၂၅၃၂ ဦး၊ မကွေးတိုင်းဒေသကြီးတွင် နိုင်ငံ့ဝန်ထမ်း ၁၇ ဦးနှင့် ပုဂ္ဂလိကဝန်ထမ်း ၄၈၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင်နိုင်ငံ့ဝန်ထမ်း၁၀ဦးနှင့် ပုဂ္ဂလိကဝန်ထမ်း ၂၈၃ ဦးတို့ကို ခန့်အပ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မွန်ပြည်နယ်အတွင်း နိုင်ငံ့ဝန်ထမ်း ၆၄ ဦးနှင့် ပုဂ္ဂလိကဝန်ထမ်း ၁၉၉ ဦး၊ ကရင်ပြည်နယ်တွင် နိုင်ငံ့ ဝန်ထမ်း ၁၆ ဦးနှင့် ပုဂ္ဂလိကဝန်ထမ်း ၁၅၈ ဦး၊ ရှမ်းပြည်နယ်တွင် နိုင်ငံ့ဝန်ထမ်း ၁၂၀ နှင့် ပုဂ္ဂလိကဝန်ထမ်း ၂၁၈ ဦး၊ ရခိုင်ပြည်နယ်တွင် နိုင်ငံ့ဝန်ထမ်း ၄၈ ဦးနှင့် ပုဂ္ဂလိကဝန်ထမ်း ၃၂ ဦး၊ ကယားပြည်နယ်တွင် နိုင်ငံ့ဝန်ထမ်း ၁၄ ဦးနှင့် ပုဂ္ဂလိကဝန်ထမ်း ၂၆ ဦး၊ ကချင်ပြည်နယ်တွင် နိုင်ငံ့ဝန်ထမ်း ခြောက်ဦးနှင့် ပုဂ္ဂလိကဝန်ထမ်း ၃၄ ဦး၊ ချင်းပြည်နယ်တွင် နိုင်ငံ့ဝန်ထမ်းနှစ်ဦးတို့ကို ခန့်အပ်ပေးနိုင်ခဲ့သည့်အတွက် ဇူလိုင်လအတွင်း ပြည်တွင်း၌အလုပ်အကိုင် စုစုပေါင်း ၁၅၅၉၂ နေရာ ဖြည့်ဆည်းနိုင်သကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းများစွာ ပေါ်ထွက်ခဲ့သည်။



ပြည်ပသို့သွားရောက်လုပ်ကိုင်လိုသူများအတွက်လည်း ပြီးခဲ့သည့် ဇူလိုင်လ တစ်လအတွင်းမှာပင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အလုပ်သမားအရေအတွက် ၁၄၂၉၃ ဦးကို တရားဝင်စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။ အများဆုံးစေလွှတ်သည့်နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး အထောက်အထားပြည့်စုံသည့် မြန်မာနိုင်ငံသားအလုပ်သမား ၁၂၂၈၀ စေလွှတ်နိုင်ခဲ့ကာ မလေးရှားနိုင်ငံသို့ မြန်မာလုပ်သား ၈၇၂ဦး၊ ကိုရီးယားနိုင်ငံသို့ ၇၄၁ ဦး၊ ဂျပန်နိုင်ငံသို့ ၃၁၄ ဦး၊ စင်ကာပူနိုင်ငံသို့ ၇၇ ဦး၊ ယူအေအီးသို့ ခြောက်ဦး နှင့် ကာတာနိုင်ငံသို့ သုံးဦးတို့ကို အထောက်အထားအပြည့်အစုံဖြင့် စိစစ်စေလွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဩဂုတ် ၁၀ ရက်က သတင်းထုတ်ပြန်ထားသည်။

**ခင်ရတနာ၊ ဓာတ်ပုံ-SM**



Galaxy Star 2017 သီချင်းဆိုပြိုင်ပွဲကြီးတွင် နောက်ဆုံး ဆန်ခါတင်အနုပညာရှင်များကို တွေ့ရစဉ်

# ဂလက်စီစတားပြိုင်ပွဲ မဲပေးခြင်းမှရသော ဝင်ငွေများ လူမှုအကျိုးပြုလုပ်ငန်းများတွင် လှူဒါန်းမည်

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာနိုင်ငံမှ နာမည်ကျော်အဆိုရှင်တစ်ဦး ပေါ်ထွန်းလာရေးအတွက် ရည်ရွယ်ကျင်းပသော Galaxy Star 2017 သီချင်းဆိုပြိုင်ပွဲကြီးတွင် မဲပေးခြင်း(Voting)မှရရှိသော ဝင်ငွေများကို ပြည်တွင်း လူမှုအကျိုးပြုလုပ်ငန်းများ၌ အသုံးပြုရန် လှူဒါန်းသွားမည်ဖြစ်ကြောင်း Galaxy Star 2017 ပြိုင်ပွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကမ္ဘာ့အဆိုရှင်ကြယ်တစ်ပွင့်ရှာပုံတော် အစီအစဉ်ဖြစ်သည့် Galaxy Star 2017 ကို ဩဂုတ် ၁၁ ရက်မှ ၁၉ ရက်အတွင်း အူရီဒူးသုံးစွဲသူများအနေဖြင့် မိမိတို့ကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်များကို အူရီဒူးဆင်းကတ်တစ်မျိုးတည်းကိုသာ အသုံးပြုပြီး SMS ပေးပို့ မဲပေးနိုင်မည်ဖြစ်သည်။ အူရီဒူးမြန်မာအနေဖြင့် ယင်း SMS ဖြင့်မဲပေးပို့မှုမှရရှိသော အကျိုးအမြတ်များအားလုံးကို မြန်မာနိုင်ငံ လူထုဖွံ့ဖြိုးတိုးတက်မှုများအတွက် ထောက်ပံ့ပေးရန် လူမှုအကျိုးပြုလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

"အူရီဒူးမြန်မာအနေနဲ့ Galaxy Star ရဲ့ Main Sponsor အဖြစ် ပံ့ပိုးကူညီခွင့်ရတဲ့အတွက် တကယ်ကို ဝမ်းသာမိပါတယ်။ အူရီဒူးသုံးစွဲသူတွေအနေနဲ့ မိမိတို့အားပေးတဲ့ အနုပညာရှင်ကို အနိုင်ရဖို့အတွက် SMS ကနေ မဲပေးရမယ့်အချိန်ကို ရောက်ရှိနေပါပြီ။ အူရီဒူးအနေဖြင့်လည်း SMS နဲ့ မဲပေးခြင်းကရလာတဲ့ အကျိုးအမြတ်တွေကို လူမှု ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် လှူဒါန်းပေးသွားမှာဖြစ်ပါတယ်"ဟု အူရီဒူးမြန်မာ၏ မားကက်တင်းအရာရှိချုပ် Ms. Charity Safford က ပြောသည်။

Galaxy Star အဆိုပညာရှင်ဖြစ်လာမည့်သူများကို ရှာဖွေနိုင်ရန်အတွက် Galaxy Star 2017 ကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ကြီး ၁၅ မြို့၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်များအားလုံးမှာ Local Challenge အဆင့်မှစတင်၍ အသံပိုင်းဆိုင်ရာ ကျွမ်းကျင်မှု စစ်ဆေးချက်များကို အောင်မြင်ပြီး Premier Challenge, Galaxy Camp နှင့် ကိုရီးယားတွင် လေ့ကျင့်သင်ကြားမှုတို့ကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပြီးဖြစ်သည်။ ယခု နောက်ဆုံးအဆင့် ရွေးချယ်ခြင်းခံထားရသူ ၁၀ ဦးက Dream League အဆင့်ကို ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

# ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်နှစ်ရှည်ချေးငွေရမှသာ အဆင်ပြေမည်

**မော်လမြိုင် ဩဂုတ် ၁၂**

ရော်ဘာတောင်သူများအတွက် နည်းပညာ၊ အရင်းအနှီးတို့သည် အဓိက အခက်အခဲ၊ လိုအပ်ချက်များဖြစ်နေရာ စိုက်ပျိုးရေးဦးစီးဌာနဘက်မှ နည်းပညာသင်တန်းများပေးခြင်း၊ နှစ်ရှည်ချေးငွေများရရန် ဆောင်ရွက်ပေးခြင်းတို့ဖြင့် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း မွန်ပြည်နယ် ရော်ဘာသီးနှံနှင့် ဥယျာဉ်ခြံသီးနှံများဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၀ ရက်က ကျင်းပခဲ့ရာ မွန်ပြည်နယ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအသင်း ဥက္ကဋ္ဌ ဦးအေးသန်းက အဆိုပါအခမ်းအနားတွင် ပြောသည်။

"မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့က အဓိကဖြစ်တာကြောင့် ရော်ဘာဖွံ့ဖြိုးတိုးတက်ရေးဥပဒေကိုလည်း ရေးဆွဲနေတယ်။ ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနက လတ်တလောမှာဆို မျိုးထောက်ပံ့တာနဲ့ နည်းပညာပေးတာတွေ လုပ်ပေးနေပါတယ်။ နှစ်ရှည်ချေးငွေ ထုတ်ချေးပေးနိုင်ဖို့ကတော့ အစိုးရဘက်၊ ပုဂ္ဂလိကဘက်တွေနဲ့ပူးပေါင်းပြီး အစိုးရက ကြားဝင်အာမခံပေးနိုင်ဖို့ လိုပါမယ်။ တောင်သူတွေဘက်ကလည်း အတူပူးပေါင်းပါဝင်ဖို့ လိုပါမယ်"ဟု ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကြည်စိုးက ပြောသည်။

ပြည်နယ်၏ အဓိကစီးပွားရေးမှာ ရော်ဘာစိုက်ပျိုးရေးဖြစ်ပြီး တစ်နိုင်ငံလုံး ရော်ဘာကုန်ကြမ်း ထွက်ကုန်များ၏ ထက်ဝက်ခန့်မှာ မွန်ပြည်နယ်မှ ထွက်ရှိသည်ဟု သိရသည်။ ခေတ်ကောင်းစဉ်က ရွှေဖြူဟုပင် တင်စားခဲ့ကြရသည့် ရော်ဘာများသည် ၂၀၀၅ ခုနှစ်နောက်ပိုင်းမှစတင်ကာ အရည်အသွေး တဖြည်းဖြည်း နိမ့်ကျလာခဲ့ရသည်။ အရည်အသွေးမပြည့်မီသဖြင့် ရော်ဘာဈေးနှုန်းများလည်း ကျဆင်းလာရာ ရော်ဘာတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ နှုန်းဖြင့် မွန်ပြည်နယ် တစ်ခုလုံး၌ တန်ချိန်တစ်သိန်းအတွက် ကန်ဒေါ်လာ သိန်း ၃၀၀ နှစ်စဉ်ဆုံးရှုံးနေရသည်ဟု ဦးကြည်စိုးက ဆက်လက်ပြောပြသည်။

ထွက်ရှိလာသည့် ရော်ဘာကုန်ကြမ်းများသည် အရည်အသွေးပြည့်မီရန်လည်း လိုအပ်လျက်ရှိပြီး အရည်အသွေးမီ ရော်ဘာ ကုန်ကြမ်းများအတွက် ဈေးကွက်ခိုင်မာမှု ရှိရန်သည်လည်း အဓိကကျသည့် အချက်ဖြစ်သည်ဟု သိရသည်။

"ဈေးကွက် မရှိတာကလည်း အခက်အခဲပါပဲ။ ထုတ်ကုန်တွေဟာ ဈေးကွက်ဝင်ဖို့ လိုအပ်သလို၊ ဈေးကွက်နဲ့ ချိတ်ဆက်ဖို့၊ ဈေးကွက်ရှာဖို့ကလည်း နံပါတ်တစ် လိုအပ်ချက်ပါ"ဟု အစည်းအဝေးသို့ တက်ရောက်လာသည့် အဇင်းဆည်ရေသောက် သစ်သီးဝလံဇုန်မှ နာယက ဦးမင်းထွန်းသိန်းက ဈေးကွက်ခိုင်မာရေးအတွက် ထောက်ပြခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက "မွန်ပြည်နယ်မှာ Central Market အကောင်အထည်ဖော်ဖို့ လျာထားတာရှိပါတယ်။ အစိုးရဘက်က မြေနေရာပေးမယ်။ လက်ရှိမှာဆို ဈေးကွက်က Border Trade နဲ့ တရုတ်ဘက်ကိုသွားတာ များနေတယ်။ တစ်ဖက်နိုင်ငံက ဈေးကစားတာတွေ ရှိနေတယ်။ ဈေးကွာနေတော့ ရော်ဘာတောင်သူတွေအတွက် နစ်နာဆုံးရှုံးမှုတွေ ဖြစ်ကြရတယ်။ Central Market ရှိလာရင်တော့ နိုင်ငံခြားဈေးတိုက်ရိုက်ရနိုင်လို့ အကောင်အထည်ဖော်ဖို့ အစီအစဉ်ရှိပါတယ်"ဟုလည်း ပြောကြားခဲ့သည်။

ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်တွင်းကဏ္ဍငါးခု ဖွံ့ဖြိုးရေးကို အဓိကထားလုပ်ဆောင်မည်ဟု သိရပြီး ထိုကဏ္ဍထဲတွင် ရော်ဘာကဏ္ဍ ဖွံ့ဖြိုးရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ပြည်နယ်တွင် ရော်ဘာစိုက်ဧက ငါးသိန်းခန့်ရှိပြီး နှစ်စဉ် ရော်ဘာကုန်ကြမ်း တန်ချိန်တစ်သိန်းကျော်ထွက်ရှိကြောင်း သိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

# စမ်းချောင်းမြို့နယ်အတွင်းမှ ရှုပ်ထွေးနေသော လျှပ်စစ်ဆားဗစ်ကြိုးများကို ရှင်းလင်း

**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း အနောက်ပိုင်းခရိုင်မှ လျှပ်စစ်သုံးပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် မြို့နယ်များအတွင်း ဆားဗစ်ကြိုးများ ရှင်းလင်းခြင်းကို ဩဂုတ် ၁၀ ရက်က စမ်းချောင်းမြို့နယ် မြေနီကုန်းတောင်ရပ်ကွက်အတွင်း ဆောင်ရွက်ခဲ့သည်။

ဆားဗစ်ကြိုးများရှင်းလင်းရာသို့ ရန်ကုန် လျှပ်စစ်ကော်ပိုရေးရှင်းမှ ဒါရိုက်တာအဖွဲ့ဝင် (၂) ဦးရန်လင်း၊ ခရိုင်လျှပ်စစ်မန်နေဂျာ (အင်/ယာ) ဦးစန်းလွင်၊ ရောရှေဝါကုမ္ပဏီလီမိတက်မှ အကြံပေးပုဂ္ဂိုလ် ဦးဝင်းကြိုင်၊ စမ်းချောင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်နှင့် ဦးအောင်မျိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်တို့ လာရောက်ကြည့်ရှု၍ လိုအပ်သည်များ ပံ့ပိုးပေးသည်။ လုပ်ငန်းဆောင်ရွက်ရာတွင် ခရိုင်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်မှ လျှပ်စစ်အရာရှိ ဝန်ထမ်း ၉၄ ဦးတို့က အထပ်မြင့် ၃၇ တိုက်မှ ရှုပ်ထွေးဆားဗစ်ကြိုး ၄၅၄ ကြိုးတို့ကို နေ့ချင်းပြီး ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



# ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**လှိုင်ကော် ဩဂုတ် ၁၂**

ကယားပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဩဂုတ် ၁၁ ရက်က မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ



ဦးအောင်မွန်နှင့် NRC အဖွဲ့တို့ ပူးပေါင်း၍ လှိုင်ကော်မြို့နယ် လှိုင်လင်လေးကျေးရွာ အ.ထ.ကကျောင်းရှိ ကျောင်းသား ကျောင်းသူ ၁၃၈ ဦး အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

ပေးအပ်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများတက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိကိုင်ဆောင်ခဲ့မှုအပေါ် တန်ဖိုးထားရန်နှင့် ဝန်ထမ်းများ ကျေးရွာရှိ ကျောင်းအထိ ကွင်းဆင်းဆောင်ရွက်ပေးမှုကြောင့် ကျောင်းသား ကျောင်းသူများ စာသင်ချိန်မပျက် စရိတ်သက်သာမှု အကျိုးအမြတ်ရရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်စိန်ထွန်းတို့က ကျောင်းသား ကျောင်းသူတို့အား တစ်ဦးချင်း နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကို ဩဂုတ် ၁၂ ရက် နံနက်က ရွှေဘိုမြို့ စည်ပင်သာယာဈေးကြီး ရှေ့နှင့် ဈေးကြီးအတွင်း၌ဆောင်ရွက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ အနုပညာရှင် ဇာတ်မင်းသားဖိုးချစ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ရာသီတုပ်ကွေးကာကွယ်ရန် Mask နှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်

မျိုးမင်း(သာစည်)

# သထုံမြို့နယ်တွင် ကြက်အသေများတွေ့ရှိမှုကြောင့် H5N1 နှင့် ကြက်ငှက်တုပ်ကွေးရောဂါများနှင့်စပ်လျဉ်း၍ ဝေဖန်မှုများထွက်ပေါ်

**သုဝဏ္ဏဝတီ ဩဂုတ် ၁၂**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ လူမှုကွန်ရက်တွင် ထွက်ပေါ်နေသည့် ကြက်ငှက်တုပ်ကွေးရောဂါ အကြောင်းများ ကြက်ဥ၊ ကြက်သားစားပွဲတော်များနှင့် ဇူလိုင် ၃၁ ရက် ညနေက ကျိုက္ကော်ချောင်းအတွင်း စွန့်ပစ်ထားသော ကြက်အသေ ၁၃ ကောင်တွေ့ရှိမှု၊ ဩဂုတ် ၈ ရက်က သိမ်ဆိပ်ရပ်ကွက်အတွင်း ကြက်အရှင်ကို ဝယ်စားရာမှ ကြက်လည်ချောင်းအတွင်း လောက်အရှင်များ တွေ့ရှိသည်ဆိုသည့် ဗီဒီယိုဖိုင်များ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာခြင်းနှင့်အတူ သုဝဏ္ဏဝတီမြို့အတွင်း လူနေအိမ်များအကြား ကြက်ခြံများ မွေးမြူခြင်း၊ ရောင်းချခြင်းမပြုရန် အသံများ၊ H1N1နှင့်ကြက်ငှက်တုပ်ကွေး H5N1 ရောဂါများနှင့် စပ်လျဉ်း၍ ဝေဖန်ပြောဆိုမှုများ ထွက်ပေါ်လျက်ရှိသည်။

"အခုလို ရောဂါတွေဖြစ်ပွားနေတယ်လို့ ကြားနေရတဲ့အတွက် စိုးရိမ်မိတယ်။ လူနေရပ်ကွက်အတွင်းမှာ စီးပွားဖြစ်ကြက်မွေးသူတွေရော ဝက်မွေးတဲ့သူတွေပါ မမွေးသင့်ဘူး၊ အနံ့အသက်ဆိုးရွားတဲ့အပြင် ယင်ကောင်တွေရဲ့အန္တရာယ်ရောဂါပေါင်းစုံကို ဖိတ်ခေါ်နေသလိုပါပဲ" ဟု သိမ်ဆိပ်ရပ်ကွက်နေသူတစ်ဦးက ပြောသည်။

အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ "ချောင်းထဲက ကြက်သေတွေကို ဆယ်ယူပြီး စနစ်တကျ မြေမြှုပ်လိုက်ပါတယ်။ စည်းကမ်းမဲ့ စွန့်ပစ်မှုလို့ ယူဆပါတယ်။ စိုးရိမ်စရာတော့ မရှိပါဘူး။ ကြက်ခြံတွေကို တာဝန်ရှိသူတွေနဲ့ လိုက်လံစစ်ဆေးပြီး ကြက်ခြံတွေမှာ ကြက်တွေကို အစာကျွေးရာမှာရော အမှိုက်စွန့်ပစ်ရာမှာပါ ကြက်ခြံသန့်ရှင်းရေးကို စနစ်တကျလုပ်ဆောင်ကြဖို့လိုအပ်ပြီး လူနေအိမ်များနှင့်ဝေးရာမှာ ပြောင်းရွှေ့မွေးမြူကြဖို့ အကြံပြုပြောကြားခဲ့ပါတယ်" ဟု မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုးခိုင်ကပြောသည်။

"ကျွန်တော်တို့ ရပ်ကွက်မှာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ကအစ ကြက်ငှက်တုပ်ကွေးရောဂါတွေအဆုံး ကြိုတင်ကာကွယ်ဖို့ အသိပညာပေးလုပ်ငန်းတွေ၊ ဟောပြောပွဲတွေကို သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့အတူ ပြည်သူတွေနဲ့ စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပါတယ်။ ကြက်ခြံကိစ္စနဲ့ ပတ်သက်လို့ ကြက်မွေးမြူသူအများစုက မပြောင်းရွှေ့ချင်ဘူး။ ဒါကြောင့် ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းစံဝင့်ခိုင်က " ကြက်မွေးမြူရေးသည် လူတွေရဲ့ စားသုံးမှုအတွက် မရှိမဖြစ် လိုအပ်သည့်အတွက် ကြက်မွေးမြူရေးလုပ်ကိုင်သူများ ပြောင်းရွှေ့လိုပါက ပြောင်းရွှေ့နိုင်အောင် တတ်နိုင်သလောက် အကူအညီများပေးမယ်လို့ ပြောခဲ့ပါတယ်"ဟု သိမ်ဆိပ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ထိုက်က ပြောသည်။

ပြည်နယ်အစိုးရက မွေးမြူရေးသမားများအတွက် မွေးမြူရေးဇုန်တစ်ခုကို မြို့နယ်တိုင်းအတွက် သီးခြားစီဖော်ထုတ်ပေးရန် အစီအစဉ်ရှိကြောင်း သိရသည့်အပြင် သုဝဏ္ဏဝတီမြို့အနီး နောင်ဘိုကျေးရွာနှင့် ကျိုက္ကော်ရပ်ကွက်တို့တွင် ကြက်ဥ၊ ကြက်သားစားပွဲတော်များ ကျင်းပခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

"ကျွန်တော်ကတော့ အသားစားဘွိုင်လာမျိုး ကြက်အကောင်ရေ ၈၀၀ မွေးပါတယ်။ စမွေးတုန်းက အထွေထွေကုန်ကျစရိတ် သိန်း၄၀ဆယ်လောက်ကုန်ပါတယ်။ တစ်သုတ်ကို တစ်လခွဲ၊ နှစ်လနဲ့ အခု ခုနစ်ကြိမ်မြောက်အသုတ်ပေါ့။ တစ်သုတ်ကို အမြတ်ငွေကျပ်ငါးသိန်းလောက်ကျန်ပါတယ်။ အခုမွေးတဲ့အသုတ်ကတော့ ကြက်ငှက်တုပ်ကွေး ရောဂါဝယက်ကြောင့် ဈေးကျပြီး ရှုံးမယ်လို့ထင်ပါတယ်" ဟု လူနေအိမ်များနှင့်ဝေးရာခြံအတွင်း တစ်နိုင်တစ်ပိုင် ကြက်မွေးမြူသူ ဝင်းပကျေးရွာမှ စောအဲ့ထူးက ပြောသည် ။

**ခွန်(ဝင်းပ)**

# စစ်တွေဆေးရုံကြီး၌ H1N1 ရောဂါပိုးရှိသူ လူနာတစ်ဦးတွေ့ရှိ

**စစ်တွေ ဩဂုတ် ၁၂**

စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးတွင် H1N1 ရောဂါပိုးရှိသူ လူနာတစ်ဦး တွေ့ရှိကြောင်း တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

"စစ်တွေဆေးရုံကြီးမှာ H1N1 Positive လူနာတွေ့တယ်ဆိုတာ မှန်ပါတယ်။ ကျွန်တော်တို့တွေ ပေါင်းစပ်ညှိနှိုင်းပြီးတော့ မနေ့ည ၁၁ နာရီမှ အတည်ပြုချက်ရပါတယ်။ လူနာကိုတော့ စနစ်တကျ ပြုစုကုသပေးထားပါတယ်။ ဒီနေ့ နံနက်ပိုင်းမှာတော့ သက်သာလာပါပြီ။ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့လည်း လူနာကို ပြုစုကုသရာမှာ လုံခြုံမှုရှိအောင် ဆောင်ရွက်ပေးထားပါတယ်"ဟု ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က ပြောသည်။

စစ်တွေဆေးရုံတွင် H1N1 သံသယရှိသူ လူနာလေးဦးစလုံး ကုသလျက် ရှိရာ H1N1 ရောဂါပိုးတွေ့ရှိသော ကလေးသည် စစ်တွေမြို့နယ် ဗျိုင်းဖြူရွာကျေးရွာမှဖြစ်ပြီး အသက်တစ်နှစ် တစ်လအရွယ် ယောကျ်ားလေးဖြစ်ကြောင်း သိရသည်။ ပြည်နယ်အစိုးရအနေဖြင့်လည်း ရောဂါကာကွယ်ရေးနည်းလမ်းများနှင့် ကုသရေးလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းများကို တိုးပြီးဆောင်ရွက်နိုင်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း သိရသည်။

**လေးဝတီထွန်းစောခိုင်**

# ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၅၈၃ ဦးအနက် H1N1 ပိုးတွေ့လူနာ ၂၂၀ ဦးရှိပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိသေဆုံးသူ ၂၃ ဦးရှိကြောင်း သတင်းထုတ်ပြန်ထား

**နေပြည်တော် ဩဂုတ် ၁၂**

ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီအထိ ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm09 သံသယလူနာ ၄၈ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာတွင် H1N1 ပိုးတွေ့လူနာ ၁၇ ဦး တွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၀ ရက် မှ ယနေ့မွန်းလွဲ ၂ နာရီအထိ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူစုစုပေါင်းလူနာ ၅၈၃ ဦးအနက် H1N1 ပိုးတွေ့လူနာစုစုပေါင်း ၂၂၀ ဦးရှိပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိသေဆုံးသူ စုစုပေါင်း ၂၃ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် ယနေ့ မွန်းလွဲ ၂ နာရီအထိ H1N1 ပိုးတွေ့ အတွင်းလူနာ ခြောက်ဦး၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့အတွင်းလူနာ ၅၉ ဦး၊ စုစုပေါင်း ၆၅ ဦး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အများစုမှာ သက်သာလျက်ရှိကြောင်း၊ အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် လည်း အတွင်းလူနာအရေအတွက် သိသိသာသာ လျော့နည်းလာသည်ကို တွေ့ရှိရကြောင်း သိရသည်။

H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် ယနေ့အထိသေဆုံးသူ စုစုပေါင်း ၁၆ ဦး ရှိကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်တွင် လတ်တလော ပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်နေသူများတွင် H1N1 ပိုးတွေ့လူနာများသာမက ပိုးမတွေ့ လူနာများအား လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါ ကုသရေးလမ်းညွှန်များအတိုင်း ထိရောက်သော ကုသမှုများ ရရှိရန် အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း။

ခုခံကျ ကာလသားရောဂါ၊ ကျောက်ကပ်ရောဂါ၊ ပြင်းထန်အဆုတ်တီဘီရောဂါ၊ ဆီးချိုသွေးချိုစသည့် အခြားရောဂါအခံရှိသောသူများနှင့် ရာသီတုပ်ကွေးရောဂါ ပြင်းထန်စွာ ခံစားရနိုင်သော အသက်အရွယ်ကြီးသူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါ လက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်၍ အချိန်မီ ထိရောက်စွာ ကုသမှုခံယူသင့်သည်ဟု တိုက်တွန်းနှိုးဆော်ပါကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ပျက်ကျ Y-8 လေယာဉ်၏ကိုယ်ထည် အစိတ်အပိုင်းများ ထပ်မံရှာဖွေတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိနေသေးသည့် လေယာဉ်အစိတ်အပိုင်း များအား တပ်မတော်စစ်ရေယာဉ်များမှ ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့်ပုံရိပ်များ အပေါ်မူတည်၍ လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက် ပင်လယ်ပြင်အတွင်း တပ်မတော်(ရေ) မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် အဆိုပါနေရာအနီး၌ ဒေသခံငါးဖမ်းစက်လှေ တစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေမှုများပြုလုပ်စဉ် လေယာဉ်ကိုယ်ထည် အစိတ်အပိုင်းများအား ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ခန္တီး၌ ချင်းတွင်းမြစ်ရေ တတိယအကြိမ်ဝင်ရောက်ရာ ပြောင်းရွှေ့သူများအတွက် ကယ်ဆယ်ရေးစခန်းသုံးခုဖွင့်

**ခန္တီး ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုရက်ဆက်ရှိနေသည်မှာ ရက်သတ္တတစ်ပတ်ခန့်ရှိနေပြီဖြစ်ရာ ချင်းတွင်းမြစ်ရေသည် သိသိသာသာတိုးလာပြီး ခန္တီးမြို့ အနိမ့်ပိုင်း (၄) ရပ်ကွက်တွင် တတိယအကြိမ် ရေများဝင်ရောက်နေပြီဖြစ်သောကြောင့် ပြောင်းရွှေ့နေထိုင်ကြသူများရှိလာရာ ကယ်ဆယ်ရေးစခန်းသုံးခုဖွင့်လှစ်ထားကြောင်း လူမှုပရဟိတလုပ်ငန်းများ ဆောင်ရွက်နေသူ ခန္တီးမြို့ခံ ကိုအောင်ဆန်းမြင့်ထံမှ သိရသည်။

"မနေ့က စဝင်တာ အနိမ့်ပိုင်း (၄) ရပ်ကွက်က ရေအကုန်ဝင်နေပြီ။ အောင်သာရပ်၊ သာစည်ရပ်၊ မြို့မရပ်စတဲ့ (၄)ရပ်ကွက်မှာ ရေဝင်နေပြီ။ ခန္တီးမြို့မဈေးကိုတော့ ဒီနေ့ ဩဂုတ် ၁၂ ရက် မနက်ပိုင်းမှာ ကမ်းနားလမ်းဘက်စပြောင်းနေပြီ။ မနေ့က ပြောင်းရွှေ့ရတဲ့ အိမ်ထောင်စု ၅၀ လောက်ရှိတယ်။ ကယ်ဆယ်ရေးစခန်းကို မြသိန်းတန်ဘုရားကုန်း မြို့မဘုန်းကြီးကျောင်းနဲ့ ကုန်းဝိုင်းဘုန်းကြီး ကျောင်းတွေမှာ ဖွင့်ထားတယ်။ ဒီနေ့မှာတော့ တာဝန်ရှိတဲ့သူတွေက စာရင်းကောက်နေတာ တွေ့ရပါတယ်။ ခန္တီးကို အခုဝင်တာ တတိယအကြိမ်ပါ။ ရေက မနေ့ကထက် ဒီနေ့ တစ်ပေခွဲတက်လာတာ တွေ့ရတယ်။ ခန္တီးမြို့ရဲ့စိုးရိမ်ရေမှတ်က ၁၃၆၀ စင်တီမီတာဆိုတော့ အခုလက်ရှိ ဩဂုတ် ၁၂ ရက် မွန်းလွဲပိုင်းမှာ ၁၃၉၈ ထိ ရောက်နေတာ တွေ့ရပါတယ်။ အရင် ဒုတိယအကြိမ်တက်တုန်းက ရေက ၁၅၀၀ စင်တီမီတာထိ တက်တာဆိုတော့ နည်းသေးတယ်လို့ပြောရင် ရပါတယ်။

" မိုးက ခန္တီးမှာ လွန်ခဲ့တဲ့တစ်ပတ်လောက်ကစပြီး နေ့ရော ညပါ တစ်နေကုန် ရွာနေတာပါ။ မုံရွာ-ခန္တီး လူစီးအမြန်ရေယာဉ်တွေ၊ ကုန်တင်ရေယာဉ်တွေကတော့ ထွက်တုန်းပါပဲ။ မုံရွာက ပိတ်မှသာ ခန္တီးက ပိတ်မယ်ထင်ပါတယ်" ဟု ကိုအောင်ဆန်းမြင့်က ပြောသည်။

လက်ရှိချင်းတွင်း မြစ်ရေအခြေအနေသည် ခန္တီးနှင့် ဟုမ္မလင်းဒေသတွင်သာ မိုးများ၍ စိုးရိမ်ရေမှတ်အထက်သို့ တက်ရောက်နေသော်လည်း မုံရွာမြို့ ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ်သို့ မရောက်ရှိသေးသော်လည်း နောက်နှစ်ရက်ခန့်တွင်မှ စိုးရိမ်ရေမှတ်သို့ ရောက် ရှိ နိုင်ဖွယ်ရာရှိကြောင်း ဩဂုတ် ၁၂ ရက်က ဝါရင့်မော်တော်လုပ်ငန်းရှင် ဦးသောင်းညွန့်ထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြဝတီမြို့တွင် လုယက်မှုကျူးလွန်သူများအနက် တစ်ဦးကို လုယက်သည့်ဆိုင်ကယ်အား လာရောက်ပေါင်နှံစဉ် ဖမ်းမိ




**မြဝတီ ဩဂုတ် ၁၂**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ် (၄) ရပ်ကွက် မိချောင်းကုန်းဘုန်းကြီးကျောင်း မုခ်ဝအနီးတွင် လူငယ်တစ်ဦးက ဆိုင်ကယ်ဖြင့် အမျိုးသမီးငယ်တစ်ဦးကို တင်ဆောင်၍ ခေတ္တစကားရပ်ပြောနေစဉ် လူငယ်သုံးဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ၎င်းတို့အနက် တစ်ဦးက ဓားမြှောင်ဖြင့် ချိန်ရွယ်၍ နောက်တစ်ဦးက အသင့်ပါလာသောတုတ်ဖြင့် ဦးခေါင်းအားရိုက်ကာ ကျန်တစ်ဦးက အမျိုးသမီးငယ်ထံမှ ငွေနှင့်လက်ကိုင်ဖုန်းတို့ကို လုယူ၍ ဆိုင်ကယ်ကိုပါ ၎င်းတို့သုံးဦးက လုယက်ယူဆောင်မှု ဩဂုတ် ၉ ရက် ည ၉ နာရီခန့်က ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်အား မြဝတီရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူများကို ပူးပေါင်းအဖွဲ့များဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ ဩဂုတ် ၁၀ ရက် ည ၁၀ နာရီခွဲခန့်တွင် မြဝတီ-မုဒုံကားဝင်းဟောင်းအနီး အမိန့်ရအပေါင်ဆိုင်တွင် ဆိုင်ကယ်တစ်စီးကို လူတစ်ဦးက လာရောက်ပေါင်နှံကြောင်း သတင်းအရ ဒုရဲအုပ်သက်နိုင်စိုးနှင့်အဖွဲ့က စစ်ဆေးမေးမြန်းရာ အဆိုပါဆိုင်ကယ်မှာ လုယူသွားသော ဆိုင်ကယ်ဖြစ်ပြီး ပေါင်နှံသူမှာ ဇော်သိန်းထွေး(ခ)ဝင်းမြင့် (၂၁ နှစ်) ကုန်းမြင့်သာယာ (၃) ရပ်ကွက်နေသူဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူနှစ်ဦးပါ ဖော်ထုတ်နိုင်ခဲ့၍ ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ထွန်းထွန်းထွေး(ဘားအံ)**

# ဘူးသီးတောင်မြို့နယ်၌ အစွန်းရောက် အကြမ်းဖက်သမားများ၏ အမာခံတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ နံနက်ပိုင်းက အစွန်းရောက်အကြမ်းဖက်သမားများအား ကူညီပံ့ပိုးပေးနေသူ အမာခံတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တင်းမေကျေးရွာအတွင်း လှည့်ကင်းဆောင်ရွက်စဉ် မော်လဝီ မူဟာမတ်အလီအား ဖမ်းဆီးစစ်ဆေးရာ ၎င်းသည် အစွန်းရောက်အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် မော်လဝီမတ်တာမိန် နှင့်ဟာဘတ် အဏ္ဏဝါတို့ထံ စားသောက်စရာများ ပို့ဆောင်ပေးခဲ့ပြီး အကြမ်းဖက်သမားများအား သတင်းပေးပို့နေသူဖြစ်ကြောင်းသိရသဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အသံမိုင်းတစ်လုံး မူဆယ် ၁၀၅ မိုင်တွင်ပေါက်ကွဲ

**မူဆယ် ဩဂုတ် ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့ မူဆယ် ၁၀၅ မိုင် မိုင်းယုတွင် ယမန်နေ့ ည ၁၀ နာရီ မိနစ်၂၀ ခန့်က ပြည်ထောင်စုလမ်းမကြီးဘေး ကိုက် ၅၀ ခန့်အကွာ ယာဉ်ငယ်စစ်ဆေးရေးဂိတ်အနီးရှိလမ်းဘေးတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။

အဆိုပါနေရာသို့ တပ်ခွဲမှူး ဒုရဲမှူး ဝင်းဇော်လင်း ဦးစီးအဖွဲ့နှင့် ၁၀၅ မိုင် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

ပေါက်ကွဲသံကြားရာ ကုမ္ပဏီဂိုဒေါင်များသို့သွားသည့် လမ်းဘေးရေအိုင်အနီးတွင် ပလတ်စတစ်အပြာစများတွေ့ရှိရကြောင်း၊ ယင်းဖြစ်စဉ်တွင် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်းနှင့် ယင်းပလတ်စတစ်အပြာစများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် စစ်ဆေးခဲ့ရာ အသံမိုင်းတစ်လုံးဟု ယူဆရကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၅၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နတ်မြစ်အတွင်း၌ တပ်မတော်(ရေ)မှလုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ နံနက်ပိုင်းက စိတ်ကြွရူးသွပ်ဆေးပြား ၄၇၅၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တပ်မတော်(ရေ)မှလုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ နံနက် ၂ နာရီခန့်က မသင်္ကာဖွယ် လှေတစ်စင်းအား တွေ့ရှိသဖြင့် လိုက်လံဖမ်းဆီးရာ လှေပေါ်ပါသူများမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး လှေပေါ်မှ WY/R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၅၀၀ ခန့်မှန်းကာလတန်ဖိုး ငွေကျပ်သိန်း ၉၅၀ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် ကုန်စည်များဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာန ဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်ကစတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် ၅၁၃စီး ၊ သွင်းကုန် ၅၂၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၀ ၊ သွင်း ကုန် ၁၄၂ စီး ကုန်စည်များ သယ်ယူပို့ ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ်၁၂ ဒသမ ၂၃၈ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၆၃ သန်းခန့် စုစုပေါင်းတားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃ ဒသမ ၆၀၁ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၁ ရက်က Nissan UD ၁၂ ဘီးယာဉ် တစ်စီး၊ ခရီးသည်တင်ယာဉ်တစ်စီးနှင့် FUSO ၁၂ ဘီးယာဉ်တစ်စီးတို့ကို ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ်ဆပ်ပြာမှုန့် ၈ ဒသမ ၃၆ ကီလိုဂရမ် (၂၂၅ ထုပ်)၊ ၁၀ ဒသမ ၀၈ ကီလိုဂရမ် (၄၆၂ ထုပ်)၊ စုစုပေါင်း ၆၅၃၇ ဒသမ ၉၆ ကီလိုဂရမ်၊ Bolt &Nut ၄၈ အိတ် (၂၅၀၀ ကီလိုဂရမ်)၊ CDI Unit ၉၀ ကီလိုဂရမ်၊ Carburetor အခု ၃၀၀၊ Street Lamp Picture Complete Set (84)W အခု ၉၀၊ Iron Ball ၃၂၀ ကီလိုဂရမ် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၂၃၈ သန်းခန့် အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့်တရုတ်နိုင်ငံထုတ် ဆပ်ပြာမှုန့်၊ Bolt&Nut ၊ CDI Unit ၊ Carburetor Street Lamp Picture Complete Set နှင့် Iron Ball**

# လှိုင်သာယာစက်မှုဇုန်(၅) သာဂူစေ့စက်ရုံ၌ ဘွိုင်လာဆီမော်တာပေါ်ကျရာမှ မီးလောင်မှုဖြစ်

**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၅) မင်းရောလမ်းနှင့် စစ်တောင်းလမ်းထောင့်ရှိ ရွှေဇင် သာဂူစေ့စက်ရုံ၌ ယနေ့ နံနက် ၈ နာရီခန့်က မီးလောင်မှုဖြစ်ခဲ့သည်။ မီးလောင်ရာသို့ လှိုင်သာယာမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးရန်နိုင်ဖြိုးဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးငြိမ်းသတ်ယာဉ် ခုနစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုဖြစ်စဉ်မှာ ဘွိုင်လာအိုးနံဘေးရှိ မော်တာပေါ်သို့ ဘွိုင်လာဆီများ လျှံကျလာရာမှ မီးစတင်လောင်ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် စက်ရုံမန်နေဂျာ ဦးဝင်းကြည်အား သောင်ကြီးရဲစခန်းက မီးပေါ့ဆမှုဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တော်လတီအထက တက္ကသိုလ်ဝင်တန်း(ဃ)တွင် ပညာသင်ကြားနေသော မောင်ပြည့်ဖြိုးအောင်၏ဖခင်အမည်မှန်မှာ ဦးဗိုလ်တင့် ၁၂/တကန(နိုင်)၁၂၉၁၂၅ ဖြစ်ပါသည်။ **ဦးဗိုလ်တင့်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မိုးရာဇာ ၇/ရတန(နိုင်)၀၈၄၂၈၂ ၏ နိုင်ငံကူးလက်မှတ် (429027) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၆၁၈၈၅၅၄**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

အထက(၁)-ဒဂုံ ဆဋ္ဌမတန်း(I)အခန်းမှ မောင်အောင်ကောင်းမြတ်၏ဖခင် ဦးမောင်သာထွန်းနှင့် ဦးသာထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်သာထွန်း ၁၁/ရသတ(နိုင်)၀၄၃၂၂၈**

**ဖခင်အမည်မှန်**

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း သတ္တမတန်းမှ မဆုထူးနွယ်၏ ဖခင်အမည်မှန်မှာ ဦးသန်းအောင် ၁၂/ဒဂတ(နိုင်)၀၉၇၃၈၉ ဖြစ်ပါကြောင်း။ **ဦးသန်းအောင်**

**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**
**တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ထားဝယ်မြို့နယ်၊ အငှားအိမ်ရာအဆောက်အအုံ (၃)လုံး ဆောက်လုပ်ခြင်း၊
(ခ) မြိတ်မြို့နယ်၊ အငှားအိမ်ရာအဆောက်အအုံ (၅)လုံး ဆောက်လုပ်ခြင်း၊
(ဂ) မြိတ်မြို့နယ်၊ စုပေါင်းရုံးအဆောက်အအုံ (၁)လုံး ဆောက်လုပ်ခြင်း၊
၂။ (က) **တင်ဒါလျှောက်လွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၁၄-၈-၂၀၁၇ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၂-၉-၂၀၁၇ ရက်၊ ညနေ ၄:၀၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၁၈-၉-၂၀၁၇ ရက်၊ နံနက် ၁၀:၀၀ နာရီ
(ဃ) **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
၃။ တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ ဖုန်း-၀၅၉-၂၀၂၂၅၉၁

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၅**

ဒေါ်လှလှ ပါ-၂ **နှင့်** ဒေါ်အုန်းအုန်း ပါ-၉
**တရားလိုများ** **တရားပြိုင်များ**

ဒေါ်တင်ထွေး လိပ်ကျကျေးရွာ၊ သံတောင်ကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ တရားလိုက သင့်အပေါ်အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးတစ်ကြီးစကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဩဂုတ် ၂၅ ရက် (၁၃၇၉ခုနှစ် တော်သလင်းလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၁:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဇင်ရွှေ)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၅**

ဒေါ်လှလှ ပါ-၂ **နှင့်** ဒေါ်အုန်းအုန်း ပါ-၉
**တရားလိုများ** **တရားပြိုင်များ**

ဦးဇော်မင်း အမှတ်(၈)၊ ချူဈေး စံပယ်လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ တရားလိုက သင့်အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးတစ်ကြီးစကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဩဂုတ် ၂၅ ရက် (၁၃၇၉ခုနှစ် တော်သလင်းလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၁:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဇင်ရွှေ)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်**

ပြည်တွင်း/ပြည်ပ–အလုပ်အကိုင်ရှာနေသူများ အတွက်
အလွယ်တကူ အလုပ်အကိုင်ရရှိစေပြီး လစာကောင်းစေဖို့...
အခြေခံအင်္ဂလိပ်စာသင်တန်း(B.E.C)
(လျှပ်စစ်၊စက်တပ်ဆင်၊ပိုက်ဆက်၊ဂဟေဆက်၊အဲယားကွန်း–(၅) မျိုးပါဝင်သည်။
(5)weeks ➔ တနင်္လာ မှ စနေနေ့ထိ (အချိန်ပြည့်) အလယ်တန်းအောင်အထက် (ကျား)
ကျန်းမာရေးအကူကျွမ်းကျင်သင်တန်း
(နေ့စဉ်/ဆိုဒ်စဉ်/သွားစရိတ်)–ဖြင့် စာတွေ့/လက်တွေ့ကျွမ်းကျင်မှု
အချိန်ပြည့်တစ်လ ➔ ရက် (၃၀) သင်တန်း၊ အလယ်တန်းအောင်အထက် (ကျား/မ)
ဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုလိုင်စင်များရရှိထားသော
သုခစုစ် အသက်မွေးပညာသင်တန်းကျောင်း
ပန်းဆိုးတန်းမှတ်တိုင်၊ကုန်သည်လမ်းမကြီး(၃၉–၄၀လမ်းထောင့်)၊တိုက်အမှတ်(၅၀၆)။
Ph : (01)377343 ,377344 ,www.tkss.com.mm, Fb-TKSS99

# တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ ဆုချီးမြှင့်

**မန္တလေး ဩဂုတ် ၁၂**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)မှ ကြီးမှူးကျင်းပသော တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက်က မန္တလေးတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်မြင့်မောင်နှင့် တာဝန်ရှိသူများက ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မိတ္ထီလာ တက္ကသိုလ်အသင်းနှင့် မုံရွာတက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးရာ မုံရွာတက္ကသိုလ်အသင်းက ပထမအနိုင်ရရှိခဲ့သည်။ ထို့နောက် ဆုပေးပွဲကို ကျင်းပရာ တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးစိုင်းကျော်ဇောနှင့် တာဝန်ရှိသူများက နှစ်ယောက်တွဲပြိုင်ပွဲနှင့် သုံးယောက်တွဲ ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသောအသင်းများ၊ အကောင်းဆုံး အားကစားသမားများနှင့် နှစ်ယောက်တွဲပြိုင်ပွဲ ပထမဆုရရှိသောအသင်းတို့အား ပထမတံခွန်စိုက်ဒိုင်းဆု ချီးမြှင့်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ မုံရွာတက္ကသိုလ်အသင်းအား ပထမတံခွန်စိုက်ဒိုင်းဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



◆ *ကျောဖုံးမှ*

ဝါရင့်ကစားသမားတွေဟာ အသင်းအတွက် အားကိုးနေရဆဲဖြစ်ပြီး အကောင်းဆုံးအနေအထားမှာ ရှိနေဆဲဖြစ်ပါတယ်။ ကစားသမားတွေရဲ့စိတ်ဓာတ်ပိုင်းကတော့ အမြင့်ဆုံးမှာရှိပါတယ်။ ခံစစ်အနေအထားကိုအားရမိပေမယ့် တိုက်စစ်ကတော့ လိုအပ်ချက်တွေရှိပါသေးတယ်။ အဆုံးသတ်ကောင်းအောင် ကြိုးစားနေပါတယ်။ ပြိုင်ပွဲက ပတ်လည်စနစ်နဲ့ ကစားမှာဖြစ်လို့ ပွဲတိုင်းက အရေးကြီးပါတယ်။အဖွင့်ပွဲမှာ ထိုင်းအသင်းနဲ့ ကစားရမှာမို့ ခက်ခဲနိုင်ပေမယ့် အင်အားအပြည့်နဲ့ ကစားရမှာဖြစ်လို့ ကြောက်ရွံ့မှုမရှိပါဘူး။ ပထမဆုံး ရွှေတံဆိပ်ရယူနိုင်ဖို့ ဒီပြိုင်ပွဲမှာ အကောင်းဆုံး ကြိုးစားသွားမှာပါ”ဟု ပြောကြားသည်။

❊ *ကျောဖုံးမှ*

ဆုရ ရှမ်းယူနိုက်တက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေး ငွေကျပ်သိန်း ၁၀၀၊ ပထမဆုရ ရောဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေး ငွေကျပ်သိန်း ၂၀၀ နှင့် ဆုဖလားတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ရှမ်းယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ၊ စီအီးအို ဦးစောလုလုထော်တို့က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

## ၂၀၁၇- ၂၀၁၈ ပရီမီယာလိဂ်အဖွင့်ပွဲစဉ် အာဆင်နယ် နိုင်၊ ချယ်လ်ဆီး ရှုံး၊ လီဗာပူး သရေကျ

၂၀၁၇-၂၀၁၈ ရာသီ ပရီမီယာလိဂ်အစောဆုံးပွဲစဉ်အဖြစ် စနေနေ့ နံနက်ပိုင်းက အာဆင်နယ်အိမ်ကွင်း၌ လက်စတာစီးတီးအသင်းကို ဧည့်ခံယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်ကို ပရိသတ် ၅၉၃၈၇ ဦး လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူထားသော လာကာဇက်တီသည် အာဆင်နယ်အသင်းအတွက် ပွဲအစ နှစ်မိနစ် မပြည့်မီမှာပင် ခေါင်းတိုက်သွင်းယူပေးနိုင်ခဲ့သည်။ ထိုဂိုးသည် ၂၀၁၇-၂၀၁၈ ရာသီ ပရီမီယာလိဂ်၌ ပထမဆုံး သွင်းယူသောဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ လက်စတာစီးတီးအသင်းအတွက် ချေပဂိုးကို အိုကာဇာကီက ပွဲချိန် ငါးမိနစ်မှာပင် သွင်းယူနိုင်နိုင်ခဲ့ပြီး ပွဲချိန် ၂၉ မိနစ်တွင် ဗာဒီက လက်စတာအတွက် ဒုတိယဂိုးသွင်းယူပေးခဲ့သော်လည်း ပထမပိုင်း ပြီးခါနီး ၄၅ မိနစ်တွင် ဝဲလ်ဘက်က သွင်းယူခဲ့၍ ပထမပိုင်းတွင် နှစ်ဂိုးစီဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင်လည်း အာဆင်နယ်အသင်းကသာ ဘောလုံးပိုင်ဆိုင်မှုအသာ၊ ကစားကွက်အသာဖြင့် လက်စတာစီးတီးအသင်းကို စိုးမိုးထားနိုင်ခဲ့သော်လည်း ပွဲချိန် ၅၆ မိနစ်တွင် မာရက်ဇ်၏ ထောင့်ကန်ဘောမှတစ်ဆင့် ဗာဒီက ခေါင်းတိုက်သွင်းယူကာ လက်စတာစီးတီးအတွက် တတိယဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ အာဆင်နယ်အသင်းနှင့် လက်စတာစီးတီးအသင်းတို့သည် အပြန်အလှန်သွင်းဂိုးများဖြင့် ပရိသတ်မျှော်လင့်တောင့်တနေသည့် ပွဲကောင်းတစ်ပွဲဖြစ်လာခဲ့သည်။ အာဆင်နယ်အသင်းအတွက် အနိုင်ဂိုးများကို လူစားဝင်ကစားသမားများဖြစ်သော ရမ်ဆေးနှင့် ဂျရူးတို့က ဇာကာ၏ ဖန်တီးပေးမှုမှတစ်ဆင့် ၈၃ မိနစ်နှင့် ၈၅ မိနစ်တို့တွင် သွင်းယူပေးနိုင်ခဲ့သဖြင့် အာဆင်နယ်တို့ လေးဂိုး-သုံးဂိုးဖြင့် ရာသီအဖွင့်ပွဲ အနိုင်ရခဲ့သည်။

ပရီမီယာလိဂ် လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းမှာ ရာသီဖွင့်မလှဘဲ အိမ်ကွင်း၌ ဘန်လေအသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့၍ နည်းပြကွန်တီအဖို့ မျက်နှာပျက်စရာ ဖြစ်ခဲ့သည်။ ဘန်လေအတွက် ဂိုးများကို ပွဲချိန် ၂၄ မိနစ်တွင် ဆမ်ဗိုစ်က တစ်ဂိုး၊ ၃၉ မိနစ်တွင် စတီဗင်ဝပ်က ဒုတိယဂိုး သွင်းယူပေးပြီး ၄၃ မိနစ်တွင် ဆမ်ဗိုစ်က တတိယဂိုး သွင်းယူပေးသည်။ ချယ်လ်ဆီးအတွက် ချေပဂိုးကို ၆၈ မိနစ်တွင် မိုရာတာနှင့် ၈၈ မိနစ်တွင် ဒေးဗစ်လုဇ်က ဒုတိယဂိုးကို သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်များတွင် ဝက်ဖို့ဒ်နှင့် လီဗာပူးတို့ သုံးဂိုးစီ သရေ၊ ခရစ္စတယ်ပဲလေ့စ်က ဟတ်ဒါဖီးကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး အဲဗာတန်က စတုတ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဆောက်သမ်တန်နှင့် ဆွမ်ဆီးတို့ ဂိုးမရှိသရေဖြစ်ခဲ့ပြီး ဝက်စ်ဘရွန်းက ဘုန်းမောက်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**ဇော်ဇော်**

## ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့အားပြိုင်မယ့် စပိန်စူပါဖလား ပထမအကျော့

**မိုးမြင့်လင်းလက်**

ဥရောပကလပ်တွေရဲ့ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီ ပြန်လည်စတင်ပြီဖြစ်တာမို့ ကမ္ဘာ့ဘောလုံးပရိသတ်တွေရဲ့ အားပေးမှုတွေက ပြန်လည်စည်ဝေနေတော့မှာ ဖြစ်ပါတယ်။ ဥရောပ ထိပ်သီးကလပ်နှစ်သင်းဖြစ်တဲ့ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ရဲ့ စပိန်စူပါ ဖလား ဘောလုံးပြိုင်ပွဲကိုတော့ ဩဂုတ် ၁၃ ရက် ည(တနင်္လာနေ့ နံနက် ၂ နာရီခွဲ)မှာ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

စပိန်စူပါဖလားပြိုင်ပွဲရဲ့ ပထမအကျော့ပွဲစဉ်အဖြစ် ဘာစီလိုနာရဲ့နူးကမ့်ကွင်းမှာ ကစားရမှာဖြစ်လို့ ရီးရဲမက်ဒရစ်အတွက်တော့ ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖို့ရှိနေတာ အမှန်ပါပဲ။ ဒီနှစ်သင်းဟာ ၂၀၀၂ နောက်ပိုင်း စပိန်စူပါဖလားပွဲမှာ ပထမဆုံးပြန်တွေ့ကြတာ ဖြစ်တာမို့ စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။

ရီးရဲမက်ဒရစ်ဟာ ဒီပွဲကို တိုက်စစ်အတွဲအဖြစ် စီရော်နယ်ဒို၊ ဘန်ဇီမာနှင့် ဂါရတ်ဘေးလ်တို့ကို ပွဲထုတ်လာဖို့ရှိနေပြီး ကွင်းလယ်လူ မိုဒရစ်ကတော့ ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်လာနိုင်ခြင်း မရှိပါဘူး။ ဒါ့ကြောင့် တိုက်စစ်ကို ပံ့ပိုးပေးမယ့် ရီးရဲမက်ဒရစ်ရဲ့ ကွင်းလယ်မှာ အစ္စကို၊ ကတ်စမဲရိုး၊ ကရူးစ်တို့ ထုတ်သုံးမလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဘာစီလိုနာတို့ကတော့ နာမည်ကြီးတိုက်စစ်မှူးနေမာ အသင်းပြောင်းရွှေ့သွားတာမို့ MSN တိုက်စစ်အတွဲ ပျက်သွားခဲ့တာကို ဘယ်လိုအစားထိုး ပွဲထွက်လာမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ တိုက်စစ်မှာ မက်ဆီ၊ ဆွာရက်ဇ်တို့နဲ့အတူ အင်နီယေစတာကို တွဲသုံးဖို့ ဖြစ်လာနိုင်သလို ကွင်းလယ်မှာ ရာကီတစ်၊ဘတ်စကွက်နဲ့ ဂိုမက်စ်တို့ကို ထုတ်သုံးဖို့များနေပါတယ်။

စပိန်စူပါဖလားသမိုင်းမှာတော့ ဒီနှစ်သင်းဟာ စုစုပေါင်းခြောက်ပွဲ ထိပ်တိုက်တွေ့ဆုံခဲ့ပြီး ရီးရဲမက်ဒရစ်က ငါးပွဲနိုင်ခဲ့ကာ ဘာစီလိုနာက တစ်ပွဲသာနိုင်ခဲ့တဲ့ မှတ်တမ်းရှိထားပါတယ်။ ဒါပေမယ့် စပိန်စူပါဖလားကို ဘာစီလိုနာက စုစုပေါင်း ၁၂ ကြိမ်ရရှိထားပြီး ရီးရဲမက်ဒရစ်တို့ကတော့ ကိုးကြိမ် ရယူထားနိုင်ခဲ့ပါတယ်။

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပြိုင်ပွဲစုံခြောက်ပွဲမှာ ဘာစီလိုနာက လေးပွဲနိုင်ပြီး ရီးရဲမက်ဒရစ်က တစ်ပွဲသာနိုင်ကာ သရေတစ်ပွဲဖြစ်ထားပါတယ်။ အခုပွဲမှာတော့ လက်ရှိခြေစွမ်းအရ အိမ်ရှင်ဖြစ်တဲ့ ဘာစီလိုနာတို့ပဲ အောင်ပွဲခံသွားမယ့် အခွင့်အရေးများနေပါတယ်။


### ပါမစ်ပျောက်ဆုံးခြင်း

ကျွန်မ၏ NTW Co., Ltd. သွင်းကုန်လိုင်စင် ILV-17-18 15001 14-6-17 သည် ၅-၈-၂၀၁၇ရက်တွင် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဒေါ်ဘောဘီ**

**ဖုန်း-၀၉-၄၂၀၁၈၅၂၁၄**

### LIFE IN YEZIN AGRICULTURE UNIVERSITY

90's Kids Team မှစီစဉ်သောတက္ကသိုလ်ပေါင်း ၁၉ ခုမှ ပြသမည့် LIFE IN UNIVERSITY အစီအစဉ်တွင် AUAA ရန်ကုန်ရုံးခွဲက ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်အကြောင်း သိကောင်းစရာများကို ပူးပေါင်းပါဝင်ပြသသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်လေ့လာနိုင်ပါသည်။

**နေ့ရက်** - ၁၃-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉ နာရီမှညနေ ၅နာရီအထိ
**နေရာ** - UMFCCI ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်

**စုံစမ်းရန်-ဖုန်း-၀၉-၄၃၀၅၁၀၇၂**

### မွေးသက္ကရာဇ်အမှန်

ဦးအောင်ကြည်၏သမီး ကျောက်တန်း အထက(၂) သော်က တက္ကသိုလ်ဝင်တန်း(အခန်း-၄)မှ မယမင်းစိုး(၂၇၇/၁၇)၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၉-၂၀၀၂ ဖြစ်ပါသည်။ **ဦးအောင်ကြည်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၈၈၃၄၀ TARYAN-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်ဝင်း ၁၂/ဥကမ(နိုင်)၁၂၄၁၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန(နေပြည်တော်)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/1715 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/4781 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ပျောက်ဆုံးကြောင်း

MAY CHAW SU CO., Ltd အမည်ဖြင့် သွင်းကုန်လိုင်စင်မူရင်း ISP IDV3 11-12 0212(09/02/2012) နှင့်သွင်းကုန်ကြေညာလွှာ ID 752388(2/7/2012) မူရင်းစာရွက်များမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၉၉၀၅၂၂**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/7000 Toyota Markx S/L (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇင်ဦး ၁၂/မရက(နိုင်)၁၄၂၄၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေကွက်အမှတ်၄၈/က၁၂၊ ဇရိယာ ဝဒသမ၁၀၇၈က အကျယ်အဝန်းရှိအမှတ်(၄၀/၁၆-ခ)၊ မြစံပယ်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော ဒေါ်ခင်ခင်ထား (BTHG-၀၀၀၅၂၆)၊ ၁၂/ဗတထ(နိုင်)၀၁၃၁၅၃ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အရောင်းအဝယ်ပြုလုပ်ရန်အတွက် ဒေါ်ခင်ခင်ထားသို့ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းသို့အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းကျွန်ုပ်တို့ထံသို့ တရားဝင်ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်း ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။


**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါက်တာ မေစန်းပွင့်** | **ဒေါက်တာ ဇာခြည်အောင်** |
| **LL.B,LL.M,MRes, Ph.D** | **LL.B, LL.M, MRes, Ph.D** |
| **အထက်တန်းရှေ့နေ)** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၂၆၈၃၄** | **(စဉ်-၁၂၀၃၃)** |
| **ဖုန်း-၀၉-၉၇၇၁၁၁၂၉၁** | **ဖုန်း-၀၉-၉၇၇၁၁၁၂၉၅** |

**အခန်း-၁၁၃၊ တိုက်(၁)၊ ဟိုတယ်ရန်ကုန်၊ ပြည်လမ်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်**

### မနောအလှ ကချင်ရိုးရာ ပိုးထည်နှင့်ချည်ထည် ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ဘုန်းကြီးလမ်း၊ အမှတ်(၁၁၂/အေ)၊ မြေညီထပ်နေ ဒေါ်ဂျာနန် ၁/မကတ(နိုင်)၀၀၇၅၄၈သည် အောက်ဖော်ပြပါ ကချင်မနောတိုင်ပုံဖြင့် Ma Naw AHla, Kachin Traditional, Silk and Cotton Wearဆိုင်အမည်ဖြင့် ကုန် အမှတ်တံဆိပ်အား တစ်ဦးတည်းမူပိုင်ထုတ်လုပ်ဖြန့်ချိ၊ ဖြန့်ဖြူးရောင်းချခဲ့ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်အမှတ်-၁၁၉၇၃ဖြင့်(၁၆-၁၀-၂၀၀၂)တွင် မှတ်ပုံတင်သွင်းထားပါသည်။




အထက်ပါကုန်အမှတ်တံဆိပ်ကို မနောအလှအမည်ဆိုင်းဘုတ်ဖြင့် လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ် ၁၁၂/အေ၊ မြေညီထပ်နေရာတစ်ခုတွင်သာ ကချင်ရိုးရာပစ္စည်း၊ ကချင်ပိုးထည်နှင့် ချည်ထည်များကို ရောင်းချပြီး မြန်မာပြည်တစ်ဝန်းလုံး၏မည်သည့်နေရာတွင်မျှ ဆိုင်ခွဲဖွင့်လှစ်ခြင်း၊ တစ်ဆင့်ဖြန့်ဖြူးရောင်းချစေခြင်း လုံးဝ(လုံးဝ)မရှိပါ။ အထက်ပါကုန်အမှတ်တံဆိပ်ကို အတိအလင်းတုပခြင်း၊ တစိတ်တစ်ဒေသတုပခြင်း၊ ဆင်တူယိုးမှားတုပခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ရောင်းချခြင်း၊ ပုံစံတူပြုလုပ်ရောင်းချခြင်း၊ နှုတ်ဖြင့် ယင်းတံဆိပ်ဖြစ်ကြောင်း ပြောဆိုရောင်းချခြင်းသည် ကျွန်ုပ်အမှုသည်၏အကျိုးစီးပွားကို ထိခိုက်နစ်နာစေပါသဖြင့် ဤကြော်ငြာ ပါပြီးသည့်အချိန်မှစ၍ ဆက်လက်တုပရောင်းဝယ်နေသည်ကို တွေ့ရှိပါက နစ်နာမှုများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသကြိန်(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၄၅၀၂၇)**
**ဖုန်း-၀၉-၂၅၆၅၂၅၁၈၁**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/6869 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

### တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ပြင်ဦးလွင်မြို့၊ EnglishHouse ကိုယ်ပိုင်အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သောဦး ငွါးဆာ၏သမီး မငွါးမလေးနှင့်မသီနာသည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ (၁၈-၆-၁၉၉၇) ဖြစ်ပါသည်။

### ပျောက်ဆုံးကြောင်း

SUPER SEVEN STAR INTERNATIONAL TRADING CO.,Ltd အမည်ဖြင့် သွင်းကုန်ကြေညာလွှာအမှတ် 838419 (20/3/2013) မူရင်း၊ C.S မူရင်း၊ ကားဓာတ်ပုံမူရင်းနှင့် သွင်းကုန်ကြေညာလွှာအမှတ် 113750 (12/5/2015) မူရင်း၊ C.S မူရင်း၊ ကားဓာတ်ပုံမူရင်းတို့မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၉၉၀၅၂၂**

### တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ဦးငွါးဆာ၏သမီး ပြင်ဦးလွင်မြို့ English House ကိုယ်ပိုင်အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော မငွါးမဆာနှင့်မစာရာမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၅-၁၀-၁၉၉၉ ဖြစ်ပါသည်။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/9139 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### မွေးသက္ကရာဇ်အမှန်

ဦးငွါးဆာ၏သမီး ပြင်ဦးလွင်မြို့ အထက(၄)နဝမတန်း(D)မှ မငွါးယာဆီနာ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁-၂၀၀၃ ဖြစ်ပါသည်။

(၂၅-၁-၂၀၀၃)

# ကမ္ဘောဒီးယားပိုင်နက်ရှိ လာအိုတပ်ဖွဲ့ဝင်များ ပြန်လည်ဆုတ်ခွာရန် လာအိုဝန်ကြီးချုပ်ညွှန်ကြား



ကမ္ဘောဒီးယားပိုင်နက်ရှိ လာအိုတပ်ဖွဲ့ဝင်များ ပြန်လည်ဆုတ်ခွာရေး နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးနေစဉ်

**ဖနောင်ပင် ဩဂုတ် ၁၂**

လာအိုအစိုးရအနေဖြင့် ကမ္ဘောဒီးယားပိုင်နက်ရှိ တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၃ ရက်နံနက်မတိုင်မီ ပြန်လည်ဆုတ်ခွာရန်အတွက် လာအိုဝန်ကြီးချုပ် သွန်လောင်ဆီဆိုးလိဒ်က ဩဂုတ် ၁၂ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

" ဒီနေ့ကျွန်တော်တို့ ပွင့်လင်းပြီး ဖော်ရွေတဲ့ ဆွေးနွေးမှုတွေလုပ်ခဲ့တယ်။ ပြီးတော့သက်ဆိုင်ရာ အာဏာပိုင်တွေကို မနက်ဖြန် နံနက်ပိုင်းထက်နောက် မကျစေဘဲ တပ်ဖွဲ့ဝင်တွေအားလုံးကို အဆိုပါဒေသမှပြန်လည်ဆုတ်ခွာဖို့ ညွှန်ကြားခဲ့တယ်"လို့ ကမ္ဘောဒီးယားဝန်ကြီးချုပ်ဆန်ဒက်ဟွန်ဆန်နှင့် အရေးတကြီးတွေ့ဆုံပြီးနောက် ဆီဆိုးလိဒ်က ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

လာအိုတပ်ဖွဲ့ဝင် ၃၀ သည် လာအိုနှင့်ထိစပ်လျက်ရှိသည့် ကမ္ဘောဒီးယားပိုင်နက်နယ်မြေများဖြစ်သည့် စတန်ထရန့်ပြည်နယ်ရှိ အိုအလေနှင့် အိုတာငဒေသများသို့ ဧပြီလကတည်းက ကျူးကျော်ဝင်ရောက်ခဲ့ကြရာ ကမ္ဘောဒီးယားပိုင်နက်နယ်မြေမှ ခြောက်ရက်အတွင်းထွက်ခွာသွားရန် ရာဇသံပေးပို့လိုက်သလိုအကယ်၍ထွက်ခွာခြင်းမရှိပါက စစ်ရေးအရအရေးယူဆောင်ရွက်ခြင်းများပြုလုပ်မည်ဖြစ်ကြောင်း ဟွန်ဆန်က ပြောကြားပြီးနောက် လာအိုတပ်ဖွဲ့များအဆိုပါဒေသမှ ဆုတ်ခွာရန် ဆီဆိုးလိဒ်၏ ကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ နယ်စပ်တစ်လျှောက်လမ်းဖောက်ခြင်းကိစ္စနှင့်ပတ်သက်ပြီး လာအိုတပ်ဖွဲ့များက ကမ္ဘောဒီးယားပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက် လာကြောင်း ဟွန်ဆန်က ပြောခဲ့သည်။

ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဆီဆိုးလိဒ်၏ တပ်ဖွဲ့ဝင်များပြန်ဆုတ်ရေး ဆုံးဖြတ်ချက်အပေါ် ချီးကျူးလိုက်ပြီး အဆိုပါ ဆုံးဖြတ်ချက်ကြောင့် နှစ်နိုင်ငံတပ်ဖွဲ့များကြား တင်းမာမှုများလျော့နည်းသွားကြောင်း ဟွန်ဆန်က ပြောခဲ့သည်။

နှစ်နိုင်ငံကြားတွင် မဖြေရှင်းနိုင်သော ပြဿနာဆိုတာမရှိသေးကြောင်း၊ နှစ်နိုင်ငံလုံးအတွက် ကြီးမားသော အောင်မြင်မှုဖြစ်ကြောင်း၊ အရေးပေါ်တွေ့ဆုံဆွေးနွေးမှုက နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားထိခိုက်မည့် ကိစ္စကို ဖြေရှင်းလိုက်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လမ်းတည်ဆောက်ခြင်းကိစ္စကိုလည်း ခေတ္တခဏဆိုင်းငံ့ထားကြောင်း သိရသည်။ ဆီဆိုးလိဒ်အနေဖြင့် နှစ်နိုင်ငံအကျိုးရှိမည့်ကိစ္စကို ဖန်တီးနိုင်သည့်အတွက် ကျေးဇူးတင်ကြောင်း၊ ကျန်ရှိနေသော ကိစ္စရပ်များကို ကမ္ဘောဒီးယား-လာအို ပူးတွဲနယ်စပ်ရေးရာကော်မတီက ဆက်လက်ကိုင်တွယ်ဖြေရှင်းလိမ့်မည်ဖြစ်ကြောင်း ဟွန်ဆန်က ပြောခဲ့သည်။

**(ဆင်ဟွာ)**

## ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက်ကင်းစင်ရေး ရှီနှင့်ထရန့်ဆွေးနွေး

**ပေကျင်း ဩဂုတ် ၁၂**

ကိုရီးယားကျွန်းဆွယ်အရေးနှင့်ပတ်သက်ပြီး ကန့်သတ်မှုများပြုလုပ်ရန် သက်ဆိုင်ရာနိုင်ငံများအား တိုက်တွန်းကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဩဂုတ် ၁၂ ရက်က ဖုန်းဖြင့် ဆက်သွယ်ပြောဆိုကြောင်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က သက်ဆိုင်ရာနိုင်ငံများအနေဖြင့် ကိုရီးယားကျွန်းဆွယ် တင်းမာမှုများမြင့်တက်စေမည့်မှတ်ချက်များနှင့် လုပ်ဆောင်မှုများမပြုလုပ်ဘဲ ရှောင်ရှားသင့်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် အဆိုပါအရေးနှင့်ပတ်သက်ပြီး သင့်တော်သည့် အဖြေရရှိရန်အတွက်လည်း အမေရိကန်နှင့် ပူးတွဲလုပ်ဆောင်ရန် အဆင်သင့်ရှိကြောင်း ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်အတွင်း နျူကလီးယားလက်နက်ကင်းစင်ရေးနှင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးထိန်းသိမ်းမှုများလုပ်ဆောင်ရာတွင် နှစ်နိုင်ငံဘုံအကျိုးကျေးဇူးများရရှိနိုင်ကြောင်း ရှီကဆက်လက်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနျူကလီးယားအရေးနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံ၏ကြိုးစားမှုများကိုလည်း အပြည့်အဝထောက်ခံပါကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့သည်။

ထို့အပြင် နိုင်ငံတကာနှင့် ဒေသတွင်း ဘုံအကျိုးစီးပွားနှင့် ဆက်စပ်နေသော ကိစ္စများတွင် တရုတ်နှင့် အနီးကပ်ပူးပေါင်း ဆက်ဆံလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**



## မွန်ဂိုဒေသတွင်း ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ရာ ငါးဦးထက်မနည်းသေဆုံး

**ဟိုဟော့ ဩဂုတ် ၁၂**

တရုတ်နိုင်ငံမြောက်ပိုင်း မွန်ဂိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ လူငါးဦးထက်မနည်းသေဆုံးခဲ့ပြီး ၅၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အစိုးရက ဩဂုတ် ၁၂ ရက်တွင် ပြောခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်းသည် ဟက်ဆီတန်ဘန်နာနှင့် အွန်ဂျီနက်ဘန်နာဒေသရှိ ကျေးရွာပေါင်းလေးရွာကို အကြီးအကျယ်ထိခိုက်ပျက်စီးစေခဲ့ကြောင်း ချီဖန်အရေးပေါ် တုံ့ပြန်ရေးရုံးက ပြောခဲ့သည်။

ဆိုင်ကလုန်းတိုက်ခတ်မှုကြောင့် အိမ်ရာပေါင်းများစွာ အကြီးအကျယ်ထိခိုက်ပျက်စီးသွားပြီး ပျက်စီးဆုံးရှုံးမှုကို တွက်ချက်လျက်ရှိကြောင်း သိရသည်။




ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသောနေအိမ်များကို တွေ့ရစဉ်

ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဒဏ်ရာရရှိခဲ့သူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ထို့အတူ မုန်တိုင်းတိုက်ခတ်ရာနေရာများတွင်လည်း ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ထရန့်ဟိုတယ် အသားတင်အမြတ်ငွေ နှစ်သန်းနီးပါးရရှိ

**ဝါရှင်တန် ဩဂုတ် ၁၂**

ထရန့်နိုင်ငံတကာဇိမ်ခံဟိုတယ်သည် ယခုနှစ်ပထမလေးလအတွင်း အသားတင်အမြတ်ငွေ ၁ ဒသမ ၉၇ သန်းရရှိခဲ့ကြောင်း လတ်တလောထုတ်ပြန်ထားသည့် ဖက်ဒရယ်သတင်းအချက်အလက်များအရ သိရသည်။

ထရန့်နိုင်ငံတကာဇိမ်ခံဟိုတယ်သည် အမေရိကန်နိုင်ငံ အိမ်ဖြူတော်အနီး ဝါရှင်တန်ဒီစီမြို့လယ်ရှိ နိုင်ငံပိုင်စာတိုက်ရုံးဟောင်း အဆောက်အအုံတွင်းတည်ရှိကြောင်း သိရသည်။

ထရန့်နိုင်ငံတကာဇိမ်ခံဟိုတယ်သည် မြို့တွင်းရှိ အခြားဟိုတယ်များထက် ဈေးကြီးကြောင်း ဒေသခံမီဒီယာများက ဆိုသည်။ အဆိုပါဟိုတယ်သို့ လာရောက်တည်းခိုမည်ဆိုပါက တစ်ညလျှင် အမေရိကန်ဒေါ်လာ ၆၅၂ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## အီဂျစ်၌ ရထားတိုက်မိမှုဖြစ်ပွား ၃၆ ဦးထက် မနည်းသေဆုံး

**ကိုင်ရို ဩဂုတ် ၁၂**

အီဂျစ်နိုင်ငံ အလက်ဇန်ဒရီယာပြည်နယ်၌ ယမန်နေ့က ရထားနှစ်စင်းတိုက်မိမှုဖြစ်ပွားခဲ့ရာ ၃၆ ဦးထက်မနည်းသေဆုံးပြီး ၁၂၃ ဦးကျော် ဒဏ်ရာရရှိခဲ့ကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက ပြောခဲ့သည်။

အလက်ဇန်ဒရီယာပြည်နယ်နှင့် အိမ်နီးချင်းဘီဟီရာပြည်နယ်ရှိ ဆေးရုံများအားလုံးသို့ အရေးပေါ်အဆင့်ကြေညာခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားခဲ့သည်။ ဆေးရုံသို့ လူနာများတင်ပို့ရာတွင် လူနာတင်ယာဉ် ၇၅ စီးအသုံးပြုခဲ့ရကြောင်း၊ ပြင်းထန်သည့် ဒဏ်ရာရရှိသူများသောကြောင့် သေဆုံးသူဦးရေမှာ မြင့်တက်လာနိုင်ကြောင်း အဆိုပါဌာနက ဆက်လက်သတင်းထုတ်ပြန်ခဲ့သည်။

ကိုင်ရိုမှ အလက်ဇန်ဒရီယာပြည်နယ်သို့ ဦးတည်ခုတ်မောင်းလာသောရထားသည် မြေထဲပင်လယ်ဆိပ်ကမ်းမြို့ပို့ဆက်အလက်ဇန်ဒရီယာပြည်နယ်သို့ ထွက်ခွာလာသောရထားနှင့် တိုက်မိခြင်းဖြစ်ကြောင်း သိရသည်။ ရထားတိုက်မိမှုသည် အလက်ဇန်ဒရီယာပြည်နယ်အရှေ့ဘက် ကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်သော ကူရှီဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အီဂျစ်အာဏာပိုင်များက အဆိုပါရထားတိုက်မိမှုကို စုံစမ်းရန်အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။ ထို့အတူ အီဂျစ်ဝန်ကြီးချုပ် ရှရစ်အစ်စမေးကလည်း အခင်းဖြစ်ပွားရာနေရာတွင် ကူညီမှုများဆောင်ရွက်နိုင်ရန် အကြီးစားယာဉ်များကိုပေးပို့ရန် မှာကြားခဲ့ကြောင်း သိရသည်။ အီဂျစ်တွင် ရထားတိုက်မိမှု အတော်များများဖြစ်ပွားခဲ့ပြီး အဆိုပါတိုက်မိမှုများကြောင့် လူရာပေါင်းများစွာသေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**



# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်နှင့် အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါရန် ဖော်ပြခြင်း ဖြစ်သည်။**

*ယမန်နေ့မှ အဆက်*

(ခ) ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် ထပ်တူ သို့မဟုတ် အလားတူမှတ်ပုံတင်မထားသည့် ကျော်ကြားသော အမှတ်တံဆိပ်သင်္ကေတ တစ်ခုအား ခွင့်ပြုချက်မရဘဲ အသုံးပြုခြင်းသည် အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေနိုင်သည်ဟု မှတ်ယူရမည်။

၇၇။ (က) တရားရုံးသည် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ ပုဒ်မ ၇၅၊ ပုဒ်မခွဲ(က) အရ လျှောက်ထားလာပါက တရားမကြောင်းအရ ကုစားဆောင်ရွက်ရန် အောက်ပါ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ ချမှတ်နိုင်သည်-

(၁) အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းကို ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ရှင်းလင်းပြီးသည့် သွင်းကုန်ပစ္စည်းများအပါအဝင် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးရန် အတွက် သင့်သည်ထင်မြင်သည့်အမိန့်၊

(၂) စွပ်စွဲခံရသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားများကို မူလအခြေအနေမပျက် ထိန်းသိမ်းထားရန်အတွက် သင့်သည်ထင်မြင်သည့် အမိန့်၊

(၃) သက်ဆိုင်ရာအကောက်ခွန်ရုံးက ထုတ်ထားသည့် ဆိုင်းငံ့မိန့်ကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် သို့မဟုတ် အတည်ပြုရန် အမိန့်။

(ခ) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ပေးရန် အတွက် လျှောက်ထားသူထံမှ အောက်ပါတို့ကို တောင်းဆိုနိုင်သည်-

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ယင်း၏အခွင့်အရေးကို ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ခိုင်လုံသေချာစေရန်အလို့ငှာ သင့်လျော်လုံလောက်သည့် မည်သည့်သက်သေခံအထောက်အထားများကိုမဆို တင်ပြစေခြင်း။

(၂) ယာယီအရေးယူဆောင်ရွက်မှုကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်တားဆီးရန်အတွက် လုံလောက်သည့် အာမခံတင်သွင်းစေခြင်း။

(ဂ) တရားရုံးက ထုတ်ပြန်ထားသော အမိန့်အရ ယာယီအရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် တရားရုံးသည် ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ်လိုအပ်သော မည်သည့်သတင်းအချက်အလက်ကိုမဆို တင်သွင်းရန် လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

(ဃ) တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှုအပေါ် အမှုကို အပြီးအပြတ် ဆုံးဖြတ်နိုင်ရန်အတွက် တရားမကြောင်းအရ တရားစွဲဆိုခြင်းကို တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သော ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့် နေ့ရက်မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ ရက် သို့မဟုတ် ပြက္ခဒိန်ရက် ရက်ပေါင်း ၃၁ ရက်တို့အနက် ပိုမိုကြာမြင့်သည့် အချိန်ကာလ ထက်မပိုသော အချိန်အတွင်း တရားစွဲဆိုမှုကို စတင်ဆောင်ရွက်ခဲ့ခြင်း မရှိလျှင် ပုဒ်မ ၇၈၊ ပုဒ်မခွဲ (ခ)ကို မထိခိုက်စေဘဲ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၇၈၊ ပုဒ်မခွဲ (က) တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(င) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင်ဖြစ်စေ၊ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်း မရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာ မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါအရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်မျှတသော လျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၇၈။ (က) တရားရုံးသည်အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်သတ်ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူကို ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကို ဖြစ်စေတန်ရာသည့် နှောင့်နှေးကြန့်ကြာမှုတစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံ အထောက်အထားများကို ဖျက်ဆီးခံရမည့် အန္တရာယ်ကျရောက်မည်ဟု စိုးရိမ်ဖွယ်ရာရှိခြင်း။

(ခ) တရားရုံးသည် တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်ရာတွင်-

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ယာယီအရေးယူဆောင်ရွက်သည့်အမိန့်ကို လျှောက်ထားခံရသူထံ အသိပေးအကြောင်းကြားရမည်။

(၂) တရားရုံးက သတ်မှတ်သည့် သင့်လျော်သော အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့ရက်မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ ရက်အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်းမရှိလျှင် ယင်းအရေးယူဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(၃) ယင်းအရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့်ကာလအတွင်း ဆောင်ရွက်ရမည်။

၇၉။ (က) အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမဆိုင်ရာ ဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ တရားရုံးသည် အောက်ပါအမိန့် တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေချမှတ်နိုင်သည်-

(၁) အကောက်ခွန် ရှင်းလင်းပြီးသည့် တင်သွင်းလာသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ထားသည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုနယ်ပယ်အတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးခြင်းအပါအဝင် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုကို ရပ်ဆိုင်းရန်အတွက် သင့်သည် ထင်မြင်သည့်အမိန့်၊

(၂) (ကက) အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံသို့ လုံလောက်သောနစ်နာကြေးကို ပေးဆောင်စေရန်အတွက် ချမှတ်သည့်အမိန့် သို့မဟုတ် သင့်လျော်သောကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ်တောင်းဆိုထားသော နစ်နာကြေးကိုဖြစ်စေ ချိုးဖောက်သူမှ ရယူခံစားခဲ့သော အကျိုးအမြတ်ကို ဖြစ်စေ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ပေးစေရန်အမိန့်၊

(ခခ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့ အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များကိုပေးဆောင်စေရန် အမိန့်၊

(၃) အခွင့်အရေးရရှိသူကို ထိခိုက်နစ်နာမှုမရှိစေရန် အလို့ငှာ လျော်ကြေးတစ်စုံတစ်ရာပေးဆောင်စေခြင်းမရှိဘဲ အမှတ်တံဆိပ်ချိုးဖောက်သော ကုန်ပစ္စည်းများကို ကုန်သွယ်မှုလမ်းကြောင်း ဈေးကွက်မှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန်ချမှတ်သည့်အမိန့်၊

(၄)အမှတ်တံဆိပ်ချိုးဖောက်သောကုန်ပစ္စည်းများ ပြုလုပ်ရာတွင် အဓိက အသုံးပြုသော ပစ္စည်းကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်း ဈေးကွက်မှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန်ချမှတ်သည့်အမိန့်။

(ခ) တရားရုံးသည် ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၃) နှင့် (၄) အရ အမိန့်တစ်ခုခုကို ချမှတ်ရန် စဉ်းစားရာတွင် အဆိုပါအမိန့်နှင့် အမှတ်တံဆိပ်ချိုးဖောက်မှုအတိုင်းအတာကို အချိုးညီစွာချင့်ချိန်ဆုံးဖြတ်ရမည်ဖြစ်ပြီး အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၈၀။ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့တိုင်ကြားခြင်းကြောင့် မှားယွင်းစွာဟန့်တားခံရသည့် တရားပြိုင်ကို တိုင်တန်းသူက လျော်ကြေးပေးရမည့်အပြင် တရားပြိုင်၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို တိုင်တန်းသူက ပေးဆောင်စေရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၈၁။ (က) တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန်အမိန့်ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူက ယင်း၏တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့်စပ်ဆိုင်သည့် ခိုင်လုံသောသက်သေခံ အထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ၎င်းတို့၏ အပြန်အလှန်စွပ်စွဲငြင်းဆိုသည့်အချက်များအပါအဝင် သတင်းအချက်အလက်များအပေါ်အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့် ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကိုရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သော ကာလအတွင်း လိုအပ်သော သတင်းအချက်အလက်ကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့် စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်၊ *(ဆက်လက်ဖော်ပြပါမည်)*

## ကြောင်ကိုက်ခံရပြီးနောက်သေဆုံးခဲ့သည့် ဂျပန်အမျိုးသမီးတစ်ဦးမှာ သန်းမှဖြစ်ပွားသည့်ရောဂါကူးစက်ခံခဲ့ရကြောင်းသိရ

**ကလျာမိုးမြင့်**

ပြီးခဲ့တဲ့နှစ်က သန်းကနေဖြစ်တဲ့ ရောဂါဝင်ရောက်မှုကြောင့် သေဆုံးခဲ့တဲ့ ဂျပန်အမျိုးသမီးတစ်ဦးဟာ ကြောင်တစ်ကောင်အကိုက်ခံရပြီးမှ အဲဒီလိုဖြစ်ပြီးသေဆုံးသွားခဲ့တာဖြစ်တယ်လို့ ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့ပါတယ်။

ဒီလိုဖြစ်ပွားခဲ့မှုဟာ နို့တိုက်သတ္တဝါကနေ လူဆီကိုပထမဆုံးကူးစက်ဖြစ်ပွားခဲ့တဲ့ဖြစ်ရပ်တစ်ခုဖြစ်နိုင်တယ်လို့ ကျန်းမာရေးဝန်ကြီးဌာနကဆိုပါတယ်။ အသက် ၅၀ ကျော်ပြီဖြစ်တဲ့ အမျိုးသမီးဟာ ဖျားနာနေတဲ့ကြောင်တစ်ကောင်ကို ကိုင်တွယ်ပြုစုပေးနေခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

အဲလိုပြုစုပေးခဲ့ရာကနေ ကြောင်ကိုက်တာကိုခံလိုက်ရပြီးတဲ့နောက် အမျိုးသမီးကြီးဟာ ၁၀ ရက်လောက်အကြာမှာ သန်းတွေကြောင့်ဖြစ်ပွားရတဲ့ ပြင်းထန်စွာအဖျားတက်သည့်ရောဂါ Severe Fever with Thrombocytopenia Sydrome (SFTS)ကို ခံစားရပြီး သေဆုံးသွားခဲ့ပါတယ်။


သန်းကိုက်ထားတယ်လို့ယူဆရတဲ့ အခြေအနေမျိုးမတွေ့ရှိရတဲ့အတွက် ဆရာဝန်တွေက အဲဒီအမျိုးသမီးဖျားနာခဲ့ရခြင်းဟာ ကြောင်ကနေတစ်ဆင့်ကူးစက်ပြီးဖြစ်ပွားတဲ့အဖျားရောဂါဝင်ရောက်မှုဖြစ်မယ်လို့ယူဆခဲ့ကြပါတယ်။ ဖျားနာခြင်းကို ဖြစ်စေခဲ့တဲ့ဗိုင်းရပ်စ်ဟာ ကြောင်ကနေ ဝင်ရောက်လာတယ်လို့ အခိုင်အမာသက်သေပြနိုင်ခြင်းတော့ မရှိသေးပါဘူး။ ဒါပေမယ့် ဒါဟာ ပထမဆုံးဖြစ်ပွားတဲ့ကူးစက်ခံရမှုတစ်ခုဖြစ်နိုင်တယ်လို့ အာဏာပိုင်တွေက ပြောဆိုခဲ့ကြပါတယ်။

SFTS ဟာတရုတ်နိုင်ငံ၊ ကိုရီးယားနဲ့ဂျပန်နိုင်ငံတွေမှာအသစ်ပေါ်ထွက်လာတဲ့ ကူးစက်တတ်သော ရောဂါတစ်ခုဖြစ်ပါတယ်။ဒီဗိုင်းရပ်စ်ဟာ သေဆုံးစေနိုင်မှုနှုန်း ၃၀ရာခိုင်နှုန်းနဲ့အထက်မှာရှိပြီး အထူးသဖြင့် အသက်၅၀ကျော်ပြီဖြစ်တဲ့သူတွေမှာ ပိုပြီးရောဂါဖြစ်ပွားမှု အခြေအနေပိုမိုပြင်းထန်နိုင်ပါတယ်။


ဂျပန်မီဒီယာတွေရဲ့ဖော်ပြချက်အရ SFTS ရောဂါဟာ ဂျပန်နိုင်ငံမှာ ၂၀၁၃ခုနှစ်ကစတင်ဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ဖြစ်ပွားခဲ့တဲ့ ကြောင်အကိုက်ခံရပြီးနောက် ရောဂါကူးစက်ခံရပြီး သေဆုံးခဲ့မှုဟာ ဖြစ်ဖို့ခဲယဉ်းတဲ့ကိစ္စမျိုးဆိုပေမယ့် ကိုယ်ခံအားသိပ်မကောင်းတဲ့၊ ကျန်းမာရေးသိပ်မကောင်းတဲ့အခြေအနေမျိုးမှာ ခွေးတွေကြောင်တွေနဲ့ထိတွေ့ကိုင်တွယ်တဲ့အခါအထူးဂရုစိုက်ဖို့ ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထားပါတယ်။

သန်းကိုက်ခံရမှုတွေဟာ ကမ္ဘာတစ်ဝန်းမှာ ပြင်းထန်တဲ့အဖျားရောဂါကိုဖြစ်ပွားစေတဲ့ လိုင်မီ(Lyme) လို့ခေါ်တဲ့ ရောဂါကူးစက်မှုနဲ့ဆက်စပ်နေပြီး ဒီ လိုကူးစက်ခံရတဲ့အခါ မကုသဘဲထားလိုက်ရင် အသက်သေဆုံးနိုင်တယ်လို့သိရပါတယ်။ **(ဘီဘီစီ)**
















# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လက်ရှိဖြစ်ပွားနေသည့် ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm 09 ဖြစ်စဉ်နှင့်ပတ်သက်၍ ကနဦးသုံးသပ်ချက်

**ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 ဗိုင်းရပ်စ်ပိုးနှင့် ပတ်သက်၍ တစ်ကမ္ဘာလုံးနှင့် မြန်မာနိုင်ငံမှ အချက်အလက်များအားလေ့လာချက်အရ ပြည်သူလူထုအတွင်း ရောဂါဖြစ်ပွား၊ သေဆုံးနှုန်း မမြင့်မားသော်လည်း နာတာရှည်ရောဂါအခံရှိသူများ (ဥပမာ-ဆီးချိုရောဂါရှိသူများ)၊ ကိုယ်ဝန်ဆောင်များ၊ ကလေးများတွင် ရောဂါပြင်းထန်ပြီး သေဆုံးမှုမြင့်မားကြောင်း တွေ့ရှိရ**

**၁။ နိဒါန်း**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တုပ်ကွေးရောဂါအပါအဝင် အခြား ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား ဦးစားပေးလုပ်ငန်း တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ တုပ်ကွေးရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းအား စီမံချက်တစ်ရပ်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လတ်တလော ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm 09 ဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း၊ လူနာကုသခြင်း လုပ်ငန်း၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းအပါအဝင် ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများအား အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ ပြည်သူ လူထု၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

**၂။ လက်ရှိဖြစ်ပွားကူးစက်နေသော (Seasonal Influenza A (H1N1) pdm 09) ရာသီတုပ်ကွေးဖြစ်ပွားမှုအခြေအနေ**

ယခုနှစ် ဇူလိုင်လအတွင်း လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ရောဂါဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ ဆေးရုံတက်ရောက်မှု အရေအတွက်မှာ ပျမ်းမျှ နေ့စဉ် ခုနစ်ဦးခန့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနသည် ရန်ကုန်ဆေးရုံကြီးသို့ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ရောဂါဖြင့် တက်ရောက်ကုသသူ သုံးဦးတွင် (Seasonal Influenza A(H1N1) pdm09) ပိုးတွေ့ရှိကြောင်း သတင်းရရှိသည့် ဇူလိုင် ၂၁ ရက်နေ့မှစတင်၍ ရာသီ တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန်နှင့် ထိန်းချုပ်နိုင်ရန်အတွက် စောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ သံသယရောဂါရှိသူများကို ပိုမိုရှာဖွေဖော်ထုတ်နိုင်ခဲ့ပါသည်။

ကူးစက်ရောဂါဗေဒဆိုင်ရာ သုံးသပ်ချက်များအား နေ့စဉ်ဆောင်ရွက်လျက် ရှိရာ ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက် မွန်းလွဲ ၂ နာရီအထိ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ ၅၁၀ ၊ (Seasonal Influenza A(H1N1)pdm09) ပိုးတွေ့လူနာ ၁၉၄ ဦး၊ H3N2 ပိုးတွေ့ လူနာ ရှစ်ဦး တွေ့ရှိရပါသည်။ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်း ရောဂါဖြင့် တက်ရောက်ကုသသူများအနက် သေဆုံးသူ ၂၀ ရှိသဖြင့် သေဆုံးမှု နှုန်းမှာ ၃ ဒသမ ၉၂ ရာခိုင်နှုန်း ရှိကြောင်း တွေ့ရှိရပါသည်။ H1N1 ပိုးတွေ့ ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံး ခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် သေဆုံးသူ စုစုပေါင်း ၁၅ ဦးရှိ ပါသည်။

ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူနာနှင့် အနီးကပ်နေထိုင်သော မိသားစုဝင်များနှင့် လူနာအား ကျန်းမာရေးပြုစုစောင့် ရှောက်မှုပေးသော ကျန်းမာရေးဝန်ထမ်းများတွင် ရောဂါပိုးကူးစက်ခံရမှုနည်းပါး ခြင်း၊ ချင်းပြည်နယ်မှအပ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အစုလိုက် ဖြစ်ပွားမှု မရှိခြင်းတို့ကြောင့် ယခုဖြစ်ပွားလျက်ရှိသည့် ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 နှင့်ပတ်သက်၍ ပိုးတွေ့လူနာများ နှင့် အနီးကပ်ထိတွေ့နေထိုင်သူများတွင် ပြင်းထန်ရောဂါဖြစ်ပွားမှု (Secondary Attack Rate) မမြင့်မားကြောင်း တွေ့ရှိရပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အထွေထွေရောဂါကု ဆရာဝန်များနှင့်ပူးပေါင်း၍ တုပ်ကွေးရောဂါလက္ခဏာဖြင့် လာရောက်ပြသသူ များ သိသိသာသာများပြားလာခြင်း ရှိ၊ မရှိကိုလည်း မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအသင်းတို့နှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။

**၃။ ချမှတ်ဆောင်ရွက်လျက်ရှိသော နည်းဗျူဟာများ (Strategies)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခုရာသီတုပ်ကွေး ရောဂါဖြစ်ပွားမှု ဖြစ်စဉ်နှင့်ပတ်သက်၍ နည်းဗျူဟာများအဖြစ် ရောဂါစောင့်ကြပ် ကြည့်ရှုခြင်း (Surveillance)၊ ရောဂါဖြစ်ပွားမှုအား ဖြစ်ပွားရာနေရာ၌ အချိန်မီ ထိန်းချုပ်ခြင်း (Containment)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများ၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနနှင့် တိုင်း ဒေသကြီးနှင့် ပြည်နယ်များ ဆက်သွယ်ရေးနှင့် သတင်းပေးပို့စနစ်များ စနစ်တကျ ဖြစ်စေရန်စီမံခန့်ခွဲခြင်း (Line of Communication and Reporting) နှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်စီမံခန့်ခွဲရေးဗဟိုဌာန (EOC) ဖွင့်လှစ် ဆောင်ရွက်ခြင်း၊ ရောဂါဆက်လက်ပျံ့နှံ့မှုလျော့နည်းအောင် ဆောင်ရွက်ခြင်း (Mitigation)၊ ထိရောက်သောကုသမှုပေးခြင်း (Treatment)၊ ပြည်သူလူထု အား အသိပညာပေးခြင်း (Health Education)၊ ဖြစ်နိုင်ခြေအပေါ်မူတည်၍ ဆက်သွယ်ဆောင်ရွက်ခြင်း (Risk Communication)၊ လိုအပ်သောပစ္စည်း များ ထောက်ပံ့ခြင်းကို စီမံခန့်ခွဲခြင်း (Logistics Management)နှင့် နီးနွယ် ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း (Coordination)တို့ အား ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

**၄။ အဓိကဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ (Key Activities)**

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများအဖြစ် ပြည်ထောင်စုဝန်ကြီးဦးဆောင်ပြီး ဗဟိုအဆင့် အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရောဂါထိန်းချုပ်ရေး ကော်မတီ (Containment of Influenza A (H1N1) pdm 09 Scenario Committee)နှင့် လုပ်ငန်းကော်မတီများဖြစ်သည့် ရောဂါစောင့်ကြပ် ကြည့်ရှုရေးနှင့် ကာကွယ်နှိမ်နင်းရေးဆပ်ကော်မတီ၊ ရောဂါအတည်ပြု သတ်မှတ်ရေးဆပ်ကော်မတီ၊ ဓာတ်ခွဲစမ်းသပ်ရေးနှင့် ရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဆပ်ကော်မတီ၊ ဆေးဝါးကုသမှု ဆပ်ကော်မတီ၊ ဆေးနှင့် ဆေးပစ္စည်းထောက်ပံ့ရေး ဆပ်ကော်မတီ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရေး ဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် ကျန်းမာရေး အသိပညာမြှင့်တင်ရေး ဆပ်ကော်မတီ၊ ဘဏ္ဍာငွေကြေးကြပ်ရေးဆပ်ကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းများအား အနီးကပ်ကြီးကြပ်ဆောင်ရွက်ခြင်း၊
- ရောဂါကာကွယ်ထိန်းချုပ်ရေး၏ အဓိကနည်းဗျူဟာဖြစ်သည့် ကျန်းမာရေး ပညာပေးလုပ်ငန်းများအား နည်းလမ်းအသစ်များဖြင့် ပိုမိုအားဖြည့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံပိုင်သတင်းမီဒီယာများ၊ ဝန်ကြီးဌာန Website (www.mohs.gov.mm) နှင့် Myanmar CDC Facebook page (www.facebook.com/ Myanmar CDC) တို့တွင် နေ့စဉ် သတင်းထုတ်ပြန်ဖော်ပြခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ် များက ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ ကျန်းမာ ရေး အသိပညာပေး ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ ပြည်သူလူထု အတွက် ကျန်းမာရေးပညာပေးချက်များ IEC Materials – Poster, Vinyl, Pamphlet များပြုစု၍ ဖြန့်ဝေခြင်းနှင့် ကျန်းမာရေး အသိ ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ပူး ပေါင်း၍ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး ပညာပေးခြင်း၊ ပိုစတာလက်ကမ်းစာစောင်များကို မြန်မာ ဘာသာစကားဖြင့်သာမက တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ တိုင်းရင်းသားဘာသာစကားများဖြင့်ပါ ဖြန့်ဝေခြင်း၊ ဆက်သွယ်ရေးကွန်ရက်များဖြစ်ကြသော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)၊ တယ်လီနော (Telenor) တို့နှင့် ပူးပေါင်း၍ လက်ကိုင်ဖုန်း များတွင် ရာသီတုပ်ကွေးရောဂါပညာပေးစာတိုစနစ် (SMS) ကို ပြည်သူ လူထုသို့ ဖြန့်ဝေခြင်း၊ တာဝန်ရှိသူများက Media Interview များ ဆောင်ရွက်ခြင်း၊ အဝေးပြေးယာဉ်များ၊ ဘတ်စ်ကားများ၊ မီးရထားများ၊ သင်္ဘောများစသည်တို့တွင် ရာသီတုပ်ကွေးရောဂါနှင့် ပတ်သက်သော ကျန်းမာရေးပညာပေး Sticker များကပ်ခြင်း၊ လူအများ မြင်သာသော နေရာများတွင် Vinyl များထောင်ခြင်းတို့ဖြင့် ပညာပေးအစီအစဉ် များ ဆောင်ရွက်ခြင်း၊
- ရောဂါဖြစ်ပွားမှုအား လျင်မြန်စွာ တုံ့ပြန်နိုင်ရေးအတွက် Containment at Source နည်းဗျူဟာအဖြစ် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team) များဖွဲ့စည်းပြီး ပိုးတွေ့လူနာများ နေထိုင်ရာ ရပ်ကွက်/ ကျေးရွာများအတွင်းရှိ အိမ်များသို့ချက်ချင်းသွားရောက်၍ ကျန်းမာရေးပညာပေးခြင်း၊ အတူနေထိုင်သူများ၏ ကျန်းမာရေး အခြေ အနေကို မေးမြန်းစစ်ဆေးခြင်း၊ လူနာအိမ်နှင့်အနီးပတ်ဝန်းကျင် အိမ် များတွင် ဖျားနာလူနာများ ရှိ၊ မရှိ စုံစမ်းထောက်လှမ်းခြင်းနှင့် ရောဂါ ကာကွယ်ထိန်းချုပ်ရေးတို့ကို ကွင်းဆင်း၍ အထူးဦးစားပေးဆောင်ရွက် ခြင်း၊
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများ၊ ပြည်တွင်း အလှူရှင်များက တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများတွင် ပူးပေါင်း၍ ကာကွယ်ဆေး (Influenza Vaccine)၊ ကုသဆေး Oseltemivir (Tamiflu) များနှင့် အခြားလိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအား လှူဒါန်းလျက်ရှိရာ လှူဒါန်းသည့်ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်း ထားရှိပြီး လိုအပ်သည့်နေရာများသို့ ဦးစားပေးအဆင့်ဖြင့် အချိန်မီ ပြန်လည်ခွဲဝေပေးပို့ခြင်း၊
- လူနာများအား နိုင်ငံတကာအဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် ဝေဘာဂီအထူးကုဆေးရုံကြီးနှင့် ပြည်သူ့ဆေးရုံများ တွင် အထူးကြပ်မတ်ခန်းများထားရှိခြင်း၊ ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင် ဝန်ထမ်းများ အားဖြည့်တာဝန်ချထားခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ဖြည့်ဆည်းခြင်း၊ အရေးပေါ်အသက်ကယ်ပစ္စည်းများပါဝင်သည့် အဆင့်မြင့် လူနာတင်ယာဉ် (Advanced ambulance) များ အဆင်သင့်ချထား၍ လူနာအား သယ်ယူပို့ဆောင်ခြင်း၊
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနက တိကျမှန်ကန်သော အဖြေများကို စောစီးမှန်ကန်စွာနှင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန် ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရုံးဖွင့်ရက်များသာမက ရုံးပိတ်ရက်များတွင်ပါ အရေးပေါ်စစ်ဆေးနိုင်ရန် စီမံထားရှိခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ဆေးရုံများတွင် လူနာများနှင့် ထိတွေ့နေရသော ကျန်းမာရေးဝန်ထမ်း များနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးအဆင့်အလိုက် ကာကွယ်ဆေး (Vaccine) အမြန်ထိုးပေးနိုင်ရန် စီမံခြင်း၊ ပြည်သူ လူထုအတွင်း ရောဂါပိုးကူးစက်ခံရလျှင် ပြင်းထန်ရောဂါလက္ခဏာများ ဖြစ်ပွားနိုင်သော အန္တရာယ်ရှိသော လူအုပ်စုများဖြစ်သည့် ကိုယ်ဝန်ဆောင် မိခင်များ၊ ငါးနှစ်အောက်ကလေးများ၊ အသက် (၆၅) နှစ်အထက် လူကြီး များနှင့် နာတာရှည်ရောဂါအခံရှိသူများကို ဦးစားပေးအစီအစဉ်ဖြင့် ကာကွယ်ဆေးများထိုးနှံရန် ဆောင်ရွက်ခြင်း။

**၅။ ကူးစက်ရောဂါဗေဒဆိုင်ရာရှုထောင့် (Epidemiological Perspective) မှ အကျဉ်းသုံးသပ်ခြင်း**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းဇယားများအရ Influenza A(H3N2), A(H1N1), A(H1N1)pdm09, Influenza B ရာသီတုပ်ကွေးရောဂါပိုး အမျိုးအစားများသည် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အဓိကဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နှစ်စဉ်ရာသီတုပ်ကွေးရောဂါ ပြင်းထန်စွာ ခံစားရသူ သုံးသန်းမှ ငါးသန်းအထိရှိပြီး သေဆုံးသူ နှစ်သိန်းခွဲမှ ငါးသိန်းရှိသဖြင့် ရောဂါပြင်းထန်သူများတွင် သေဆုံးမှုနှုန်း ၁၀ ရာခိုင်နှုန်းခန့် ရှိပါသည်။ ရာသီ တုပ်ကွေးရောဂါသည် အထူးသဖြင့် အသက်ငါးနှစ်အောက် ကလေးများ၊ အသက် (၆၅)နှစ်အထက် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ၊ ဆီးချိုရောဂါအစ ရှိသည့် နာတာရှည်ရောဂါရှိသူများ၊ ကိုယ်ခံအားကျဆင်းသူများတွင် ရောဂါပိုမို ပြင်းထန်တတ်ပြီး အသက်သေဆုံးကြောင်း တွေ့ရှိရပါသည်။

ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှု ဆိုင်ရာဌာနတို့ပူးပေါင်း၍ တုပ်ကွေးရောဂါပိုးများအား ဓာတ်ခွဲစမ်းသပ် စောင့် ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအား ၂၀၀၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြု အမျိုးသားအဆင့် တုပ်ကွေးရောဂါ လုပ်ငန်းဗဟိုဌာန (National Influenza Centre)အဖြစ် ၂၀၀၈ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေ၊ ပျံ့နှံ့လျက်ရှိသည့် ရောဂါပိုးအမျိုးအစား၊ ရောဂါပိုးများ၏ ကူးစက်နိုင်စွမ်းသတ္တိ၊ ရာသီအလိုက်တုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေ၊ ကပ်ရောဂါ အသွင် ဖြစ်ပွားမှုအခြေအနေနှင့် ကမ္ဘာတစ်ဝန်းရှိ ဓာတ်ခွဲခန်းများနှင့် ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါသည်။

Influenza A(H1N1)pdm09 တုပ်ကွေးရောဂါပိုးသည် ဗိုင်းရပ်စ် ရောဂါပိုးအသစ် (Novel virus) အနေဖြင့် မြောက်အမေရိကတိုက်၌ ၂၀၀၉ ခုနှစ် ဧပြီလမှစတင်ပြီး တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာ့ကပ်ရောဂါ(Pandemic) အဖြစ်သတ်မှတ်၍ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ Influenza A(H1N1)pdm09 ဗိုင်းရပ်စ် ရောဂါပိုး၏ ဖြစ်ပွားသေဆုံးမှုနှင့် ပျံ့နှံ့မှုဝိသေသလက္ခဏာများအား ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO) က သုံးသပ်ပြီး ၂၀၁၀ ပြည့်နှစ် ဩဂုတ် ၁၀ ရက်တွင် ကမ္ဘာ့ကပ်ရောဂါအသွင်မှ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) ဖြစ်ပွားကူးစက်မှုအဖြစ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရာသီတုပ်ကွေးရောဂါပိုးတွေ့ရှိမှု အခြေအနေအရ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် Seasonal Influenza A(H1N1)pdm09 ပိုးကူးစက်မှု အဓိကဖြစ်ပွားခဲ့သောနှစ်များအဖြစ် တွေ့ရှိရပါသည်။

ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 ဗိုင်းရပ်စ်ပိုးနှင့် ပတ်သက်၍ တစ်ကမ္ဘာလုံးနှင့် မြန်မာနိုင်ငံမှ အချက်အလက်များ အား လေ့လာချက်အရ ပြည်သူလူထုအတွင်း ရောဂါဖြစ်ပွား၊ သေဆုံးနှုန်း မမြင့်မား သော်လည်း နာတာရှည်ရောဂါအခံရှိသူများ (ဥပမာ-ဆီးချိုရောဂါရှိသူများ)၊ ကိုယ်ဝန်ဆောင်များ၊ ကလေးများတွင် ရောဂါပြင်းထန်ပြီး သေဆုံးမှုမြင့်မားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် ပိုးတွေ့လူနာများအနက် အသက် ခုနစ်နှစ်အောက် ကလေးများသည် စုစုပေါင်းဖြစ်ပွားမှုနှုန်း ၃၀ ရာခိုင်နှုန်းခန့်နှင့် သေဆုံးမှုနှုန်း ၄၀ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

*စာမျက်နှာ ၁၉ သို့*

**အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများတွင်လည်း Seasonal Influenza A(H1N1)pdm09 အပါအဝင် ရာသီတုပ်ကွေးရောဂါများ နှစ်စဉ်ဖြစ်ပွားလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း ရာသီတုပ်ကွေးရောဂါအား သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ စသည့်ကူးစက်ရောဂါများနည်းတူ စောင့်ကြပ်ကြည့်ရှု၍ ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများအား နောင်နှစ်များတွင်လည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်**

*စာမျက်နှာ ၁၈ မှ*

ယခု မြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသော ရာသီတုပ်ကွေးရောဂါပိုး (Seasonal Influenza A(H1N1)pdm09) အား ဂျပန်နိုင်ငံရှိ National Institute of Infectious Disease ဓာတ်ခွဲခန်းသို့ ပို့ဆောင်၍ အသေးစိတ်စစ်ဆေးခဲ့ရာ (၁) ရောဂါပိုးမှာ တစ်ကမ္ဘာလုံး ပုံမှန်ပျံ့နှံ့သည့် ရာသီတုပ်ကွေးရောဂါပိုးအမျိုးအစား ဖြစ်ကြောင်း၊ (၂) ပုံမှန်ကုသသည့် ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ရောဂါကိုကုသသော ဆေးများအား ၉၅ ရာခိုင်နှုန်းမှ ၉၈ ရာခိုင်နှုန်းအထိ တုံ့ပြန်မှုရှိကြောင်း၊ (၃) ကြက်ငှက်တုပ်ကွေးရောဂါပိုးနှင့် မျိုးရိုးဗီဇပေါင်းစပ်မှုမရှိကြောင်းတို့ကို သိရှိရသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး/ပြည်နယ်များတွင် ရောဂါဖြစ်ပွားမှု၊ ပိုးတွေ့မှုနှင့် ပတ်သက်၍ ဆန်းစစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးတွင် ပိုးတွေ့လူနာအများဆုံးဖြစ်ကြောင်းတွေ့ရှိရပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ပိုးတွေ့လူနာဒုတိယအများဆုံးရှိကြောင်း တွေ့ရှိရပါသည်။ သေဆုံးမှုနှုန်းအရ ရန်ကုန်တိုင်းဒေသကြီးတွင် ၂ ဒသမ ၉ ရာခိုင်နှုန်း၊ ပဲခူးတိုင်းဒေသကြီးတွင် ၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၁၇ ဒသမ ၀ ရာခိုင်နှုန်းဖြစ်ကြောင်း သုံးသပ်ရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည့် ပူးတွဲပါဇယား(၂)တွင် ဖော်ပြထားသော (၁-၅-၂၀၁၇) မှ (၂၃-၇-၂၀၁၇) ရက်နေ့အထိ သုံးလတာခန့်ကာလအတွင်း မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အခြားကမ္ဘာ့နိုင်ငံများ၌လည်း ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) ဖြစ်ပွားခဲ့မှုအခြေအနေ၊ မြန်မာနိုင်ငံတွင် ယခင်နှစ်များက ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှု အခြေအနေ၊ ယခုဖြစ်ပွားလျက်ရှိသည့် နေ့စဉ်ရောဂါဖြစ်ပွား၊ သေဆုံးမှု၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ဖြစ်ပွားမှု၊ အစုလိုက်ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ တို့အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပညာရှင်များက ကူးစက်ရောဂါဗေဒဆိုင်ရာရှုထောင့်မှ လေ့လာသုံးသပ်ချက်များအရ ယခုဖြစ်စဉ်မှာ ရာသီတုပ်ကွေးရောဂါပိုး ပိုမိုဖြစ်ပွားလေ့ရှိသည့် မိုးတွင်းကာလအတွင်း ပုံမှန်ထက် ပိုမိုဖြစ်ပွားကြောင်း တွေ့ရှိရသော်လည်း ကပ်ရောဂါအခြေအနေနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေမဟုတ်ကြောင်း သုံးသပ်ပါသည်။

**၆။ ကုသရေးဆိုင်ရာ ရှုထောင့် (Clinical Perspective) မှ အကျဉ်းသုံးသပ်ခြင်း**

ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲအနေဖြင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသခံယူရသူများအနက် သေဆုံးသည့်နှုန်းအား နေ့စဉ်ဆန်းစစ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ သေဆုံးမှုနှုန်းမှာ ဩဂုတ် ၁၀ ရက်အထိ (၄)ရာခိုင်နှုန်းခန့်သာရှိပြီး အထူးသဖြင့် ဆီးချိုရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကလေးများတွင် ပိုမိုသေဆုံးကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် သေဆုံးရသည့် အကြောင်းအရင်းများအနက် ပြင်းထန်ရောဂါလက္ခဏာများရှိသော်လည်း ဆေးရုံသို့နောက်ကျပြီး ရောက်ရှိလာခြင်း၊ နောက်ဆက်တွဲဖြစ်ပေါ်လာသော ဗက်တီးရီးယားပိုးကြောင့် အဆုတ်ရောင်ခြင်းအတွက် ဆေးယဉ်ပါးခြင်း (Antimicrobial resistance) တို့ကြောင့် သေဆုံးနှုန်းမြင့်မားကြောင်း တွေ့ရှိရပါသည်။သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ပြင်းထန်ရောဂါလက္ခဏာများရှိပါက စောစီးစွာ ကုသမှုခံယူပါရန်နှင့် ဆေးဆိုင်များမှ စပ်ဆေးများ ဝယ်ယူသောက်သုံးခြင်း၊ မိမိဘာသာ မိမိသဘောဖြင့် ဗက်တီးရီးယားပိုးသတ်ဆေးများသောက်သုံးခြင်း၊ တတ်ကျွမ်းမှုမရှိသူများနှင့် ဆေးကုသမှုခံယူခြင်းတို့မှ အထူးရှောင်ကြဉ်ရန် လိုအပ်ပါသည်။

ပုဂ္ဂလိကဆေးခန်းများ၊ အထွေထွေရောဂါကုဂျီပီဆရာဝန်များအနေဖြင့်လည်း လူနာအား ဗက်တီးရီးယားပိုးသတ်ဆေးများပေးရာတွင် ရောဂါကုသမှုစံပြု လမ်းညွှန်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

**၇။ ပြည်သူလူထု ရှုထောင့် (People's Perspective) မှ အကျဉ်းသုံးသပ်ခြင်း**

ပြည်သူလူထုအနေဖြင့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ဖြစ်ပေါ်လာသော ရာသီတုပ်ကွေးရောဂါ၏ ဖြစ်ပွားမှု၊ သေဆုံးမှုများကို လူမှုမီဒီယာများမှ တစ်ဆင့် သိရှိရပြီး ကျန်းမာရေးအသိပညာများ နိုးကြားလာကြောင်း သိရှိရပါသည်။ သတင်းမီဒီယာများ၏ ယခုဖြစ်စဉ်အပေါ် စိတ်ဝင်စားမှုနှင့် သတင်းရယူထုတ်ပြန်မှုများကြောင့်လည်း ပြည်သူလူထုအတွင်း အချိန်နှင့်တစ်ပြေးညီ သိလိုစိတ်များ မြင့်မားလာသည်ကိုကြည့်လျှင် သတင်းအချက်အလက်နှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများတွင် မီဒီယာများ၏ အခန်းကဏ္ဍမြင့်မားကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မီဒီယာများအနေဖြင့် ပြည်သူလူထုအတွင်း မလိုအပ်ဘဲ ထိတ်လန့်စိုးရိမ်မှု မမြင့်မားစေရေးအတွက် အထူးဂရုစိုက်စေတနာထား၍ သတင်းအချက်အလက်များကို ထိန်းသိမ်းထုတ်ပြန်ရန် လိုအပ်မည်ဖြစ်ပါသည်။

သတင်းများစတင်ပျံ့နှံ့ခဲ့သည့် ဇူလိုင် ၂၀ ရက်မှ ဇူလိုင် ၃၁ ရက်အတွင်း အစပိုင်းတွင် သေဆုံးမှုများရှိကြောင်း သိရှိရသဖြင့် ပြင်းထန်သောရောဂါသဖွယ် သဘောထားကာ စိုးရိမ်ပူပန်မှုများ ရှိနေခဲ့ကြောင်း တွေ့ရှိရပါသည်။ အချိန်နှင့်တစ်ပြေးညီ သတင်းရရှိလိုမှု၊ ရောဂါအကြောင်းသိရှိလိုမှုတို့ဖြင့် စိတ်ဝင်စားလျက်ရှိကြပြီး Mask တပ်ဆင်ခြင်းကဲ့သို့ ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်ကြပါသည်။ ယင်းကို မြို့ပြဒေသ၊ အထူးသဖြင့် ကျောင်းသား ကျောင်းသူ၊ လူငယ် လူရွယ်များတွင် ပိုမိုတွေ့ရှိရပါသည်။ သို့သော် မလိုအပ်ဘဲ Mask များ၊ ဗိုင်းရပ်စ်ပိုးကုသဆေးများ၊ ရာသီတုပ်ကွေးကာကွယ်ဆေးများဝယ်လိုအား အလွန်မြင့်မားသဖြင့် အမှန်တကယ်လိုအပ်သူများအတွက် ဝယ်ယူရာတွင် ဈေးနှုန်းကြီးမြှင့်မှုများ၊ ပစ္စည်းပြတ်လပ်မှုများ၊ ဈေးကစားမှုများအားလည်း အထူးဂရုစိုက်ကိုင်တွယ်ရန်လိုအပ်မည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါ ကျန်းမာရေးပညာပေးလုပ်ငန်းများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အချိန်နှင့်တစ်ပြေးညီ နှိုးဆော်ခြင်း၊ နည်းလမ်းသစ်များအသုံးပြု၍ ကျန်းမာရေးပညာပေးခြင်းတို့အား ဆောင်ရွက်ခြင်း၊ တစ်ဦးတစ်ယောက်ချင်းစီသာမက ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများကလည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားစွာ ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းတို့ကြောင့် ပြည်သူလူထုအတွင်း ရာသီတုပ်ကွေးရောဂါနှင့် ပတ်သက်၍ အသိပညာများ ပိုမိုမြင့်မားလာကြောင်း တွေ့ရှိရပါသည်။

**၈။ ယခုဖြစ်စဉ်အပေါ် ခြုံငုံသုံးသပ်ချက်**

ယခု မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုသည် ဖြစ်ရိုးဖြစ်စဉ်ထက် ပိုမိုလာသည်ကို တွေ့ရှိရပါသည်။ ရာသီတုပ်ကွေးရောဂါ၏ ဖြစ်ပွားတတ်သောသဘာဝအရ လာမည့်ရက်သတ္တပတ်များတွင် ဖြစ်ပွား၊ သေဆုံးမှုလုံးဝပပျောက်ရန် သေချာပေါက် ခန့်မှန်းတွက်ချက်၍ မရနိုင်ပါ။ လက်ရှိ ရောဂါဖြစ်ပွားသေဆုံးမှုအခြေအနေနှင့်ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်မှုကြောင့် ထိန်းသိမ်းနိုင်သော အခြေအနေတွင် ရှိသည်ဟု သုံးသပ်ရပါသည်။

အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများတွင်လည်း Seasonal Influenza A(H1N1)pdm09 အပါအဝင် ရာသီတုပ်ကွေးရောဂါများ နှစ်စဉ်ဖြစ်ပွားလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း ရာသီတုပ်ကွေးရောဂါအား သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ စသည့် ကူးစက်ရောဂါများနည်းတူ စောင့်ကြပ်ကြည့်ရှု၍ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား နောင်နှစ်များတွင်လည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအပါအဝင် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းများ ပူးပေါင်း၍ ချက်ချင်း၊ ရေတိုနှင့် ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်သွားမည်ပါသည်။

ပြည်သူလူထုကလည်း ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရာသီတုပ်ကွေးရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကို ယခုအချိန်တွင်သာမက နောင်ကာလအထိ အစဉ်အမြဲလိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ ရာသီတုပ်ကွေးရောဂါလက္ခဏာရှိသူများအနေဖြင့်လည်း မိမိထံမှ အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရန် မိမိကိုယ်တိုင်ကစ၍ ရောဂါကာကွယ်ရေးနည်းလမ်းများအား အထူးလိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

**၉။ အထွေထွေသုံးသပ်ချက်**

**ရောဂါကူးစက်မှုအခြေအနေ (Transmission) နှင့်ပတ်သက်၍ သုံးသပ်တင်ပြခြင်း**

(၁) ပြည်သူလူထုအတွင်း တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ ထပ်ဆင့်စုစုပေါင်း ဖြစ်ပွားမှုအခြေအနေ (Cumulative incidence of ILI symptoms confirmed in the community)

(၂) လုပ်ငန်းခွင်များတွင် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ ထပ်ဆင့်စုစုပေါင်း ဖြစ်ပွားမှုအခြေအနေ (Cumulative incidence of ILI symptoms confirmed in workplace)

(၃) အိမ်ရှိလူများတွင် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ ထပ်ဆင့်စုစုပေါင်း ဖြစ်ပွားမှုအခြေအနေ (Cumulative incidence of ILI symptoms confirmed in household)

(၄) လူနာနှင့်အနီးကပ်ထိတွေ့ကိုင်တွယ်သူများတွင် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ ဖြစ်ပွားမှုအခြေအနေ (Secondary attack rate) တွေ့ရှိချက်အရ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော Seasonal Influenza A(H1N1)pdm09 သည် ကူးစက်ပြန့်ပွားမှုအသင့်အတင့် (Moderate Transmission) ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ရောဂါပြင်းထန်မှုအခြေအနေ (Severity)နှင့်ပတ်သက်၍သုံးသပ်တင်ပြခြင်း**

(၁) လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်း ရောဂါလူနာများတွင် သေဆုံးမှုနှုန်း(Casefatality rate among Severe Acute Respiratory Infections - SARI)

(၂) ရက်အလိုက် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်မှုနှုန်း(Case hospitalization rate)

(၃) ယခုမြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသောရာသီတုပ်ကွေးရောဂါပိုးအား ဂျပန်နိုင်ငံရှိ National Institute of Infectious Disease ဓာတ်ခွဲခန်းသို့ပို့ဆောင်၍ အသေးစိတ်စစ်ဆေးခဲ့ရာ (၁) ရောဂါပိုးမှာ တစ်ကမ္ဘာလုံး ပုံမှန်ပျံ့နှံ့သည့် ရာသီတုပ်ကွေးရောဂါပိုးအမျိုးအစားဖြစ်ခြင်း၊ (၂) ပုံမှန်ကုသသည့် ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ရောဂါကိုကုသသော ဆေးများအား ၉၅% မှ ၉၈% ထိ တုံ့ပြန်မှုရှိခြင်း၊ (၃) ကြက်ငှက်တုပ်ကွေးရောဂါပိုးနှင့် မျိုးရိုးဗီဇပေါင်းစပ်မှုမရှိခြင်း (Virus characteristics) တို့ကြောင့် ရောဂါပြင်းထန်မှုအခြေအနေသည် ပြင်းထန်မဟုတ်သောအဆင့် (Low Severity) အဆင့်ဖြစ်ကြောင်း သုံးသပ်ပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုနှင့်ပြင်းထန်မှုများအရလည်းကောင်း၊ Cluster of ILI cases လေ့လာမှုအရလည်းကောင်း လက်ရှိဖြစ်ပွားနေသော A(H1N1 pdm09 သည် Early Warning အဆင့်ဖြစ်ပြီး ကပ်ဖြစ်ပွားမှုအခြေအနေ၏ Ascending Limb ဖြစ်ပွားနိုင်ခြေအဆင့်သာ သတ်မှတ်နိုင်ကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရ၊ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ကပ်ရောဂါအဖြစ်သို့ ကူးပြောင်းနိုင်ခြေနည်းပါးမည်ဟု သုံးသပ်ပါသည်။

**၁၀။ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ**

- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် တုပ်ကွေးဆန်သောရောဂါလက္ခဏာများ - Influenza like Illness (ILI) နှင့် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါ - Severe Acute Respiratory Infections (SARI) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ အားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် Pandemic Influenza Preparedness Framework နှင့် အပြည်ပြည်ဆိုင်ရာကျန်းမာရေးစည်းမျဉ်းများ (၂၀၀၅)ပါ လုပ်ငန်းများအား ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးခြင်း၊
- ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ကွင်းဆင်းဆောင်ရွက်ခြင်းဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း Field Epidemiology Training Program သင်တန်းများကို ဤဖြစ်စဉ်ပေါ် သုံးသပ်၍ ပို့ချဆောင်ရွက်ခြင်း၊
- ဤဖြစ်စဉ်ပေါ်မူတည်၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့(Rapid Response Team) များဖွဲ့စည်းခြင်း၊
- ဤဖြစ်စဉ်ပေါ်မူတည်၍ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်ခြင်း - Simulation Exercise များပြုလုပ်ခြင်း၊
- ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) ဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းလမ်းညွှန်၊ Clinical Management Guideline၊ ILI & SARI Surveillance Guideline စသည့် - Standard Operating Procedure & Guideline များအား Update ပြုလုပ်ခြင်း၊
- လက်ရှိပြုစုထားသည့် Strategic Plan ကိုကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ပြန်လည်စိစစ်သုံးသပ်ပြီးထုတ်ဝေခြင်း၊ ဆေးရုံများတွင် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ အဆင်သင့်ရှိစေရေးဆောင်ရွက်ခြင်း၊
- ဆေးရုံများတွင် သီးသန့်ကုသဆောင် (Isolation Ward) များ ထားရှိခြင်းနှင့် ဆေးရုံတွင်း ရောဂါကူးစက်မှုထိန်းချုပ်ရေး (Infection Control) ကောင်းမွန်စေရန် Guideline များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊
- ပြည်သူလူထုအတွင်းရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09)နှင့် ပတ်သက်သော ကျန်းမာရေးအသိပညာပေးလုပ်ငန်းများဆက်လက်ဆောင်ရွက်သွားရန် စီမံချက်များချမှတ် ဆောင်ရွက်ခြင်း၊
- နီးနွယ်ဌာနပေါင်းစုံနှင့် စနစ်တကျ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်း (Networking)၊
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၏ စွမ်းဆောင်နိုင်မှုကို မြင့်တင်နိုင်ရေးအတွက် လုံခြုံစိတ်ချရသည့် ဓာတ်ခွဲခန်းများ တိုးမြှင့်တည်ဆောက်ရန်၊ ပဋိဇီဝဆေးဝါးများ ယဉ်ပါးမှုမဖြစ်စေရေးအတွက် အရေးကြီးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန်နှင့် သုတေသနလုပ်ငန်းများအားဖြည့်ဆောင်ရွက်သွားရန် ဦးစားပေးသတ်မှတ်ခြင်း။

**၁၁။ နိဂုံး**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဌာနတွင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု၊ အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ပြည်သူလူထု၊ သတင်းမီဒီယာများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ အစရှိသည်တို့၏ အားလုံးတက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုများ (Whole Society Approach) ကြောင့် ယခုလက်ရှိဖြစ်ပွားနေသည့် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm 09) ဖြစ်စဉ်အား ထိရောက်စွာကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အလားတူကူးစက်ရောဂါများ၊ ကူးစက်မြန်ရောဂါများ၊ ပြည်သူ့ကျန်းမာရေးအရေးပေါ်ပြဿနာများအား ယခုဖြစ်စဉ်၏ အတွေ့အကြုံများပေါ် မူတည်၍ ကူးစက်ရောဂါဆိုင်ရာ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ရဲတပ်ဖွဲ့ဝင်များအား ရာသီတုပ်ကွေးပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၁၂** - ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ရာသီတုပ်ကွေး H1N1 ရောဂါကင်းဝေးစေရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ပန်းဘဲတန်းမြို့နယ် ရဲတပ်ဖွဲ့အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၁ ရက်က ကျင်းပရာ ရဲတပ်ဖွဲ့နှင့် ၎င်းတို့၏မိသားစုဝင်အင်အား ၅၀ ကျော်တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်မျိုးသက်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဌာနမှူး ဒေါက်တာခင်ချိုထက်က ရာသီတုပ်ကွေး H1N1 ရောဂါနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး သူနာပြုဆရာ ဆရာမများက နှာခေါင်းစည်းတပ်ဆင်အသုံးပြုပုံနှင့် လက်ဆေးနည်းများအား ရှင်းလင်းသရုပ်ပြပြီး ပညာပေးစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **အောင်ဇော်ထွေး(မြန်/ဆက်)**

ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဘဝလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွား တိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို "ပြည်သူ့ဝန်ထမ်းကြိုးပမ်းကြညီညီ" အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

# အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးခံစားခွင့် အပြည့်အဝပေးနေ

**ခင်ရတနာ**

**အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်ရေး၊ မကျန်းမာခြင်း၊ မီးဖွားခြင်း၊ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းတို့ကြောင့် လုပ်ခဝင်ငွေ လျော့နည်းခြင်း၊ ရပ်စဲခြင်းများ ဖြစ်ပေါ်သည့်အခါ အလုပ်သမားတို့၏ အနာဂတ်နှင့် လုပ်သားရှင်များအပေါ် မှီခိုနေကြသည့် မိသားစုဝင်တို့ကို ငွေကြေးအကျိုးခံစားခွင့်ပေး ပေးခြင်းဖြင့် စီးပွားရေး၊ လူမှုရေး အဆင်မပြေမှု ဒုက္ခခံစားရမှုမှ ကာကွယ်ရန် လူမှုဖူလုံရေးသည် အစွမ်းကုန်ကာကွယ်ဆောင်ရွက်ပေးလျက်ရှိသည်။**



မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေး-ကဲဝဲလ်အထွေထွေရောဂါကုဆေးခန်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေနှင့်အဖွဲ့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်

လူမှုဖူလုံရေးစီမံကိန်းကို ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေး အက်ဥပဒေနှင့်အညီ ၁၉၅၆ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ကာ ၂၀၁၄ ခုနှစ် မတ်လ ၃၁ရက်အထိ ကျင့်သုံးခဲ့သည်။ နောက်ပိုင်းတွင် ခေတ်စနစ်နှင့် လျော်ညီသည့် ခံစားခွင့်များ ရရှိနိုင်စေရေးအတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို ရေးဆွဲနိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီ ၁ရက် မှ စတင်ကာ အကောင်အထည်ဖော် ကျင့်သုံးလျက်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေး အဖွဲ့မှ သိရှိရသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ သည် မြန်မာတစ်နိုင်ငံလုံးတွင် အကျုံးဝင်သည့် အလုပ်ဌာန ပေါင်းမှာ ယနေ့ အချိန်တွင် ဌာနပေါင်း ၂၈၂၈၄ခုခန့် ရှိနေပြီး အာမခံထားရှိသည့် အလုပ်သမားပေါင်းမှာ ၁၀၃၈၄၈၅ဦးအထိ မှတ်ပုံတင်နိုင် ခဲ့ပြီဖြစ်သည်။ ထိုကဲ့သို့ အာမခံ အလုပ်သမား များသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ငွေကြေးအကျိုးခံစားခွင့်များ ရရှိနိုင်ကြပြီး ယင်းအတွက်လည်း လူမှုဖူလုံရေးအဖွဲ့မှ ထောက်ပံ့ပေးသည့်လုပ်ငန်းကို အရှိန် မြှင့်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေ အရ လူမှုဖူလုံရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် လူမှုရေး စောင့်ရှောက်မှု အာမခံစနစ်၊ မိသားစုထောက်ပံ့မှု အာမခံ စနစ်နှင့်လုပ်ငန်းခွင်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံ စနစ်ဟူ၍ အမျိုးအစားသုံးမျိုးဖြင့် အကောင်အထည်ဖော် လျက်ရှိသည်။ အလုပ်သမားများ၏ လုပ်ခလစာပေါ်မူတည်ကာ အလုပ်ရှင်မှ သုံးရာခိုင်နှုန်း၊ အလုပ်သမားမှ နှစ်ရာခိုင်နှုန်းထည့် ဝင်ကာ စုစုပေါင်းငါးရာခိုင်နှုန်းကို ထည့်ဝင်ကြေးအဖြစ်ပေး သွင်းထားပါက ဆေးကုသမှုခံယူခွင့်ရှိပြီး အာမခံစနစ်အလိုက် သတ်မှတ်ချက်များနှင့်အညီ ငွေကြေးအကျိုးခံစားခွင့် စုစုပေါင်း ၁၅ မျိုးကို အလုပ်သမားများ ရရှိခံစားနိုင်မည်ဖြစ်သည်။

လူမှုဖူလုံရေးအဖွဲ့သည် ဥပဒေတွင် အကျုံးဝင်သော အလုပ်ဌာနများကို မှတ်ပုံတင်ပေးခြင်း၊ အလုပ်သမားများကို မှတ်ပုံတင်ပေးခြင်း၊ ထည့်ဝင်ကြေးများ ကောက်ခံခြင်း၊ ငွေ လက်ငင်းအကျိုးခံစားခွင့်များပေးအပ်ခြင်းနှင့် အာမခံ အလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးကုသပေးခြင်း များ ပြုလုပ်ပေးလျက်ရှိသည်။

လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်းတွင် အလုပ်သမားဆေးရုံကြီး သုံးရုံအပါအဝင် တိုင်းဒေသကြီး နှင့် ပြည်နယ်များရှိ အာမခံအလုပ်သမားများ ဆေးကုသမှုအတွက် ဆေးဖိုးပြန်အမ်းမှုများပြုလုပ်ရာတွင် ငွေကျပ် ၆၆၅၆၆၂၈၈၉ (ငွေကျပ်သန်း ၆၆၅သန်း ခြောက်သိန်းကျော်) ပေးအပ်နိုင်ခဲ့ပြီး




ရွေ့လျားဆေးကုသယာဉ် (MMU)

လူမှုဖူလုံရေးကဲဝဲလ်ဆေးခန်း (လှိုင်သာယာ)တွင် အာမခံ အလုပ်သမားများအတွက် ဆေးကုသဝန်ဆောင်ခ၊ ဆေး ပစ္စည်းကုန်ကျစရိတ်နှင့် ဓာတ်ခွဲစမ်းသပ်ခများမှာ ငွေကျပ် ၄၄၄၄၂၁၇၉၈ (ငွေကျပ်သန်း ၄၄၄ သန်း လေးသိန်းကျော်) သုံးစွဲကာ ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်ခဲ့ပြီး ရွေ့လျားဆေးကုသယာဉ်ဖြင့် ဓာတ်ခွဲစမ်းသပ်ပေးခြင်း၊ ဆေးပေးခြင်းတို့အတွက် ကုန်ကျစရိတ်မှာ ငွေကျပ်သန်း ၂၆၃၃၀၃၀၆၅ (ငွေကျပ် ၂၆၃ သန်းကျော်) အကုန်အကျခံကာ အာမခံအလုပ်သမားများအကျိုးအတွက် လုပ်ဆောင်နိုင်ခဲ့ ကြောင်း သိရသည်။

လက်ရှိတွင် လူမှုဖူလုံရေးအဖွဲ့၏ အလုပ်သမားဆေးရုံကြီး များဖြစ်ကြသော ရန်ကုန်အလုပ်သမားဆေးရုံ၊ မန္တလေး အလုပ်သမားဆေးရုံနှင့် ထန်းတပင် အလုပ်သမားဆေးရုံ များတွင် ခွဲစိတ်ရောဂါများ၊ သားဖွားနှင့် မီးယပ်ရောဂါများ၊ အရိုးအကြောရောဂါများ၊ အထွေထွေနာမကျန်းဖြစ်ပွားမှုများ၊ မျက်စိ၊နား၊ နှာခေါင်းနှင့် လည်ချောင်း ရောဂါများအပါအဝင် ပြန်လည်သန်စွမ်းရေးဆိုင်ရာများအတွက် ကုသပေးမှုများကို အထူးကုဆရာဝန်ကြီးများက ဦးဆောင်ကုသပေးလျက်ရှိသည်။ အဆိုပါဆေးရုံများတွင် အတွင်းလူနာများအဖြစ်လည်းကောင်း၊ ပြင်ပလူနာများအဖြစ်လည်းကောင်း ၂၄ နာရီ ဝန်ဆောင်မှု ပေးလျက်ရှိသည်။

၂၀၁၆ခုနှစ် ဧပြီလမှ ၂၀၁၇ခုနှစ် ဇွန်လအထိ ဘဏ္ဍာ နှစ်တစ်နှစ်တာအတွင်း အလုပ်သမားဆေးရုံကြီးသုံးရုံတွင် ပြင်ပလူနာ ၉၆၁၈၀ နှင့် အတွင်းလူနာဖြစ် လူနာပေါင်း ၁၀၆၃၇ ဦးအား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ဆေးရုံ အုပ်ကြီးများနှင့် အထူးကုဆရာဝန်များဦးဆောင်ကာ အထူး နယ် လှည့်ကွင်းဆင်းဆေးကုသသည့် လုပ်ငန်းများကိုလည်း

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့သည် မြန်မာတစ်နိုင်ငံလုံးတွင် အကျုံးဝင်သည့် အလုပ်ဌာနပေါင်းမှာ ယနေ့အချိန်တွင် ဌာနပေါင်း ၂၈၂၈၄ ခုခန့် ရှိနေပြီး အာမခံထားရှိသည့် အလုပ်သမားပေါင်းမှာ ၁၀၃၈၄၈၅ ဦးအထိ မှတ်ပုံတင်နိုင်ခဲ့ပြီ**

တစ်နှစ်တာအတွင်း (၅၂) ကြိမ်ခန့်ပြုလုပ်နိုင်ခဲ့ပြီး လူနာ ၁၁၄၄၉ ဦးအား ဆေးကုသပေးခဲ့ပြီး လူနာ ၆၀၀ကျော်ကို လည်းဆေးရုံကြီးသို့ လွှဲပြောင်းကုသပေးနိုင်ခဲ့ကြောင်း လူမှု ဖူလုံရေးအဖွဲ့မှ သိရသည်။

မြို့နယ်အသီးသီးတွင်ဖွင့်လှစ်ထားသည့် မြို့နယ်လူမှု ဖူလုံရေးဆေးခန်းပေါင်း ၉၆ ခန်းရှိပြီး ယင်းဆေးခန်းများတွင် လည်း အလုပ်သမားများအနေဖြင့် ရုံးချိန်များတွင် လာရောက် ဆေးကုသမှု ရယူနိုင်ကြောင်း သိရသည်။ မြို့နယ်လူမှုဖူလုံရေး တာဝန်ခံဆရာဝန်များ၊ အလုပ်သမားဆေးရုံကြီးများမှ အထူးကု ဆရာဝန်ကြီးများပူးပေါင်းကာ လုပ်ငန်းခွင်အရောက် ကွင်းဆင်း ဆေးကုသမှုများကိုလည်း ပြုလုပ်ပေးလျက်ရှိသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် တစ်နှစ်တာအတွင်း မြို့နယ်လူမှု ဖူလုံရေးဆေးခန်း ၉၆ ခန်းတွင် ပြင်ပလူနာပေါင်း ၅၇၇၄၅၈ ဦး၊ ဌာနကြီးဆေးခန်းများတွင် ကုသမှုခံယူသော ပြင်ပလူနာ ၁၇၅၈၁၁ ဦးရှိခဲ့သည်။ အလုပ်သမားဆေးရုံကြီးများသို့ လွှဲပြောင်းပေးသော လူနာ ၉၅၀၅ ရှိခဲ့သည်။ ကျန်းမာရေး ပညာပေးဟောပြောမှုနှင့် ကွင်းဆင်းစစ်ဆေးကုသမှု ၂၃၈၈ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ကာ အဆိုပါ ကွင်းဆင်းဆေးကုသစဉ် ဆေးကုသမှု ခံယူသည့်လူနာဦးရေမှာ ၄၆၁၁၁ ဦး အထိရှိခဲ့ ကြောင်း သိရသည်။ လူမှုဖူလုံရေးအဖွဲ့သည် သုခမင်္ဂလာအထူးကု ဆေးခန်းနှင့် ရောဂါရှာဖွေရေးဌာနတို့ပူးပေါင်းကာ ရွေ့လျား ဆေးကုသယာဉ် (Mobile Medical Unit) ဖြင့် အလုပ်ဌာန များမှ အာမခံအလုပ်သမားများကို လုပ်ငန်းခွင်မပျက် ကျန်းမာရေးဝန်ဆောင်မှု

*စာမျက်နှာ ၂၁ သို့*



ရွေ့လျားဆေးကုသယာဉ် (MMU) ဖြင့် ဆေးကုသမှုပေးစဉ်



# မေးလိုရာရာ မြန်မာစာ

**မောင်ခင်မင်(ဓနုဖြူ)**

မေး။ ။ ဆရာကြီးခင်ဗျား ရုပ်မြင်သံကြားက သတင်းကြေညာရာမှာ မကြာခဏကြားရတဲ့အသုံးအနှုန်းတစ်ခုကို ဘဝင်မကျပါ။ 'ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်အစရှိတဲ့မြို့ကြီးလေးမြို့မှာ' ဟူသော စကားမျိုးဖြစ်ပါတယ်။ မြို့ကြီးလေးမြို့စလုံးအပြည့်အစုံပြောထားတဲ့အတွက် 'အစရှိတဲ့' ဆိုသော စကားကိုသုံးဖို့မလိုဘူးဟု ထင်ပါတယ်။ ရှင်းပြပေးစေလိုပါတယ်ခင်ဗျား။

**မောင်တင်ဦး**
**သာရဝေါမြို့**

ဖြေ။ ။ရုပ်မြင်သံကြားတို့၊ ရေဒီယိုတို့ကနေပြီး အသံလွှင့်တဲ့စကားတွေထဲမှာ မကြာခဏကြားရတဲ့အသုံးမှားတဲ့ တစ်ခုပါပဲ။ 'စတဲ့'၊ 'အစရှိတဲ့'၊ 'စသော'၊ 'အစရှိသော' ဆိုတဲ့ စကားတွေကို သုံးရင် အပြည့်အစုံမပြောဘဲ တချို့ကိုသာပြောတဲ့အခါမျိုးမှာ သုံးရတာပါ။ 'ဘုရား အစရှိတဲ့ရတနာသုံးပါး'၊ 'ကချင်၊ ကယားစတဲ့ တိုင်းရင်းသားလူမျိုးများ' ဆိုတဲ့အသုံးတွေပါပဲ။ စာစကားနဲ့သုံးရင်လည်း 'ဘုရားအစရှိသော ရတနာသုံးပါး' လို့သုံးရပါမယ်။ 'အစရှိတဲ့' လို့သုံးတာဟာ အကုန်လုံးမပြောဘဲ တချို့ကိုချန်ထားတဲ့ အဓိပ္ပာယ်ပါပဲ။ 'ဘုရားအစရှိသော ရတနာသုံးပါး' ဆိုတာဟာ တရားနဲ့သံဃာကိုပါမပြောဘဲချန်ထားတဲ့ အဓိပ္ပာယ်ပါပဲ။ အပြည့်အစုံရေးရင်တော့ 'ဘုရား၊ တရား၊ သံဃာရတနာသုံးပါး' ဒါမှမဟုတ် ဘုရား၊ တရား၊ သံဃာဟူသောရတနာသုံးပါးလို့ ရေးရမှာပါ။ ဒါကြောင့်အပြည့်အစုံပြောတဲ့အခါ 'စသော၊ စတဲ့၊ အစရှိသော၊ အစရှိတဲ့' ဆိုတဲ့ စကားတွေသုံးရင် မှားပါတယ်။

မေး။ ။ ဆရာကြီးခင်ဗျား မြန်မာစာရေးရာတွင် ဝိုက်ချနဲ့မောက်ချ အသုံးကွဲပုံကို ဖတ်ဖူးပါတယ်။ သေသေချာချာပြည့်ပြည့်စုံစုံ သိချင်ပါတယ်။ ရှင်းပြပေးပါရန် ပန်ကြားပါတယ်ခင်ဗျား။

**မောင်တင့်ဆွေ**
**အထက၊ ကျောက်တံတား၊ ရန်ကုန်။**

ဖြေ။ ။ ဝိုက်ချနဲ့ မောက်ချအသုံးကွဲပုံကို ရေးဖူးတယ်ထင်ပါတယ်။

သေသေချာချာ သိချင်တယ်ဆိုလို့ ထပ်ရှင်းပြလိုက်ပါတယ်။ ပထမဆုံးအခေါ်ကွဲပုံကို ပြောချင်ပါတယ်။ ဝိုက်ချရော၊ မောက်ချပါ ရေးချစာလုံးတွေပါပဲ။ ဝိုက်ချဆိုတာက (-ာ)ဒီပုံအတိုင်း ရေးချကို ဝိုက်ဝိုက်ကလေးရေးရလို့ ဝိုက်ချခေါ်တာပါ။ မောက်ချဆိုတာက (-ါ)ဒီပုံအတိုင်းအပေါ်ကို မြင့်မောက်သွားအောင် ဆွဲပြီး ရေးချလို့ မောက်ချခေါ်တာပါ။ ဝိုက်ချနဲ့ မောက်ချခွဲရေးပုံက 'ခ၊ ဂ၊ င၊ ဒ၊ ပ၊ ဝ' ဆိုတဲ့ ဗျည်းခြောက်လုံးနဲ့ တွဲရင် မောက်ချသုံးပြီး ကျန်တဲ့ဗျည်းတွေနဲ့ တွဲရင် ဝိုက်ချသုံးပါတယ်။ ဒီတော့ ဗျည်းခြောက်လုံးနဲ့တွဲရင် 'ခါ၊ ဂါ၊ ငါ၊ ဒါ၊ ပါ၊ ဝါ' လို့ ရေးရတာပေါ့။ ကျန်တဲ့ဗျည်းတွေကိုတော့ 'ကာ၊ စာ၊ ဆာ၊ နာ၊ ဃာ၊ အာ' စသည်ဖြင့် ဝိုက်ချနဲ့ ရေးပါတယ်။ ဗျည်းခြောက်လုံးကို မောက်ချနဲ့ ရေးရတဲ့ အကြောင်းရင်းက ဝိုက်ချနဲ့ရေးရင် တခြားစာလုံးတစ်ခုခုနဲ့ တူနေတော့ မှားမှာစိုးလို့ မရေးတာပါ။ ခကို ဝိုက်ချနဲ့ရေးရင် 'ဆ' နဲ့ မှားနိုင်ပါတယ်။ အဲဒီလိုပဲ ဂကို ဝိုက်ချနဲ့ရေးရင် 'ဂ'၊ ငကို ဝိုက်ချနဲ့ ရေးရင်လည်း 'က'၊ ဒကို ဝိုက်ချနဲ့ရေးရင် 'အ'၊ ပ ကို ဝိုက်ချနဲ့ ရေးရင် 'ဟ'၊ ဝ ကို ဝိုက်ချနဲ့ ရေးရင် 'တ' နဲ့ မှားနိုင်ကြောင်း တွေ့ပါလိမ့်မယ်။ ဒါကြောင့် ဝိုက်ချနဲ့ ရေးတာပါ။

ဒါပေမယ့် အဲဒီဗျည်းခြောက်လုံးကို အပေါ်ကထားတဲ့ စာလုံးဆင့်တွေ (ပါဠိဆင့်လို့ ခေါ်ပါတယ်။) ဖြစ်နေရင်တော့ ဝိုက်ချနဲ့ပဲ ရေးပါတယ်။ ပြီးတော့ အဲဒီဗျည်းခြောက်လုံးမှာ ျ၊ ြ၊ ွ၊ ှ၊ ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုး)တွဲနေရင်လည်း ဝိုက်ချနဲ့ပဲ ရေးပါတယ်။ 'ဥဂ္ဂါ၊ သဒ္ဒါ၊ သိပ္ပါ' ဆိုတဲ့ ပါဠိဆင့်မျိုးတွေမှာ 'ဂ၊ ဒ၊ ပ' တို့ကို မောက်ချနဲ့ မရေးဘဲ ဝိုက်ချနဲ့ရေးနိုင်ပါတယ်။ ပြီးတော့၊ ခြာ၊ ဂျာ၊ ငြာ၊ ငှာ၊ ဒြာ၊ ပွာ၊ ဝှာ' ဆိုတဲ့ စာလုံးတွေမှာလည်း ခ၊ ဂ၊ င၊ ဒ၊ ပ၊ ဝကို ျ၊ ြ၊ ွ၊ ှ တွေတွဲနေတဲ့အတွက် ဝိုက်ချနဲ့ ရေးလို့ရပါတယ်။ အပြန်အလှန်ကြည့်ရင် ဝိုက်ချနဲ့ရေးတဲ့စာလုံးတွေကို မောက်ချနဲ့ ရေးဖို့မလိုပါဘူး။ 'အဓိပ္ပာယ်' ဆိုတဲ့ စာလုံးဆိုပါတော့ ပ နှစ်လုံးဆင့်ထားတဲ့အတွက် 'အဓိပ္ပာယ်' လို့ ဝိုက်ချနဲ့ ရေးလို့ရပါတယ်။ များသောအားဖြင့် 'အဓိပ္ပါယ်' ဆိုပြီး မောက်ချနဲ့ မှားရေးနေကြတယ်။ အဲဒီလိုပဲ 'ဓ' ဟာ ဝိုက်ချနဲ့ရေးရတဲ့စာလုံးပါ။ 'ဓာတု၊ ဓား၊ ဓာတ်' စသည်ဖြင့် ရေးပါတယ်။ များသောအားဖြင့် 'ဓါတု၊ ဓါး၊ ဓါတ်' ဆိုတာမျိုးမှား ရေးနေကြပါတယ်။ 'သဒ္ဒ' ဆိုတဲ့စာလုံးကို ရေးချရင် ဒ နှစ်လုံးဆင့်မို့ ဝိုက်ချနဲ့ 'သဒ္ဒာ' လို့ ရေးလို့ရပါတယ်။ ဒါပေမယ့် 'သဒ္ဒါ' လို့ မောက်ချနဲ့အစဉ်အဆက်ရေးလာကြတာမို့ အဲဒီစာလုံးမျိုးကို ဝိုက်ချနဲ့ ပြောင်းရေးရင် အများလက်ခံဖို့ ခက်မယ်ထင်ပါတယ်။ ဒါတွေက ဝိုက်ချ၊ မောက်ချနဲ့ ပတ်သက်တဲ့ ပြဿနာတွေပါ။ ဒီလောက်ဆိုရင် ရှင်းလောက်ပြီထင်ပါတယ်။

> **'သဒ္ဒ' ဆိုတဲ့စာလုံးကို ရေးချရင် ဒ နှစ်လုံးဆင့်မို့ ဝိုက်ချနဲ့ 'သဒ္ဒာ' လို့ ရေးလို့ရပါတယ်။ ဒါပေမယ့် 'သဒ္ဒါ' လို့ မောက်ချနဲ့အစဉ်အဆက်ရေးလာကြတာမို့ အဲဒီစာလုံးမျိုးကို ဝိုက်ချနဲ့ ပြောင်းရေးရင် အများလက်ခံဖို့ ခက်မယ်ထင်ပါတယ်။ ဒါတွေက ဝိုက်ချ၊ မောက်ချနဲ့ ပတ်သက်တဲ့ ပြဿနာတွေပါ**

မေး။ ။ ဆရာကြီးရှင့် 'အနာဂတ်' နဲ့ 'အနာဂါတ်'၊ 'ဒဏ်' နဲ့ 'ဒါဏ်'၊ ဂြိုလ်နဲ့ ဂြိုဟ် ဘယ်စာလုံးက မှန်ပါသလဲရှင့်။ သမီး သဲသဲကွဲကွဲ မသိလို့ပါရှင့်။

**ခင်စိန်စိန်အေး**
**သတ္တမတန်း**
**ဒဂုံ(မြောက်)**

